# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၄၉)


## မြန်မာ–တရုတ် သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့် အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဇွန် ၈**

၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးချုပ် လီခချန်းတို့သည် လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန် ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်ရောက်ရှိ




**ရန်ကုန် ဇွန် ၇**

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထောက်ပံ့ကူညီသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့နံနက် ၁၁ နာရီတွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။ **(အပေါ်ပုံ)**

ယနေ့ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်


*စာမျက်နှာ ၄ ကော်လံ ၁* ◆


မြန်မာ-တရုတ် သံတမန် ဆက်ဆံရေး ထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံ ချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါး

**ဆက်ဆံရေး နှစ် (၇၀) ခရီးမှသည် ...**


ဆောင်းပါး စာ ၆၊ ၇၊ ၈


**ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်စွာ ထိန်းချုပ်လိုက်တဲ့ ပြင်သစ်**


စာ ၁၄



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နှစ် (၇၀) ပြည့်မှသည် နှစ်ထောင်ပေါင်းများစွာတိုင်

လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၀၀ ကျော်ကာလ မြန်မာနိုင်ငံတွင် ပျူခေတ်ဖြစ်၍ ပျူယဉ်ကျေးမှုထွန်းကားနေပြီး တရုတ်နိုင်ငံတွင်မူ ထန်မင်းဆက်အုပ်စိုးနေသည်။ ပျူနိုင်ငံသည် ယဉ်ကျေးမှုမြင့်မားသော နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့်အိန္ဒိယတို့ ဆက်သွယ်ရာ လမ်းကြောင်းပေါ်၌ တည်ရှိရာ ထန်မြို့တော်ချန်အန်းမှ မြန်မာနိုင်ငံမြောက်ပိုင်းကို ဖြတ်ကာ အာသံနယ်မှတစ်ဆင့် မဇ္ဈိမသို့ ရောက်ကြရသည်။ ထန်ခေတ်မြို့တော်ချန်အန်းသည် မျက်မှောက်ခေတ် ရှန်းဆီပြည်နယ် မြို့တော်ရှီအန်းဖြစ်ပြီး တရုတ်နိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် ရှိသည်။ မြို့၏သက်တမ်းမှာ နှစ်ပေါင်း ၆၀၀၀ မျှ ရှည်ကြာနေပြီဖြစ်ပြီး တရုတ်မင်းဆက် ၁၃ ဆက်တို့၏ မြို့တော်အဖြစ် နှစ်ပေါင်း ၁၂၀၀ ခန့်အထိ သမိုင်းကြောင်းရှိသည်။ ရှေးခေတ် ပိုးလမ်းမကြီး စတင်သည့် အရှေ့ဘက်မှ မြို့ဖြစ်ပြီး တရုတ်နှင့်နိုင်ငံ ရပ်ခြားတိုင်းပြည်များအကြား ကူးသန်းရောင်းဝယ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုတို့ ကူးသန်းဖလှယ်ရာ အချက်အချာမြို့လည်း ဖြစ်သည်။

ထန်မင်းဆက်ခေတ် မြို့တော်ချန်အန်းသို့ ခရစ်နှစ် ၈၀၁-၈၀၂ တွင် ပျူမဟာရာဇာနှင့် ၎င်း၏ညီတော်တို့ ဦးဆောင်သော ချစ်ကြည်ရေးသံတမန်အဖွဲ့နှင့်အတူ ယဉ်ကျေးမှုဂီတအနုပညာအဖွဲ့တစ်ဖွဲ့လည်း လိုက်ပါသွားခဲ့သည်။ ပျူယဉ်ကျေးမှုအဖွဲ့၏ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တူရိယာပစ္စည်း ၂၂ ခုတို့ဖြင့် ငြိမ့်ညောင်းသာယာစွာ သီဆိုတီးမှုတ်ဖျော်ဖြေပုံ၊ ရွှေ ငွေ ကျောက်မျက်ရတနာများ စီခြယ်ထားသည့် ဝတ်စားတန်ဆာများ လှပစွာဝတ်ဆင်ကာ ယဉ်ကျေးသိမ်မွေ့စွာ ကပြဖျော်ဖြေကြပုံတို့ကို တရုတ်ရှေးဟောင်း မှတ်တမ်းများတွင် အသေးစိတ်ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှာ ရေ၊ မြေ၊ တော၊ တောင်များ ဆက်စပ်နေကာ ရှည်လျားသည့် နယ်နိမိတ်မျဉ်းက ထိစပ်နေသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံ အုပ်ချုပ်သူများရော၊ ပြည်သူများပါ အပြန်အလှန်ကူးလူးဆက်ဆံမှု နှစ်ပေါင်းထောင်ချီသည့် သက်တမ်းရှိသည့်အပြင် နှစ်ဖက်ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ခဲ့ကြသည်မှာလည်း နှစ်ပေါင်း ထောင်ချီ၍ ရှိခဲ့ပြီဖြစ်သည်ကို ပျူခေတ် သံတမန်နှင့် ယဉ်ကျေးမှုအဖွဲ့ သွားရောက်ခဲ့သည့် မှတ်တမ်းများက သက်သေပြနေခြင်းပင် ဖြစ်သည်။ ခေတ်သစ်တရုတ်ပြည်ကြီးကို ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီးသည့်နောက် နိုင်ငံရေးစနစ် မတူညီသည့် နိုင်ငံများထဲမှ မြန်မာနိုင်ငံက ပထမဆုံး အသိအမှတ်ပြုခဲ့ပြီး ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ရာ ယနေ့တွင် နှစ် ၇၀ တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။

နှစ်ပေါင်း ၇၀ ကြား သံတမန်ဆက်ဆံရေးနှစ်များ အစောပိုင်းကာလမှာပင် နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာယူစရာတစ်ခုဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို ပူးတွဲကြေညာနိုင်ခဲ့ပြီး နှစ်နိုင်ငံရေးရာကိစ္စများ ပေါ်ပေါက်လာသည့်အခါများတွင် ယင်းအခြေခံမူကြီး (၅) ရပ်ပေါ်တွင် ရပ်တည်၍ ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ နိုင်ငံခေါင်းဆောင်အဆက်ဆက် နှစ်နိုင်ငံ အစိုးရများနှင့် ပြည်သူများအကြား ဆက်ဆံရေးမှာ အဆက်မပြတ်တိုးတက်ခဲ့သလို ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၊ တစ်နိုင်ငံ၏ အဓိကအကျိုးစီးပွားများတွင် တစ်နိုင်ငံက အပြန်အလှန် ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့်မြောက်သည့် ယခုနှစ် နှစ်ဦးပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်သည် ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ရာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသည် နှစ်ဖက်ခေါင်းဆောင်ကြီးများ အတူတကွကျင်းပမှုဖြင့် ထူးခြားလေးနက်သည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့သလို နှစ်နိုင်ငံဆက်ဆံရေးသည်လည်း အနာဂတ်ကာလသို့ နှစ်ထောင်ပေါင်းများစွာ ဆက်လက်တည်တံ့ခိုင်မြဲစေရန် အားသစ်လောင်းခဲ့ခြင်းဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်
Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်
Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရိုးမဘဏ်
Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်
Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊
ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရေနံချောင်းမြို့နယ် သစ်တောဦးစီးဌာနက စူးထိုးမြေချ စိုက်ပျိုးနည်းဖြင့် သစ်စေ့မြေလုံး ၁၈၉၀၀ စိုက်ပျိုးထား

**ရေနံချောင်း ဇွန် ၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သစ်တောဦးစီးဌာနက သဘာဝသစ်ပင်ပေါက်ရောက်မှုနည်းပါးသည့် နေရာများတွင် သစ်စေ့မြေလုံးများကို စူးထိုးမြေချ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ သစ်ပင်ပေါက်ရောက်မှုနည်းပါးသည့် ဝက်မစွတ်ကြိုးပြင်ကာကွယ်တောတွင် သစ်စေ့မြေလုံး ၁၈၉၀၀ ကို စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါသစ်စေ့မြေလုံး စူးထိုးမြေချစိုက်ပျိုးနည်းဖြင့် တမာပင်၊ ဘောစကိုင်းပင်၊ ရှားပင် စသည့် သစ်စေ့မြေလုံး ၁၈၉၀၀ ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်နှင့် ဦးသိန်းလှ၊ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ၊ ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝက်မစွတ်ကြိုပြင်ကာကွယ်တောအတွင်း ဇွန် ၁ ရက်က စိုက်ပျိုးကြောင်း သိရသည်။

"ဒီသစ်စေ့မြေလုံး စူးထိုးမြေချစိုက်ပျိုးနည်းနဲ့ သစ်ပင်ပေါက်ရောက်မှုနည်းပါးတဲ့နေရာတွေကို အပူချိန်လျှော့ချတဲ့အနေနဲ့ အဓိကစိုက်ပျိုးတာပါ။ ကြိုတင်စိုက်ပျိုးတဲ့အနေနဲ့ပေါ့။ မိုးရွာတဲ့ခါ အဆင်သင့်ပေါက်နိုင်အောင်လို့ပါ။ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၂/၆ အနီးမှာလည်း သစ်စေ့မြေလုံး ၂၀၀ စိုက်ပျိုးသွားဖို့ ရှိပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှ ဦးလှမြင့်က ပြောသည်။

**ကိုစိုးကြီး**

# ပြည်သူသာလျှင် အဓိက

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော LNG to Power စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့ LNG သင်္ဘောရောက်ရှိလာမှု၊ အဆိုပါစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၇

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော LNG to Power စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့ LNG သင်္ဘောရောက်ရှိလာမှု၊ အဆိုပါ စီမံကိန်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်မှုနှင့်စပ်လျဉ်း သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော LNG to Power စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့ LNG သင်္ဘောရောက်ရှိလာမှု၊ အဆိုပါစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ကန့်သတ်ချက်များအတိုင်းလိုက်နာ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူလူထုကို လျှပ်စစ်ဓာတ်အား ပြည့်ဝစွာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာမှ ယခုနှစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေး စက်ရုံစီမံကိန်းများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ခဲ့ပြီး မကြာမီ ယခု LNG to Power သာကေတ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းမှလည်း လျှပ်စစ်ဓာတ်အားများ ထွက်ရှိတော့မည် ဖြစ်ကြောင်း၊ ဆက်လက်၍ သန်လျင် LNG to Power စီမံကိန်းကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီ ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ထိန်းချုပ်နေသောကာလ ဖြစ်သည့်အလျောက် ကန့်သတ်ချက်များအတိုင်း လိုက်နာပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ပြီး ကျန်ရှိနေသည့် စီမံကိန်းများကိုလည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက LNG သယ်ဆောင်လာသောသင်္ဘော ဆိုက်ကပ်မည့် ယာယီဆိပ်ခံ(Temporary Jetty)အဖြစ် အသုံးပြုမည့် Mobile Filling Platform (MFP) တည်ဆောက်ခြင်းနှင့် LNG သိုလှောင်သင်္ဘော ဆိုက်ကပ်နိုင်ရေးတို့အတွက် လုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှ ဓာတ်အားထုတ်လုပ်မည့်အခြေအနေ၊ အဆိုပါ MFP နှင့် LNG သိုလှောင်သင်္ဘောအား ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ရေးအတွက် လိုအပ်သောခွင့်ပြုမိန့်များ၊ ကူညီပံ့ပိုးမှုများကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ဆွေးနွေး

ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက LNG to Power စီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ချိန်တွင် ရေအားလျှပ်စစ်စီမံကိန်း အပါအဝင် အခြားထုတ်လုပ်မှုများနှင့် ပေါင်းစပ်၍ နိုင်ငံတော်ဓာတ်အားစနစ်အား ထိန်းညှိဆောင်ရွက်မည့် အစီအစဉ်ကို ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုရောက်ရှိလာသည့် LNG သိုလှောင်သင်္ဘောမှ LNG ကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စီမံကိန်းဖြစ်သည့်အတွက် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းရေးကို အထူးဂရုပြု၍ အမြန်ဆုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကန့်သတ်နေသည့် ကာလ ဖြစ်သည့်အတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသူများ အနေဖြင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်းနှင့် နည်းပညာသစ်များကိုလည်း ဌာနမှ အင်ဂျင်နီယာများအနေဖြင့် လေ့လာဆည်းပူးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ယခုနှစ် နွေရာသီတွင် တိုးတက်သုံးစွဲလာသော ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Liquefied Natural Gas to Power စီမံကိန်းများအပါအဝင် လျှပ်စစ်ဓာတ်အားစုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် စီမံကိန်းသစ် ၇ ခုကို ရန်ကုန်တိုင်းဒေသကြီး အလုံ၊ သန်လျင်၊ သာကေတတို့တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးနှင့် ကျွန်းချောင်းတို့တွင် လည်းကောင်း။

### တပ်ဆင်ပြီးစီးခဲ့

ပဲခူးတိုင်းဒေသကြီး ရွှေတောင်နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတို့တွင်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်း ခုနစ်ခုအနက် မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေး စက်ရုံ၊ အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေး စက်ရုံတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်း များမှလည်း လျှပ်စစ်ဓာတ်အား များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ LNG to Power စီမံကိန်းများအတွက် LNG သယ်ဆောင်လာသော သင်္ဘော ဆိုက်ကပ်မည့် ယာယီဆိပ်ခံ(Temporary Jetty) အဖြစ် အသုံးပြုမည့် Mobile Filling Platform (MFP) ကို စင်ကာပူနိုင်ငံတွင် တည်ဆောက်၍ မေ ၂ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သီလဝါ LNG ဆိပ်ကမ်း၌ ကိုဗစ်-၁၉ ကန့်သတ်မှုများအရ လိုက်နာဆောင်ရွက်ရသဖြင့် ဇွန် ၂ ရက်၌ တပ်ဆင်ပြီးစီးခဲ့သည်။

MFP တွင် ဆိုက်ကပ်မည့် LNG သိုလှောင်ရေးသင်္ဘော (MV-CNTIC VPOWER GLOBAL) သည် အလျား ၁၇၆ ဒသမ ၈ မီတာ၊ ရေစူး ၈ မီတာ နှင့် စုစုပေါင်းတန်ချိန် ၃၆၀၀၀ ခန့် ရှိကာ ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ကို ၁၄ ရက်ကြာ ဓာတ်အားထုတ်လုပ်နိုင်သော LNG ပမာဏကို သိုလှောင်နိုင်၍ Small LNG Tanker များဖြင့် လိုအပ်သော LNG ကို ဖြည့်တင်းမည် ဖြစ်သည်။

### ဇွန် ၆ ရက်တွင်ဆိုက်ကပ်နိုင်ခဲ့

အဆိုပါသင်္ဘောသည် မလေးရှားနိုင်ငံမှ ဧပြီ ၂၈ ရက်က ထွက်ခွာခဲ့ပြီး မေ ၆ ရက်၌ ရန်ကုန်မြစ်ဝသို့ ရောက်ရှိကာ ကျောက်ချရပ်နား၍ MFP လုပ်ငန်းများ ပြီးစီးသည့်နောက် ဇွန် ၆ ရက်တွင် ဆိုက်ကပ်နိုင်ခဲ့သည်။ MFP တည်ဆောက်ခြင်းနှင့် LNG သိုလှောင်ရေးသင်္ဘော ဆိုက်ကပ်နိုင်ရေးသည် မြန်မာနိုင်ငံအတွက် ပထမဆုံး အတွေ့အကြုံဖြစ်သည့် အတွက် စီမံကိန်းဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ Consortium of CNTIC and Vpower ကုမ္ပဏီတို့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့ အကြား အသေးစိတ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့သည်။

### ချိတ်ဆက်ပို့လွှတ်

Liquefied Natural Gas (LNG) ဖြင့် ပထမဆုံးအကြိမ် ဓာတ်အား ထုတ်လုပ်မည့် သာကေတ ၄၀၀ မဂ္ဂါဝပ်နှင့် သန်လျင် ၃၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းများမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ မကြာမီ ကာလတွင် ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြ လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြ လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၇

**ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသလို ပြည်သူများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ဌာနဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏အခက်အခဲကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ရန် လမ်းဂိတ် ၂၄ ဂိတ်နှင့် တံတား ၆၂ စင်းတို့မှ လမ်း၊ တံတား အသုံးပြုခ ကောက်ခံမှုတို့ကို ဇွန်လမှ စတင်ပြီး နိုဝင်ဘာလအထိ ခြောက်လကို ၅၀ ရာခိုင်နှုန်း ဖြေလျှော့ပေးသွားမည့်အခြေအနေတို့ကို အများပြည်သူသိရှိရန် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် တိုက်ရိုက်ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်က ရန်ကုန် - ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီး အပိုင်း) လုပ်ငန်းတိုးတက်မှု၊ အဆိုပါ လမ်း မိုင်တိုင်အမှတ် (၂၇/၄ နှင့် ၃၄/၄) ကြားရှိ ရေနှင့်ထိစပ်သော နေရာများကို Slope Protection လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာ ချေးငွေအထောက်အပံ့ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ ၊ သိုင်းချောင်း (ရေနံ့သာ)-ငွလမ်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု တံတားများ၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

### လေးလမ်းမောင်းတံတား

ထို့နောက် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်စွာထွန်းက ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ် (၁၇/၄)နှင့် (၄၂/၄)တို့ရှိ နှစ်လမ်းမောင်း တံတားများကို လေးလမ်းမောင်း တံတားများအဖြစ် တိုးချဲ့တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### စော်ကဲတံတား

ယင်းနောက် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော လမ်းအမှတ်(၁၀) ဘိုကလေး- မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ -မြောင်းမြ လမ်းပေါ်ရှိ စော်ကဲတံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ အဆိုပါ လမ်းပေါ်ရှိ ကျွန်းပြဿဒ်တံတား တည်ဆောက်နေမှုတို့ကိုလည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သော တံတားများ၏ လုပ်ငန်းပြီးစီးမှုကို လည်းကောင်း၊ ပန်းတနော်- ရွှေလောင်း - ဝါးခယ်မ -ကျုံမငေး လမ်းပေါ်ရှိ ယခင်ကြံ့ခိုင်မှု အားနည်းသော ရွှေလောင်းကြိုး တံတားအား Steel Box Girder ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို လည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ဝါးခယ်မ တံတား၏ ပင်မကြိုးတံတား အပိုင်းကို ဖြုတ်သိမ်း၍ HS – 25 Load Class Steel Box Girder တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နေမှုကိုလည်းကောင်း၊ ဧရုတ်ကောင်း - ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ - မကျီးဇင်- ငွ လမ်းပေါ်ရှိ မကျီးဇင်တံတား တည်ဆောက်နေမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆) မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလယ်သံပေါင်ခုံး နောက်ဆုံးအခန်းတပ်ဆင်ပြီးစီးမှု၊ Cable Hangerများ တပ်ဆင်ပြီးစီး၍ တင်းအားပေးနေမှု၊ တံတားပေါ်တွင် Decking Slab များ ခင်းနေမှုနှင့် Jiont ကွန်ကရစ်များ သွန်းလောင်းနေမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလင်းထိုက်က ရှေ့ပြေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော သာပေါင်းမြို့နယ်၊ ကြက်သွန်ကွင်း - သဲဖြူ - မကျီးဇင်လမ်း (၆၇ ဒသမ ၅၈) ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဟင်္သာတမြို့နယ် ပဆင- တာကွ- ဘုရားကုန်း - ဓမ္မီလမ်း ၃ ကီလိုမီတာ ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြောင်းမြမြို့နယ် မြောင်းမြ- ကုန်းသာ- မြစိမ်းရောင်လမ်း ၄ ဒသမ ၁၂ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ အိမ်မဲမြို့နယ် ကြို့ကုန်း- ကွင်းကလေး လမ်း ၂ ဒသမ ၈၂ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဓနုဖြူမြို့နယ် စံကင်း- ကလော့သော့ လမ်း ၄ ဒသမ ၈၃ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် လပွတ္တာမြို့နယ် မင်းကုန်း- ကြာကန်လမ်း ၂ ဒသမ ၈၂ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း။

### ရှင်းလင်းတင်ပြ

မအူပင်မြို့နယ် မင်းဘောကျေးရွာ အဝင်လမ်း ၁ ဒသမ ၆၀၉ ကီလိုမီတာ ကွန်ကရစ် ခင်းခြင်းလုပ်ငန်း၊ ဇလွန်မြို့နယ်၊ ပဆင - ဓနုဘေး - သက္ကယ်ကျွန်းလမ်း ၀ ဒသမ ၈၇၅ ကီလိုမီတာ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေမင်းထက်က ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဆောင်ရွက်လျက်ရှိသော အိမ်ရာ စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၅)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အဦစီမံကိန်း လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ပြီးစီးမှုကို တွေ့မြင်ရပါကြောင်း၊ ယခင် ကြံ့ခိုင်မှု အားနည်းသော ကြိုးတံတားများကို နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီး မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် ခေတ်မီနည်းပညာကို အသုံးပြု၍ တံတားများ အဆင့်မြှင့်တင်နေသည်ကိုလည်း ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ပြည်သူများအပေါ်ထားရှိသည့် စေတနာဖြင့် ပုသိမ်မြို့နှင့် ငဝန်မြစ်အနောက်ဘက် စိန်ကုန်းလူနေရပ်ကွက်တို့ကို တိုက်ရိုက်ဆက်သွယ်သည့် ပုသိမ်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ မကြာမီ ပြီးစီးမည်ဖြစ်သည့်အတွက် ကျေနပ်မိပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခင်က ရေလမ်းခရီးကိုသာ အားထားသွားလာခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများအနေဖြင့် ကွန်ရက်သဖွယ် ဖောက်လုပ်ထားသော လမ်း၊ တံတားများကို အသုံးပြုပြီး လိုရာခရီးကို အချိန်တိုအတွင်း အလွယ်တကူ သွားရောက်နိုင်မည် ဖြစ်ပါကြောင်း၊ ဆက်လက်၍ လမ်း၊ တံတားများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

ရိက္ခာအစီအစဉ် (WFP) ၏ ဒုတိယဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က “ဒီနေ့ခရီးစဉ်ကတော့ WFP ရဲ့ ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ် ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာတော့ WHO ရဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ဓာတ်စမ်းပစ္စည်း(Reagents)တွေ အပါအဝင် ဓာတ်ခွဲခန်းသုံးပစ္စည်းတွေနဲ့ ဆေးပစ္စည်းတွေကို သယ်ဆောင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးမှာ ကူညီပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ WHO အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ လွှဲပြောင်းလှူဒါန်းသွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

အထူးလေယာဉ်ဖြင့်ရောက်ရှိလာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထောက်ပံ့ကူညီသည့် ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ တစ်သောင်းခန့်တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့်အတူ ဆေးဝါးနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်မှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယင်းအစီအစဉ်အရ မေ ၁၀၊ ၁၇၊ ၂၄ ရက်တို့တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော ထောက်ပံ့ရေး အထူးလေယာဉ်များ ဆိုက်ရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်များအရ မေ ၁၀ ရက်တွင် ပထမဆုံးအကြိမ် ခရီးစဉ်အဖြစ် Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မေ ၁၇ ရက်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကဝယ်ယူထားသော တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း သယ်ယူပို့ဆောင်နိုင်ခဲ့ပြီး ယင်းလေကြောင်းခရီးစဉ် ပျံသန်းမှုသုံးကြိမ်၏ ကုန်ကျစရိတ်ကို ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ပျံသန်းပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ထို့အတူ WFP အနေဖြင့် မေ ၃၁ ရက် စတုတ္ထအကြိမ်မြောက် ခရီးစဉ်မှစတင်ကာ WFP ၏ ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု အစီအစဉ်ဖြင့် ပြောင်းလဲပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းခရီးစဉ်တွင် WHO က ထောက်ပံ့ကူညီသည့် အမေရိကန်ဒေါ်လာ ၁၆၆၈၆ တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို သယ်ဆောင်နိုင်ခဲ့သည်။

WFP ၏အဆိုပါ အစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေးဗဟိုဌာန (Logistics Hubs) များနှင့် ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများဆီ ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ရင်ထိုးတံဆိပ်များ စတင်ပေးအပ်

**နေပြည်တော် ဇွန် ၇**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ စတင်ပေးအပ်ခြင်း၊ တစ်ကိုယ်ရေ လုံခြုံရေးအကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Quarantine Center)များတွင်ရှိသော ကိုယ်ဝန်ဆောင်များ၊ အသက် (၅)နှစ်အောက် ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သွားရောက်ဆောင်ရွက်ကြသည်။



### လိုက်ပါဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာသို့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၁)၌ Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့်နေရာသို့ ရောက်ရှိခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အသွားအလာကန့်သတ်ထားရှိသူများအား ကူညီဆောင်ရွက်ပေးနေကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းလွှာများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်တို့ထံသို့ ပေးအပ်သည်။ **(ယာအပေါ်ပုံ)**

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုပါ အသွားအလာကန့်သတ်ခြင်းနေရာတွင်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦး၊ အသက်(၅)နှစ်အောက်ကလေး ၁၄ ဦး၊ အသက်(၆၀)အထက် သက်ကြီးရွယ်အို ခုနစ်ဦးနှင့် မသန်စွမ်းသူ သုံးဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ထောက်ပံ့သည့် စုစုပေါင်း ငွေကျပ် ၁၀၈၀၀၀၀/- (ကျပ်ဆယ်သိန်းရှစ်သောင်းတိတိ)ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စခန်းတာဝန်ခံတစ်ဦးထံသို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့်အဖွဲ့သည် နေပြည်တော် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်ခြင်းနေရာ (Quarantine Center) သို့ ရောက်ရှိကြပြီး ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံနှင့် စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တို့ထံသို့ ပေးအပ်သည်။

### တာဝန်ရှိသူတစ်ဦးထံ ပေးအပ်

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုပါ အသွားအလာကန့်သတ်ခြင်းနေရာတွင်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၃၂ ဦး၊ အသက်(၅)နှစ်အောက်ကလေး ၂၃ ဦးနှင့် အသက်(၆၀) အထက် သက်ကြီးရွယ်အို လေးဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ထောက်ပံ့သည့် စုစုပေါင်းငွေကျပ် ၁၇၇၀၀၀၀ (ကျပ်တစ်ဆယ့် ခုနစ်သိန်း ခုနစ်သောင်းတိတိ)ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်သည်။

### ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည်

ယနေ့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က စေတနာ့ဝန်ထမ်း ၃၃၄ ဦးနှင့် ပရဟိတအဖွဲ့ ၃၄ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများကို နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်သည်။ ဆက်လက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများ၏စိစစ်မှုဖြင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မြင်ချင်အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းစီမံကိန်း ကြည့်ရှုစစ်ဆေး

**ရွှေဘို ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်တို့နှင့်အတူ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီက ရွှေဘိုမြို့နယ် မြင်ချင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေး စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် မြင်ချင်အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်း စီမံကိန်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် AIIP Project Director ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဖြိုးမြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ် မြင်ချင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၊ သီးလုံးကျေးရွာ တောင်သူများအတွက် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေး စီမံကိန်းအဖြစ် အဆင့်မြင့်လယ်ယာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ မြင်ချင်အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်း စီမံကိန်းကို JICA(ODA Loan)မှထောက်ပံ့ပေးလျက်ရှိပြီး တောင်သူ ၈၁ ဦး၏ လယ်ယာမြေဧရိယာ စုစုပေါင်း ၂၉၁ ဒသမ ၁၉ ဧကကို အဆင့်မြင့်လယ်ယာမြေအဖြစ် ဖော်ဆောင်ပေးလျက်ရှိကာ လုပ်ငန်းပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်းကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ရုပ်ရှင်စက်မှုအဖွဲ့သားများကို ကိုဗစ်ကာလ အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ရန်ကုန် ဇွန် ၇**

ကိုဗစ်-၁၉ ရောဂါကာလ ထိန်းချုပ်နေသည့် ကာလအတွင်း လုပ်ငန်းများ ရပ်တန့်နေချိန်တွင် မြန်မာ့ရုပ်ရှင်လောက၏ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ရုပ်ရှင်စက်မှုအဖွဲ့သား ၅၀၀ ခန့်အား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

"အခုလို ကိုဗစ်ကာလလည်းဖြစ်ပြီး ရုပ်ရှင်ရိုက်ကူးရေးတွေ ရပ်ထားရတဲ့ အချိန်ကာလတွေမှာ ရုပ်ရှင်လောကက စက်မှုရိုက်ကူးရေးအဖွဲ့တွေဟာ ရှားပါးကြပါတယ်။ ရုပ်ရှင်ကနေ ထောက်ပံ့တဲ့အကြိမ်တွေမှာလည်း စက်မှုလုပ်သားအဖွဲ့တွေက ပါတာနည်းပါတယ်။ ရုပ်ရှင်စက်မှုအဖွဲ့တွေမှာ နေ့စားလုပ်နေကြတဲ့ သူတွေက ဦးရေ ရာနဲ့ချီရှိတယ်။ ဒီလူတွေအတွက်ကို အဓိကရည်ရွယ်ပြီး အခြေခံစားသောက်ကုန်တွေ ထောက်ပံ့ပေးတာပါ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးစိန်အုန်းက ပြောသည်။

ထိုနေ့တွင် မြန်မာ့ရုပ်ရှင်လောကရှိ စက်မှုအဖွဲ့မှ မီးထိုး၊ မှန်ထိုး၊ ထော်လီတွန်း၊ ထိုင်ခုံမ၊ ပစ္စည်းသယ်၊ ဂယ်ဖာစသော ရုပ်ရှင်အစည်းအရုံးအသိအမှတ်ပြု နေ့စားလုပ်သား ၅၀၀ ခန့်အား သုံးပေအကွာဖြင့် တစ်ဦးချင်းအလိုက် တန်းစီကာ ဆန်လေးပြည်၊ ဆီ ၅၀ သား၊ ကြက်ဥ ၁၀ လုံး၊ အာလူးတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ စသောအခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ ထိုနေ့ထောက်ပံ့မှုအတွက် သုံးရောင်ခြယ်ပြည်သူ့အကျိုးပြု လူမှုကွန်ရက်နှင့်အတူ မင်္ဂလာရုပ်ရှင်၊ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေး၊ City FM ၊ ရွှေနေခြည်ကုမ္ပဏီနှင့် အောင်သရဖူ /အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Mandalay Film Production တို့မှ ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- အေကေလင်း**



ဤ မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါးတွင်ပါရှိသည့် ဖော်ပြချက်များသည် စာရေးသူ၏ အတွေ့အကြုံများနှင့် လေ့လာမှတ်သားထားသည့် အချက်များအပေါ် မူတည်ရေးသားထားသော စာရေးသူ၏ အာဘော်နှင့် ယူဆချက်များသာဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ - တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါး

# ဆက်ဆံရေး နှစ် (၇၀) ခရီးမှသည် ...

## တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ

*ယမန်နေ့မှအဆက်*

တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအတွေ့အကြုံများ၊ ပြည်တွင်းအခြေအနေများ၊ ပြည်သူတို့၏လိုအင်ဆန္ဒများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုရှိသည့် နိုင်ငံရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ဆောင်ရွက်ချက်များ၊ တည်ငြိမ်ရေးတို့အတွက် ကြိုးပမ်းလျှောက်လှမ်း အကောင်အထည်ဖော်နေခြင်းများအပေါ် ခိုင်မာစွာထောက်ခံကာ ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းခဲ့ပါသည်။ ဆက်ဆံရေးနှစ် (၇၀) ကာလအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းလဲခဲ့စေကာမူ အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားခဲ့ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းတွင် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့ခြင်းအပေါ်တွင်လည်း မြန်မာနိုင်ငံဘက်မှ ပြတ်သားစွာ ရပ်တည်ပေးခဲ့ပါသည်။ ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံ ရရှိရမည့် တရားဝင်ရပိုင်ခွင့်နှင့် အခွင့်အရေးအတွက် အတူလက်တွဲခဲ့ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် အပြုသဘောဆောင်သည့် အကူအညီများစွာ ပေးအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ ကြိုးပမ်းမှုများကို အိမ်နီးချင်းကောင်းပီသစွာဖြင့် နားလည်မှုရှိစွာ အပြုသဘော ရပ်တည်ပေးလျက်ရှိပါသည်။



၁၇- ၁- ၂၀၂၀ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။



၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်ဇီမင်း အမှတ်တရ သစ်ပင်စိုက်ပျိုးစဉ်။

**“တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်လာစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင်လည်း နားလည်မှုရှိကာ ကူညီပေးလျက်ရှိ”**

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်လာစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင်လည်း နားလည်မှုရှိကာ ကူညီပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများ တိုးတက်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းမှုများကို တရုတ်အစိုးရနှင့် ပြည်သူများက ကူညီထောက်ပံ့မှုများစွာ ပေးခဲ့ကြပါသည်။ သမ္မတမစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအား တရုတ်ယွမ်မင်ဘီ (၄) ဘီလီယံ အကူအညီပေးအပ်ခဲ့ပါသည်။ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ပြည်သူချင်းဆက်ဆံရေးကဏ္ဍများအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီများ ပေးလျက်ရှိပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက မှန်ကန်စွာနှင့် ခိုင်မာစွာ ရပ်တည်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကိုလည်း ထောက်ခံအားပေးလျက်ရှိပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင်လည်း အိမ်နီးချင်းကောင်းနိုင်ငံအနေဖြင့် နီးကပ်စွာ ရပ်တည်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းလဲခဲ့စေကာမူ အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို နှစ်နိုင်ငံအစိုးရ အဆက်ဆက်နှင့် ပြည်သူများက ထိန်းသိမ်းနိုင်ခဲ့ကြကာ တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ကျင့်သုံးသည့် နိုင်ငံရေးနှင့် လူမှုရေးစနစ်များ မတူညီသော်လည်း ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာဖြင့် ဆက်ဆံရေးထူထောင်နိုင်ခြင်းတွင် ကမ္ဘာ့စံနမူနာပြ အိမ်နီးချင်းဆက်ဆံရေးအဖြစ် တည်ရှိနေပါသည်။

### ကျွန်တော်ပါဝင်ခဲ့သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများ

မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အရေးကြီးသည့် မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက်တွင် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရန်၊ ပြည်သူများ၏နေ့စဉ်ဘဝများ သာယာဝပြောစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက်ရည်ရွယ်၍ မြန်မာနှင့်တရုတ်နှစ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများအကြား (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲ ယန္တရားထူထောင်သွားရေးအတွက် တရုတ်နိုင်ငံဘက်မှ စတင်အဆိုပြုခဲ့ပါသည်။ ထို့နောက် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများကို နှစ်နိုင်ငံတွင် အလှည့်ကျကျင်းပသွားရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လ တရုတ်နိုင်ငံခရီးစဉ်အတွင်း သဘောတူခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများ စတင်ကျင်းပရေးအတွက် ကနဦးပြုလုပ်သည့် နှစ်ဖက် Working Level အဆင့်မြင့်ဆွေးနွေးညှိနှိုင်းကတည်းကပင် ထဲထဲဝင်ဝင်ပါဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ်မှသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲအထိ ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ခေါင်းဆောင်များအဖြစ် ဦးဆောင်ကာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများမှ ဒုတိယဗိုလ်ချုပ်ကြီးများက ဒုတိယခေါင်းဆောင်များအဖြစ်နှင့် သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များ ပါဝင်ကြပါသည်။

အစည်းအဝေးများသည် အဆင့်မြင့်ဆွေးနွေးပွဲများဖြစ်သည့်အလျောက် နှစ်နိုင်ငံနယ်စပ်ဒေသစီမံခန့်ခွဲမှုများကို အသေးစိတ်ဆွေးနွေးခြင်းမပြုဘဲ မူဝါဒပိုင်းဆိုင်ရာကိုသာ အဓိကထား ဆွေးနွေးခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ရရှိထားပြီးဖြစ်သည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအား အခြေပြု၍ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် ထိုမှုဘောင်အောက်ရှိ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ စီမံကိန်းလုပ်ငန်းကြီးများ

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ဆွေးနွေးခဲ့ပြီး မပါမဖြစ်ဆွေးနွေးရမည့် နယ်စပ်ဒေသစီမံခန့်ခွဲမှု ကိစ္စရပ်အချို့ကိုလည်း ထိတွေ့ဆွေးနွေးခဲ့ပါသည်။

(၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်း ပီသမှုအပေါ် အခြေခံကာ အပြန်အလှန်နားလည်မှုအပြည့်ဖြင့် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ပါသည်။ (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ အပြုသဘော ကူညီဆောင်ရွက်ပေးလိုသည့် စိတ်ကောင်းစေတနာနှင့် အိမ်နီးချင်းကောင်းပီသစွာ ပါဝင်လျက်ရှိကြောင်းပြသသည့် ထိရောက်သောဆက်ဆံရေး ယန္တရားတစ်ခုဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**နှစ်နိုင်ငံဆက်ဆံရေးမှသည် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မျက်နှာစာသို့**

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အပြန်အလှန် အလေးထား အသိအမှတ်ပြုမှု၊ တန်းတူညီတူရှိမှုနှင့် ချစ်ကြည်မှုတို့အပေါ်အခြေပြု၍ ၁၉၅၅ ခုနှစ်တွင် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာရှ-အာဖရိက ညီလာခံတွင် ဘက်မလိုက် အခြေခံမူကြီးများကို အတူတကွ အဆိုပြုချမှတ်နိုင်ခဲ့ပြီး ယနေ့ထက်တိုင် ဘက်မလိုက်လှုပ်ရှားမှုညီလာခံများ အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအသင်းကြီးသို့ ဝင်ရောက်ခဲ့ပြီးနောက် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများနှင့်အတူ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ခဲ့ပါသည်။ အာဆီယံနှင့်ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံ+၃နှင့် အာဆီယံ+၁ အစည်းအဝေးများနှင့် အခြားဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်အတူ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးတို့အတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် နှစ်စဉ်ကျင်းပသော အရှေ့အာရှထိပ်သီးအစည်းအဝေးတွင်လည်း တရုတ်နိုင်ငံ၊ အာဆီယံနိုင်ငံများနှင့်အတူ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ အမေရိကန်၊ ရုရှား စသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် ဒေသတွင်းလုံခြုံရေး၊ ဖွံ့ဖြိုးရေးများအတွက် ဆွေးနွေးမှုများတွင် ပါဝင်လျက်ရှိနေပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်မှ စတင်၍ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်အတူ မဲခေါင် - လန်ချန်းဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခဲ့ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေး မဏ္ဍိုင်များတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။

မြန်မာနိုင်ငံသည် ဟိုင်နန်ကျွန်း ဘိုအောင်းမြို့တွင် ဘိုအောင်းအာရှဆိုင်ရာဖိုရမ်အား ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းစဉ်မှပါဝင်ခဲ့ပြီး နှစ်စဉ်ဖိုရမ်အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခဲ့ရာ မြန်မာအကြီးအကဲများ ဦးဆောင်တက်ရောက်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ ထို့အပြင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တွင် ကျင်းပပြုလုပ်သည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့လည်း နိုင်ငံတော်အကြီးအကဲများ ဦးဆောင်၍ နှစ်စဉ်တက်ရောက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာ့ကုလသမဂ္ဂ မျက်နှာစာများတွင် အပြန်အလှန် ရပ်တည်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



၂၅-၄-၂၀၁၉ ရက်မှ ၂၇-၄-၂၀၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်စဉ်။




၂၅-၄-၂၀၁၉ ရက်မှ ၂၇-၄-၂၀၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် High-Level Meeting (Session-1) သို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။

**ခေါင်းဆောင်တွေ ပုံဖော်ပြောကြားတဲ့ ပြည်သူအချင်းချင်း ဆက်ဆံရေး**

နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးခင်မင်စွာ ကူးလူးဆက်ဆံခဲ့ကြသည်မှာ ရှေးပဝေသဏီကပင်ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ခေတ်အဆက်ဆက်တွင် ပြည်သူများ လက်ဆင့်ကမ်း ဆောင်ကြဉ်းလာခဲ့ကြသော ပြည်သူချင်း ခင်မင်ကျွမ်းဝင်မှုများမှာ နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကမောင်းနှင်အားများ ဖြစ်ကြပါသည်။

သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ၁၇-၀၁-၂၀၂၀ ရက်နေ့ ညပိုင်းတွင် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးနှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ - တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်စတင်ခြင်း အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် နှစ်နိုင်ငံပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ၏ အရေးကြီးပုံ၊ ပြည်သူတို့၏ သဘောဆန္ဒများ အဓိကကျပုံနှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ပဓာနကျပုံများကို ခေါင်းဆောင်များက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန- ၂ မှာ တရုတ်အစိုးရ၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ၂၀၀၉ ခုနှစ်က သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှ တရုတ်ဒုတိယသမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်က တရားဝင်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း အလျဉ်းသင့်၍ ဖော်ပြအပ်ပါသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုသည် နိုင်ငံများအကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ထွန်းကားရှင်သန်ရေးအတွက် အခြေခံကျသည့် အချက်တစ်ချက်ဖြစ်သည်ကို မိမိ အမြဲတမ်းပြောကြားလေ့ရှိပါကြောင်း၊ ပြည်သူများ၏ ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုရရှိပြီး နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်ခိုင်မာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူအချင်းချင်း နားလည်မှုရှိခြင်း၊ ချစ်ကြည်ရင်းနှီးမှုရှိခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေသည့်အတွက် ပြည်သူချင်းဆက်ဆံရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ရန် လိုအပ်ကြောင်းဖြင့် ပြည်သူချင်းဆက်ဆံရေးအရေးပါမှုကို အခမ်းအနားတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အလားတူပင် သမ္မတ မစ္စတာရှီကျင့်ဖျင်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ တရုတ် - မြန်မာ ယဉ်ကျေးမှုတွင် ရေးရေစက်ကို ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံသည် ပထဝီတည်နေရာချင်း နီးကပ်ပြီး ပြည်သူချင်းချစ်ခင်ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ဆက်နွယ်နေပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲလျက်ရှိပါကြောင်း စသည်ဖြင့် နှစ်နိုင်ငံပြည်သူများ၏ အခန်းကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများနက်ရှိုင်းကြောင်း ပြန်လည်ညွှန်းဆိုခဲ့ပါသည်။

ထို့အပြင် နှစ်နိုင်ငံသည် ပထဝီတည်နေရာချင်း နီးကပ်ပြီး ပြည်သူချင်း ချစ်ခင်ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ဆက်နွယ်နေပါကြောင်း၊ နှစ်နိုင်ငံအကြား အေးအတူ ပူအမျှ အသိုက်အဝန်း အတူတကွ တည်ဆောက်ရန် သဘောတူညီချက်သည် နှစ်နိုင်ငံပြည်သူများ၏ အခက်အခဲကို အတူတကွရင်ဆိုင်ကြသည့် အပြန်အလှန် အကူအညီပေးအပ်ကြသော ညီအစ်ကိုမောင်နှမသံယောဇဉ်ကို သက်ဝင်လှုပ်ရှားစွာ ထင်ဟပ်စေပြီး နှစ်ဦးနှစ်ဖက် ဆက်ဆံရေး၏ အနာဂတ်လမ်းပြ မြေပုံသစ်ကို ဘက်စုံရေးဆွဲနေပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ဆန္ဒ အရေးကြီးကြောင်းကို စဉ်ဆက်မပြတ် ခိုင်ခံ့လာအောင် ဆောင်ရွက်ကာ တရုတ် - မြန်မာ ဆက်ဆံရေးကို သားစဉ်မြေးဆက် ဆက်ခံသွားရမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

နှစ်(၇၀)ဆက်ဆံရေး၏ ကနဦးအချိန်ကာလများကို ပြန်ပြောင်းကြည့်ပါက နှစ်ဖက်ပြည်သူများ ချောင်းပေါက်မတတ် အပြန်အလှန်သွားလာခဲ့ကြပါသည်။ ယဉ်ကျေးမှုအဖွဲ့များအနေဖြင့်လည်း အပြန်အလှန်သွားရောက်ခဲ့ကြရာ ၁၉၅၅ ခုနှစ် ဇန်နဝါရီလတွင် တရုတ်ယဉ်ကျေးမှုအဖွဲ့များကို မြန်မာပြည်သူများက အကများဖြင့် ကြိုဆိုခဲ့ကြပါသည်။ အလားတူပင် အဆိုပါနှစ် အောက်တိုဘာလတွင် မြန်မာ့ယဉ်ကျေးမှုအဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့စဉ် ကူမင်းမြို့တွင် တရုတ်လေယာဉ်ခြောက်စင်းဖြင့် လာရောက်ကြိုဆိုခဲ့ကာ ချုံကင်း၊ ဆီဆန်မြို့များမှတစ်ဆင့် ပေကျင်းမြို့သို့ ဆိုက်ရောက်ခဲ့ရာ တရုတ်ပြည်သူ ၄၀၀၀ ကျော်က ကြိုဆိုခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ မြန်မာ့ယဉ်ကျေးမှုအဖွဲ့ဝင် မောင်လှမိုးနှင့် မဝင်းဝင်းကြိုင်တို့က အလင်္ကာကျော်စွာ ရွှေပြည်အေးရေးစပ်၍ မြကေ သီဆိုသော မုန့်ဆီကြော်သီချင်းအား သရုပ်ဖော်တင်ဆက်ရာ ဥက္ကဋ္ဌကြီး မော်စီတုံးနှင့် လာရောက်ကြည့်ရှုသူများ အထူးသဘောကျနှစ်သက်ကြောင်း သိရှိရပါသည်။ ထို့အပြင် စောင်းဦးဘသန်း၏ စောင်းလက်သံကိုလည်း ဥက္ကဋ္ဌကြီး မော်စီတုံးနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က အထူးနှစ်သက်ကြသည့်အပြင် မြန်မာ့ယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေမှုကို ရုံပြည့်ရုံလျှံအားပေးခဲ့ကြကာ နေရာမရ၍ ပရိသတ်အများအပြားမှာ ရုံပြင်ပမှ အသံချဲ့စက်အသံကို နားထောင်ရကြောင်း သိရှိရပါသည်။

မြန်မာ့ယဉ်ကျေးမှုအဖွဲ့ကို ဥက္ကဋ္ဌကြီး မော်စီတုံး၊ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် တရုတ်ယဉ်ကျေးမှုဝန်ကြီးတို့က ညစာခံကျွေးမွေးခဲ့ကြောင်းကိုလည်း သမိုင်းမှတ်တမ်းများမှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

၁၉၆၁ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ မန္တလေးမြို့သို့ ရောက်ရှိကြရာ မန္တလေးပြည်သူများက ကြိုဆိုရေးမဏ္ဍပ်ပေါင်း ၂၁ ခုဖြင့် ကြိုဆိုခဲ့ကြကြောင်း ထိုခေတ်သတင်းစာများတွင် ဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၆၀ ပြည့်နှစ်ကာလများတွင်လည်း တရုတ်ဗုဒ္ဓဘာသာအဖွဲ့ လာရောက်ခြင်း၊ တရုတ်ရုပ်ရှင် သီတင်းပတ် ပွဲတော်ကျင်းပခြင်း၊ သတင်းစာနှင့် အားကစားအဖွဲ့များ အပြန်အလှန် သွားရောက်ကြခြင်းများဖြင့် နှစ်နိုင်ငံပြည်သူများ သွားလမ်း လာလမ်းဖြောင့်ခဲ့ကြသည့်အပြင် နှစ်နိုင်ငံမှခေါင်းဆောင်များ နယ်စပ်ဒေသများတွင်တွေ့ဆုံ၍ နှစ်ဖက်ပြည်သူများ တွေ့ဆုံဖလှယ်ပွဲများသို့လည်း တက်ရောက်ခဲ့ကြပါသည်။

ကျွန်တော့်အနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာ- တရုတ်နယ်စပ်ရှိ တရုတ်နိုင်ငံဘက် ရွှေလီမြို့သို့ နယ်စပ်ကုန်သွယ်ရေးပြပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထိုသို့ ရွှေလီမြို့သို့ ရောက်ရှိစဉ် ၁၉၅၆ ခုနှစ်က ဝန်ကြီးချုပ် ဦးဘဆွေ မူဆယ်မြို့မှတစ်ဆင့် ရွှေလီမြစ်ကူးတံတားအား ဖြတ်ကျော်၍ ရွှေလီမြို့သို့ လာရောက်ခဲ့စဉ် တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းနှင့် တရုတ်ပြည်သူများက ကြိုဆိုညှော့ခံကာ အတူတည်းခိုခဲ့သည့် တရုတ်အစိုးရညှော့ရိပ်သာသို့ သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။ အဆိုပါ ညှော့ရိပ်သာအား ယခုအခါ နှစ်နိုင်ငံချစ်ကြည်ရေး ပြတိုက်အဖြစ် အများပြည်သူအား ဖွင့်လှစ်ပြသထားပါသည်။ ပြတိုက်အတွင်း ထိုစဉ်က ဝန်ကြီးချုပ်နှစ်ဦး စီးနင်းခဲ့သည့် မော်တော်ယာဉ်၊ တွေ့ဆုံဆွေးနွေးခဲ့သည့် အခန်း၊

*စာမျက်နှာ ၈ သို့*



၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဥက္ကဋ္ဌကြီး မော်စီတုံးက ဝန်ကြီးချုပ် ဦးနုအား လက်ခံတွေ့ဆုံခဲ့စဉ်။



၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် တရုတ် - မြန်မာ နယ်စပ်ပြည်သူများ၏ ပျော်ပွဲရွှင်ပွဲ၌ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးဘဆွေတို့သည် ဝမ်တိန်မှ တရုတ်နယ်နိမိတ်ထဲသို့ ခြေလျင်ဝင်ရောက်ခဲ့စဉ်။

*စာမျက်နှာ ၇ မှ*

အိပ်ခန်းဆောင်များအပါအဝင် မှတ်တမ်းဓာတ်ပုံများစွာအား ပြသထားရာ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းဝင်ပြတိုက်ဖြစ်ပါသည်။

ဝန်ကြီးချုပ်ဦးနုအနေဖြင့်လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ထိစပ်နေသည့် စစ်ဆောင်ပနားပြည်နယ်ခွဲသို့ သွားရောက်ခဲ့ရာ စစ်ဆောင်ပနားပြည်နယ်ခွဲ၏ မြို့တော် ကျိုင်းဟုန်မြို့ရှိ ပန်းခြံအတွင်း ဝန်ကြီးချုပ်ဦးနု လာရောက်ခဲ့ကြောင်း ဖော်ပြထားသည့်အထိမ်းအမှတ် စိုက်ထူထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် နှစ် (၇၀) ခရီးစတင်စ အချိန်များတွင် အရေးကြီးသည့် နယ်စပ်နေပြည်သူများနှင့် ထိတွေ့ဆက်ဆံကာ ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုတို့ကို မြှင့်တင် တည်ဆောက်ပေးခဲ့ပါသည်။

ထိုနှစ်နိုင်ငံဆက်ဆံရေး ပထမပိုင်းကာလများကဲ့သို့ပင် ဆက်ဆံရေးနှစ် (၇၀) ပြည့်မြောက်သည့် ယခုနှစ်ပိုင်း ကာလများတွင်လည်း ပြည်သူချင်း ပိုမိုထိတွေ့ဆက်ဆံကာ ရင်းနှီးခင်မင်မှု မြှင့်တင်နိုင်ရေးအတွက် ခရီးသွားလာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုနှင့် အားကစား၊ ရုပ်မြင်သံကြား၊ သတင်းနှင့် ထုတ်ဝေရေး၊ သိပ္ပံနည်းပညာနှင့် ကျန်းမာရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ လူငယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ စသည့်ကဏ္ဍများအပါအဝင် ကဏ္ဍ ၁၁ ခုတွင် အစီအစဉ်ပေါင်း ၇၀ ကို ကျင်းပသွားရန် ရှိပါသည်။

တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ်သည် မြန်မာနိုင်ငံသို့ လေးကြိမ်တိုင် ကြွရောက်ဖူးမြော်ခံခဲ့ရာ ပြည်ပနိုင်ငံသို့ ကြွရောက်သည့် အကြိမ်အရေအတွက် အများဆုံးဖြစ်ပါသည်။ ပေကျင်းမြို့မြောက်ဘက်ရှိ ဗုဒ္ဓစွယ်တော်တိုက်မှ ဆရာတော်အနေဖြင့် မြန်မာနိုင်ငံမှ လာရောက်သည့် ဧည့်သည်များအား စွယ်တော်တိုက်ကို အထူးတလည်ဖွင့်၍ ဗုဒ္ဓစွယ်တော်အား ဖူးမြော်ရန် ခွင့်ပြုပေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအတွက် လှူဒါန်းမှုများအပါအဝင် မြန်မာပြည်သူများအတွက် အစဉ်အမြဲ လှူဒါန်းလျက်ရှိပါသည်။ ဟဲနန်ပြည်နယ် လော့ယန်မြို့တွင်လည်း ရွှေတိဂုံပုံတူ စေတီတော်တည်ထားနိုင်ခဲ့ပြီး ပုဂံဒေသရှိ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း တရုတ်ပညာရှင်များက ကူညီပေးလျက်ရှိပါသည်။

နှစ်နိုင်ငံပြည်သူများအကြား ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများအပြင် လူမှုရေး၊ ပညာရေးနှင့် ခရီးသွားလာရေးဆိုင်ရာ ကဏ္ဍများတွင်လည်း သွားလာဆက်ဆံမှုများ ပိုမိုများပြားလျက်ရှိပါသည်။ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေသည့် အစိုးရဝန်ထမ်း ပညာသင်အရေအတွက် ၇၀၀ ကျော် အပါအဝင် မြန်မာကျောင်းသား၊ ကျောင်းသူ စုစုပေါင်း တစ်သောင်းကျော်ခန့်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ မျက်စိဝေဒနာရှင်များအား ယူနန်ပြည်နယ် လူမှုရေးအဖွဲ့များနှင့် ဆရာဝန်ကြီးများက ကုသပေးခဲ့ပြီး မြန်မာနိုင်ငံမှ မွေးရာပါနှလုံးရောဂါ ကလေးငယ်များကိုလည်း တရုတ်လူမှုကူညီရေးအဖွဲ့ချုပ်နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းတို့မှ ကူမင်းမြို့သို့ အသုတ်လိုက် ခေါ်ဆောင်ကုသပေးလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်အား မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်အဖြစ် သတ်မှတ်ခဲ့ရာ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့မှုများ ပိုမိုတိုးတက်လာစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် တရုတ်ခရီးသွားပြည်သူများ၏ အရေအတွက် တစ်ဟုန်ထိုးတိုးတက်လာခဲ့ရာ ၂၀၁၉ ခုနှစ်အတွင်း တရုတ်ပြည်သူ ခုနစ်သိန်းခွဲခန့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး လာမည့်နှစ်များအတွင်း တရုတ်ပြည်သူနှစ်သန်းကျော် လာရောက်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်မှုများအရ သိရှိရပါသည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ မပြောင်းမလဲရှိနေမည်မှာ ပြည်သူများသာဖြစ်ပါသည်။ ပြည်သူများကသာ သမိုင်းကြောင်း အစဉ်အလာ ချစ်ကြည်ရေးအမွေနှင့် အပြန်အလှန် နားလည်ပေးနိုင်သည့် အစဉ်အလာကောင်းများကို ဆောင်ကြဉ်းသွားနိုင်မည်ဖြစ်ပါသည်။ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံဆက်ဆံရေး၏ အခရာဟု ဆိုချင်ပါသည်။

**အများကစိတ်ဝင်စားကြသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် မြန်မာ**

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်က စတင်မိတ်ဆက်အကောင်အထည်ဖော်ခဲ့ပြီး တရုတ်နိုင်ငံမှအစပြုသည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ကုန်းလမ်းနှင့် ရေလမ်းကုန်သွယ်ရေးလမ်းကြောင်းများ ပါဝင်ပါသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် မူလက မူဝါဒရေးရာ၊ အခြေခံအဆောက်အဦ၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ပြည်သူများထိတွေ့ဆက်ဆံရေးတို့အပေါ် အခြေခံခဲ့သော်လည်း ကုန်သွယ်ရေးလမ်းကြောင်းများအား အခြေပြုကာ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ အပြန်အလှန် ကူးလူးဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေ၊ ဂီတနှင့် အနုပညာကဏ္ဍများအထိ ကမ္ဘာ့နိုင်ငံ ဒေသများအကြား ကျယ်ပြန့်စွာ ဆက်သွယ်ဆက်ဆံနိုင်မည့် ဖြစ်စဉ်ကြီးတစ်ခုဟု ဆိုနိုင်ပါသည်။

မျက်မှောက်ခေတ် မြန်မာ-တရုတ် ဆက်ဆံရေးအကြောင်းပြောပါက ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းကို ချန်လှပ်ထားခဲ့၍ ရနိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ၂၀၁၆ ခုနှစ်မှ စတင်၍ ပါဝင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ မူဘောင်အောက်မှ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့်လည်း ပထမနှင့် ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်များသို့ ၂၀၁၇ ခုနှစ် မေလနှင့် ၂၀၁၉ ခုနှစ် ဧပြီလများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများအနက် တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်းမှ အိန္ဒိယသမုဒ္ဒရာ ထိုမှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာသို့ လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကသို့ လည်းကောင်း ရေကြောင်းဖြင့် သွားရောက်နိုင်ရေးအတွက် လွန်စွာအရေးပါသည့် တည်နေရာတွင် တည်ရှိခြင်းကြောင့်လည်း ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်းတွင် မြန်မာနိုင်ငံ၏ ပါဝင်မှုကို စိတ်ဝင်စားကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားတွင်လည်း ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်သည့်အပြင် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသသည့် စံပြဆက်ဆံရေးကို ထူထောင်ထားနိုင်သည့် နိုင်ငံများဖြစ်ကြပါသည်။ ထို့အပြင် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြားတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးတွင် အဓိကကျစွာ ပါဝင်နေသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အဆင့်မြှင့်တင် ကောင်းမွန်ရေးအတွက် ကနဦးညှိနှိုင်းဆောင်ရွက်မှုများ၊ အခြေခံအဆောက်အဦ စီမံကိန်းများနှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာများကို ရပ်ဝန်းနှင့် ပိုးလမ်းမ စတင်ခဲ့သည့် ၂၀၁၃ ခုနှစ်မတိုင်မီကပင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။

သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ နှစ်နိုင်ငံအကြား ဖြစ်ပေါ်တိုးတက်မှု၊ သဘောတူညီမှုနှင့် ဆွေးနွေးနိုင်မည့် အခြေအနေများအပေါ် မြန်မာနှင့် တရုတ်ပြည်သူများသာမက နိုင်ငံတကာကပင် စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့ကြပါသည်။ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အား တရုတ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ကပင် တရားဝင်ထုတ်ပြန်ခဲ့ရာ တရုတ်နှင့် မြန်မာမိတ်ဆွေများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ပေကျင်းမြို့အခြေစိုက် နိုင်ငံခြားသံတမန်များက စိတ်ဝင်တစား ဆက်သွယ်မေးမြန်း စုံစမ်းခဲ့ကြပါသည်။

အဓိကမေးမြန်းသည့်အချက်မှာ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေပင်ဖြစ်ပါသည်။

မြန်မာနှင့် တရုတ်နိုင်ငံတို့အနေဖြင့်မူ နှစ်နိုင်ငံပြည်သူတို့၏ စိတ်ဆန္ဒနှင့် တူညီသည့် အကျိုးစီးပွားအတွက် လက်တွေ့ကျသော ဖော်ဆောင်မှုကို ပြသနိုင်ခဲ့ကြပါသည်။ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း မူဆယ်-မန္တလေး ရထားလမ်းဖြစ်နိုင်ခြေလေ့လာမှု အစီရင်ခံစာ၊ မြန်မာ-တရုတ် ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ် လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ၏ မဏ္ဍိုင်ကြီးများဟု ဆိုရမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းဆိုင်ရာ သဘောတူစာချုပ်၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ် စာလွှာနှင့် မန္တလေး-ထီးချိုင့်-မူဆယ် အမြန်လမ်းမကြီးနှင့် ကျောက်ဖြူ-နေပြည်တော် အဝေးပြေးလမ်းမကြီး စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု အစီရင်ခံလွှဲပြောင်းခြင်း စာလွှာလဲလှယ်ခြင်းအပါအဝင် အခြားသော သဘောတူညီချက်များကို နှစ်ဖက်လက်မှတ်ရေးထိုးခြင်းနှင့် လဲလှယ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

စီမံကိန်းများသည် မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ကိုက်ညီမှုရှိ၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ပြည်သူများ၏ လူမှုအခြေခံများ တိုးတက်ကောင်းမွန်စေကာ ဒေသခံပြည်သူများ ပါဝင်လာစေရေးတို့အတွက် နှစ်ဖက်သဘောတူနိုင်ခဲ့ကြပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများကို ဖော်ဆောင်ကြရာတွင် ပိုမိုအောင်မြင်မှုများရရှိစေရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ချိတ်ဆက်နေသည့် ငြိမ်းချမ်းမှုရှိရေးသည်လည်း လွန်စွာအရေးကြီးပါသည်။ နှစ်နိုင်ငံနယ်စပ်ဒေသများ အေးချမ်းတည်ငြိမ်မှသာ ဆက်သွယ်မှုလမ်းကြောင်းများ၊ စီးပွားရေးဇုန်များ၊ အခြေခံအဆောက်အဦများနှင့် စီမံကိန်းများ ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်းကိုလည်း နှစ်ဖက်သဘောတူကြပါသည်။

မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများ၏ အောင်မြင်မှုများဖြင့် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားနှင့် သာတူညီမျှမှုအတွက် အပြုသဘောဆောင်သည့် ရလဒ်ကောင်းကို ဖန်တီးပေးကြရမည်ဖြစ်ပါသည်။ စီမံကိန်းများကို လက်တွေ့ကျစွာ လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်၍ ပြည်သူများအကျိုးကို ဖော်ဆောင်ကြရပါမည်။ နှစ်နိုင်ငံ ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ ရှိရင်းစွဲ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုများအပေါ် အခြေပြု၍ ပြည်သူချင်း တည်ငြိမ်အေးချမ်းကောင်းမွန်ကာ တန်းတူရည်တူရှိသည့် ထိတွေ့ဆက်ဆံရေးပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးကြရမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**“နှစ်နိုင်ငံဆက်ဆံရေးတွင် အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ မပြောင်းမလဲရှိနေမည်မှာ ပြည်သူများသာဖြစ်ပါသည်။ ပြည်သူများကသာ သမိုင်းကြောင်း အစဉ်အလာချစ်ကြည်ရေးအမွေနှင့် အပြန်အလှန် နားလည်ပေးနိုင်သည့် အစဉ်အလာကောင်းများကို ဆောင်ကြဉ်းသွားနိုင်မည် ဖြစ်ပါသည်။ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံဆက်ဆံရေး၏ အခရာဟု ဆိုချင်”**

## သမဝါယမအသင်းစုချုပ်အချင်းချင်း ချိတ်ဆက်ညှိနှိုင်း၍ သီးနှံစိုက်တောင်သူများ၏ အခက်အခဲများ ကူညီဖြေရှင်းဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၇**

ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ စိုက်ပျိုးသီးနှံများအား ဈေးကွက်ကျဆင်းမှုမရှိစေရေးအတွက် သမဝါယမနည်းလမ်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်သမဝါယမအသင်းစုချုပ်သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်သူများ စိုက်ပျိုးထားရှိသော ကြက်သွန်နီများကို ဝယ်ယူ၍ တစ်ပိဿာလျှင် ငွေကျပ် ၅၈၀နှုန်းဖြင့်လည်းကောင်း **(အောက်ပုံ)**၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် ညှိနှိုင်း၍ ရှမ်းပြည်နယ် တောင်ပိုင်း၊ သီးနှံစိုက်တောင်သူများထံက ဂေါ်ဖီထုပ် အထုပ်ရေ ၅၇၀၀ ကို ဝယ်ယူ၍ တစ်ထုပ်လျှင် ၁၃၅ ကျပ်နှုန်းဖြင့်လည်းကောင်း နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ်များရှိ ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**





## ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များသို့ စားသောက်ကုန်ပစ္စည်းများ လှည့်လည်ရောင်းချ

**ပုသိမ် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းသားများမှ စိုက်ပျိုးထုတ်လုပ်ထားသော သီးနှံများ ဈေးကွက် ရရှိစေရန်နှင့် ပြည်သူများ ဝယ်ယူစားသုံးရာတွင် အဆင်ပြေစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဟင်းသီးဟင်းရွက်၊ သီးနှံများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ပုသိမ်မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများထံသို့ ဇွန် ၄ ရက် နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ဒေသထွက်ကုန်များ ပုံမှန်ကုန်စည် စီးဆင်းရေးအတွက် သမဝါယမအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏ အခြေခံစားကုန် လိုအပ်ချက်များကို အရည်အသွေးမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့် အိမ်တိုင်ရာရောက် ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ယခုကာလအတွင်း လူစုလူဝေးလျှော့ချခြင်းအတွက် တစ်ဖက်တစ်လမ်းမှ ကူညီခြင်းဖြစ်ကြောင်း၊ သမဝါယမမူအတိုင်း အမြတ်အစွန်းကို အဓိကမထားဘဲ ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးမည်ဖြစ်ကြောင်း၊ သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန်များကိုသာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက ပြောကြားသည်။

**သတင်းစဉ်**

## မုံရွာမြို့ကုန်စည်ဒိုင်၌ တစ်ပတ်အတွင်း ပဲတီစိမ်းနှင့် နှမ်း ဈေးနှုန်းများကျဆင်း

**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကုန်စည်ဒိုင်၌ တစ်ပတ်အတွင်း ပဲတီစိမ်းနှင့် နှမ်းဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုထံက သိရသည်။

ပဲတီစိမ်းတစ်တင်းလျှင် ယခင်အပတ်က ငွေကျပ် ၃၇၀၀၀ ဈေးဖြင့် ရောင်းရသော်လည်း ယခုတစ်ပတ် ငွေကျပ် ၃၅၀၀၀ နှင့် ငွေကျပ် ၃၃၅၀၀ ကြားရှိပြီး နှမ်းတစ်တင်း လျှင် ယခင်အပတ် ငွေကျပ် ၄၂၀၀၀ ဈေး ရောင်းရသော်လည်း ယခုတစ်ပတ် ငွေကျပ် ၄၀၀၀၀ နှင့် ငွေကျပ် ၃၉၅၀၀ ကြားသာ ရောင်းရသည့်အတွက် တစ်ပတ်အတွင်း ပျမ်းမျှအားဖြင့် ပဲတီစိမ်းနှင့် နှမ်းများ တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ဈေးနှုန်းကျဆင်းသွားပါကြောင်း၊ ပဲတီစိမ်းနှင့် နှမ်း စသည့်ကုန်စည်များကို ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူမှုနည်းသည့်အပြင် ပြည်တွင်းကပါ ဝယ်ယူစားသုံးမှု နည်းသောကြောင့် ဈေးနှုန်းများ ကျဆင်းရခြင်း ဖြစ်ကြောင်း ဦးတင်ကိုကိုက ဆက်လက်ပြောသည်။

မုံရွာကုန်စည်ဒိုင်အတွင်း အသင်းသားများ ဝင်ရောက်သည့်အခါ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ရောင်းဝယ်သူများအနေဖြင့် စားပွဲခုံတစ်ခုံနှင့် တစ်ခုံကြား လေးပေအကွာထားရှိပြီး စားပွဲခုံတစ်ခုံလျှင် ရောင်းသူနှစ်ဦး၊ ဝယ်သူနှစ်ဦးသာ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**



မုံရွာကုန်စည်ဒိုင်

## မူဆယ်ဈေးကွက်သို့ ပို့ဆောင်သည့်ကားခ စရိတ်မြင့်တက်ခြင်းနှင့် တရုတ်ငွေဈေးကျဆင်းမှုတို့ကြောင့် ပဲတီစိမ်းနှင့် နှမ်းဈေးနှုန်းများ သိသာစွာကျဆင်း

**မန္တလေး ဇွန် ၇**

တရုတ်နိုင်ငံသို့ အဓိကပို့ကုန်ဖြစ်သည့် ပဲတီစိမ်းနှင့် နှမ်းများ ယခုရက်ပိုင်းအတွင်း မူဆယ်ဈေးကွက်သို့ ပို့ဆောင်ခစရိတ် မြင့်တက်မှုနှင့်အတူ တရုတ်ငွေဈေး ကျဆင်းမှုတို့ကြောင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိသော်လည်း ဈေးနှုန်းများသိသာစွာ ကျဆင်းလျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံက သိရသည်။

"ဒီရက်ပိုင်းမှာ မန္တလေးကနေ မူဆယ်ဈေးကွက်ကို ပို့ကုန်ပဲရှိပြီး အပြန်ကုန်မရှိတဲ့အတွက် ကားခဈေးတွေ တက်လာတဲ့အပြင် လက်ရှိအချိန်မှာ တရုတ်ငွေဈေးကလည်း ကျဆင်းနေတာကြောင့် အခုလို ဈေးနှုန်းတွေ သိသိသာသာ ကျဆင်းသွားတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဖို့ လမ်းပန်းဆက်သွယ်ရေးတွေနဲ့ ကုန်စည်ဒိုင်တွေ ကန့်သတ်ပိတ်ပင်ထားတဲ့ အချိန်တုန်းကတောင် သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၂၀၀၀၀ ဈေးအထိ ရှိနေတဲ့ ပဲတီစိမ်းက ဖြေလျှော့မှုတွေပေးပြီး အဆင်ပြေနေတဲ့ အခုအချိန်ကျမှ ဈေးက ငွေကျပ် ၂၀၀၀၀ လောက်အထိ သိသိသာသာကို ကျဆင်းသွားတဲ့အပြင် တရုတ်ပို့ကုန်တွေထဲမှာ ဈေးအမြင့်ဆုံးဖြစ်တဲ့ စမုံနက်နှမ်း ဆိုရင် သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၅၀၀၀၀ လောက်အထိ ထိုးကျသွားကာ ကျန်တဲ့ နှမ်းဖြူ နှမ်းနက် ဈေးနှုန်းတွေလည်း ကျဆင်းနေတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

လက်ရှိအချိန်တွင် ပဲတီစိမ်း ဈေးနှုန်း ကျဆင်းလျက်ရှိသော်လည်း မန္တလေး ဈေးကွက်အတွင်းသို့ ဒေသစုံမှ ပဲတီစိမ်းများ နေ့စဉ်အိတ်ရေ ၂၀၀၀၀ ကျော် အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိပြီး ရောင်းအားမှာလည်း လက်ရှိပေါက်ဈေးများဖြင့်ပင် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ဒီလိုအခြေအနေမှာ ရောင်းအားရှိနေတာကပဲ အဆိုးထဲက အကောင်းလို့ ပြောရမှာပါ။ ဒီဈေးတွေထက် ထပ်ပြီး ကျဆင်းသွားရင်တော့ အထူးသဖြင့် တောင်သူတွေ အရှုံးပေါ်သွားနိုင်တယ်။ အိန္ဒိယပို့ကုန်တွေဖြစ်တဲ့ မတ်ပဲနဲ့ ပဲစင်းငုံတွေကတော့ လက်ရှိအချိန်မှာ ပုံမှန်ဈေးနှုန်းတွေနဲ့ပဲ အရောင်းအဝယ်ဖြစ်နေကြတဲ့အပြင် ပြည်တွင်းစားသုံးတဲ့ ကုလားပဲ အုပ်စုဝင် ပဲတွေလည်း ပုံမှန်ဈေးနှုန်းတွေနဲ့ပဲ အရောင်းအဝယ်ဖြစ်နေကြပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ တရုတ်ပို့ကုန်ဖြစ်သည့် ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ စမုံနက်နှမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် တစ်သိန်း ခြောက်သောင်းနှုန်းဖြင့်လည်းကောင်း အရောင်းသွက်နေပြီး အိန္ဒိယပို့ကုန်ဖြစ်သည့် မတ်ပဲမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ကိုးသောင်းသုံးထောင် နှုန်းဖြင့်လည်းကောင်း၊ ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ ဖြင့်လည်းကောင်း ပုံမှန်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

◆ *ကျောဖုံးမှ*

တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေနက်အိုးများတွင် ကျောက်ချခြင်း၊ သဲအိတ်ချခြင်း၊ သံကူကွန်ကရစ်ဘိုးပိုင် တည်ဆောက်ခြင်း၊ ကျောက်စီနံရံများတည်ဆောက်ခြင်း၊ ရေကာတာ မြေဖို့ခြင်း လုပ်ငန်းများ အပါအဝင် မြစ်ကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေကာတာကွဲအက်ကျိုးပြတ်ပျက်စီးခဲ့စဉ်က ညောင်တုန်းမြို့မှ ပြည်သူများမှာ အထူးစိုးရိမ်ပူပန်မှုများရှိခဲ့ရာ ညောင်တုန်းမြို့မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့နယ်မှ တာဝန်ရှိသူများက အချိန်မီ တင်ပြဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ညောင်တုန်းမြို့ ရေကာတာနိမ့်ကျကျိုးပြတ်ပျက်စီးရာသို့ ဇန်နဝါရီ ၉ ရက်က ရောက်ရှိကွင်းဆင်းစစ်ဆေးပြီး စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ညောင်တုန်းမြစ်ကမ်းထိန်း လုပ်ငန်းကြီးကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

**နေလင်း (ညောင်တုန်း)**

❑ *ကျောဖုံးမှ*

ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၃၁၉၂ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

**အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၂၆၄)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-**

***ယမန်နေ့မှအဆက်***

၁၉၁ MMS ISO 3996:1995 မော်တော်ယာဉ်များ - ရေနံအခြေခံမဟုတ်သော ဘရိတ်ဆီသုံး hydraulic braking systems ၏ ဘရိတ်ပိုက်ဆက်ပစ္စည်း

၁၉၂ MMS ISO 4928:2006 မော်တော်ယာဉ်များ- ရေနံအခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ်ဘရိတ်စနစ်၏ စလင်ဒါတွင်အသုံးပြုသည့် Elastomeric cups and seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

၁၉၃ MMS ISO 4930:2006 မော်တော်ယာဉ်များ- ရေနံအခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ်ဘရိတ်အဝိုင်းစနစ် စလင်ဒါတွင်အသုံးပြုသည့် Elastomeric seal များ (အသုံးပြုစဉ် အမြင့်ဆုံး အပူချိန် ၁၅၀ ဒီဂရီစင်တီဂရိတ်)

၁၉၄ MMS ISO 6117:2005 မော်တော်ယာဉ်များ- ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး Drum-type hydraulic brake wheel cylinder များတွင် အသုံးပြုသည့် Elastomeric boot များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်)

၁၉၅ MMS ISO 6118:2006 မော်တော်ယာဉ်များ- ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ်ဘရိတ်စနစ်၏ စလင်ဒါတွင်အသုံးပြုသည့် Elastomeric cups and seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၇၀ ဒီဂရီစင်တီဂရိတ်)

၁၉၆ MMS ISO 6119:2006 မော်တော်ယာဉ်များ- ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ်ဘရိတ်အဝိုင်းစလင်ဒါများတွင် အသုံးပြုသည့် Elastomeric seal များ (အသုံးပြုစဉ်အမြင့်ဆုံး အပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

၁၉၇ MMS ISO 7632:1985 မော်တော်ယာဉ်များ- ရေနံ အခြေခံ ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ်ဘရိတ်အဝိုင်းစလင်ဒါများတွင်အသုံးပြုသော Elastomeric seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

၁၉၈ MMS ISO 1436:2017 ဆီ (သို့မဟုတ်) ရေကို အခြေခံထုတ်လုပ်ထားသည့် ဝိုင်ယာကွန်ယက် အားဖြည့်ဟိုက်ဒရောလစ်အမျိုးအစားများတွင် အသုံးပြုသော ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ- စံသတ်မှတ်ချက်များ

၁၉၉ MMS ISO 4635:2011 ပေါင်းပြီး ရော်ဘာ -အဝေးပြေးလမ်းများတွင် ကွန်ကရစ်လမ်းခင်းကျောက်ပြားများအကြား အသုံးပြုသော Preformed joint seals များ - စံသတ်မှတ်ချက်များ

၂၀၀ MMS ISO 1823:2015 ဆီစုပ်ယူခြင်း၊ ပို့လွှတ်ခြင်းများတွင် အသုံးပြုသော ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ

၂၀၁ MMS ISO 3821:2019 ဓာတ်ငွေ့ဂဟေဆက်ပစ္စည်း ကိရိယာများ- ဂဟေဆက်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းစဉ်များတွင် အသုံးပြုသော ရော်ဘာပိုက်များ

၂၀၂ MMS ISO 6134:2017 ပြည့်ဝရေနွေးငွေ့နှင့်စပ်လျဉ်းသော လုပ်ငန်းများတွင် အသုံးပြုသည့် ရော်ဘာပိုက် နှင့် ပိုက်ဆက်ပစ္စည်းများ- စံသတ်မှတ်ချက်များ

၂၀၃ MMS ISO 6804:2016 အဝတ်လျှော်စက်နှင့် ပန်းကန်ဆေးစက်များတွင် အသုံးပြုသောရော်ဘာနှင့် ပလတ်စတစ်အဝင်ပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ

၂၀၄ MMS ISO 5775-1:2014 စက်ဘီးတာယာနှင့် ဘီးခွေများ- အပိုင်း(၁)- တာယာဒီဇိုင်းများနှင့် အတိုင်းအတာများ

၂၀၅ MMS ISO 2004:2017 သဘာဝရော်ဘာအစေးရည်အပျစ်- ဗဟိုခွါအားသုံး (သို့မဟုတ်) ဓာတုဆေးသုံး၍ သဘာဝအစေးရည်ကို ပျစ်စေပြီး အမိုးနီးယားဖြင့် တာရှည်ခံအောင် ထိန်းသိမ်းထားသည့် အစေးရည်အပျစ်အမျိုးအစားများ- စံသတ်မှတ်ချက်များ

၂၀၆ MMS ISO 14409:2011 သင်္ဘောများနှင့် ရေကြောင်းဆိုင်ရာနည်းပညာ - သင်္ဘောရေချရာတွင် အသုံးပြုသော လေအိတ်များ

၂၀၇ MMS ISO 17357-1:2014 သင်္ဘောများနှင့် ရေကြောင်းဆိုင်ရာနည်းပညာ -ရေပေါ်တွင်ပေါလောပေါ်နေသည့်လေဖြည့်ထားသော ရော်ဘာအကာများ- အပိုင်း(၁) ဖိအားမြင့်

၂၀၈ MMS ISO 17357-2:2014 သင်္ဘောများ နှင့် ရေကြောင်းဆိုင်ရာနည်းပညာ -ရေပေါ်တွင်ပေါလောပေါ်နေသည့်လေဖြည့်ထားသော ရော်ဘာ အကာများ- အပိုင်း(၂) ဖိအားနိမ့်

၂၀၉ MMS ISO 20057:2017 အိမ်သုံးရော်ဘာလက်အိတ်များ-အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်သည့်နည်းလမ်းများ

၂၁၀ MMS ISO 20058:2017 အထွေထွေသုံးရော်ဘာကြိုးမျှင် - စံသတ်မှတ်ချက်များ

၂၁၁ MMS ISO 2321:2017 ရော်ဘာကြိုးမျှင်များ- စမ်းသပ်သည့်နည်းလမ်း

၂၁၂ MMS ISO 20437:2017 သဘာဝရော်ဘာအစေးရည်မှ ထုတ်လုပ်ထားသော သန့်ရှင်းရေးသုံးလက်အိတ်များ - စံသတ်မှတ်ချက်များ

၂၁၃ MMS ISO 247-1:2018 ရော်ဘာ -ပြာပါဝင်မှုကို တိုင်းတာစစ်ဆေးခြင်း - အပိုင်း(၁) - မီးရှို့သည့်နည်းလမ်း

၂၁၄ MMS ISO 6101-5:2018 ရော်ဘာ - Atomic absorption spectrometry နည်းဖြင့် သတ္တုပါဝင်မှုကို စမ်းသပ်တိုင်းတာခြင်း- အပိုင်း(၅) သံဓာတ် ပါဝင်မှုကို စမ်းသပ်တိုင်းတာခြင်း

၂၁၅ MMS ISO 979:1974 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- စစ်ဆေးနည်း

၂၁၆ MMS ISO 981:1973 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- ကလိုရိုဒ်ပါဝင်မှုကို မာကျူရီမက်ထရစ်နည်းလမ်းဖြင့် တိုင်းတာရှာဖွေခြင်း

၂၁၇ MMS ISO 3195:1975 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- နမူနာ ပြင်ဆင်ခြင်း- စမ်းသပ်နမူနာ-သတ်မှတ်ထားသော တိုင်းတာရှာဖွေခြင်းများ ဆောင်ရွက်ခြင်းအတွက် အဓိကပျော်ရည်ပြင်ဆင်ခြင်း

၂၁၈ MMS ISO 3196:1975 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- ကာဗွန်နိတ်ပါဝင်မှုကို တိုက်ထရီမက်ထရစ်နည်းလမ်းဖြင့် တိုင်းတာရှာဖွေခြင်း

၂၁၉ MMS ISO 5993:1979 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်တွင် မာကျူရီ (ပြဒါး) ပါဝင်မှုကို Flameless atomic absorption spectrometric method ဖြင့် တိုင်းတာရှာဖွေခြင်း

၂၂၀ MMS ISO 1954:2013 အထပ်သား - အတိုင်းအတာများတွင် ခွင့်ပြုနိုင်သော ကွာဟချက်များ

၂၂၁ MMS ISO 1096:2014 အထပ်သား - အတန်းအစားခွဲခြားခြင်း

၂၂၂ MMS ISO 2426-1:2000 အထပ်သား -မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း အပိုင်း(၁)- ယေဘုယျစည်းမျဉ်းများ

၂၂၃ MMS ISO 2426-2:2000 အထပ်သား -မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း အပိုင်း(၂)- သစ်မာ

၂၂၄ MMS ISO 2426-3:2000 အထပ်သား -မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း အပိုင်း(၃)- သစ်ပျော့

၂၂၅ MMS ISO 2074:2007 အထပ်သား - ဝေါဟာရ

၂၂၆ MMS ISO 12460-3:2015 သစ်အခြေခံမှုန်ပုံများ- ဖော်မယ်ဒီဟိုက်ထုတ်လွှတ်မှုကို စူးစမ်းတွက်ချက်ခြင်း အပိုင်း(၃)- ဓာတ်ခွဲလေ့လာခြင်းနည်းလမ်း

၂၂၇ MMS ISO 12460-4:2016 သစ်အခြေခံမှုန်ပုံများ- ဖော်မယ်ဒီဟိုက်ထုတ်လွှတ်မှုကို စူးစမ်းတွက်ချက်ခြင်း အပိုင်း(၄)- အခြောက်ခံစက်နည်းလမ်း

၂၂၈ MMS ISO 631:1975 မိုးဇိတ်ပါကေးမှုန်ပုံများ- ယေဘုယျလက္ခဏာများ

၂၂၉ MMS ISO 1324:1985 ပကတိသစ် (Solid Wood) ပါကေး- ဝက်သစ်ချ(Oak) သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၀ MMS ISO 2036:197 သစ်သားကြမ်းခင်းထုတ်လုပ်ခြင်းအတွက် သစ်- သစ်မျိုးစိတ်အရအမှတ်အသားပြုရန် သင်္ကေတများ

၂၃၁ MMS ISO 2457:1976 ပကတိသစ်(Solid Wood)ပါကေး- ဘိချ်(Beech) သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၂ MMS ISO 5334:1978 ပကတိသစ် (Solid Wood) ပါကေး- ပင်လယ်ပိုင်းထင်းရှူး သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၃ MMS ISO 5320:1980 ပကတိသစ်(Solid Wood)ပါကေး- ထင်းရှူး (Spruce) သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၄ MMS ISO 5326:1978 ပကတိသစ်(Solid Wood) အခင်းပြားများ- သစ်မာအခင်းပြားများ- အရည်အသွေးလိုအပ်ချက်

၂၃၅ MMS ISO 5327:1978 ပကတိသစ်(Solid Wood) အခင်းပြားများ- ယေဘုယျ စရိုက်လက္ခဏာများ

၂၃၆ MMS ISO 5328:1978 ပကတိသစ်(Solid Wood)အခင်းပြားများ- သစ်ပျော့အခင်းပြားများ- အရည်အသွေးလိုအပ်ချက်

၂၃၇ MMS ISO 9427:2003 သစ်အခြေခံမှုန်ပုံများ- သိပ်သည်းမှုစူးစမ်းတွက်ချက်ခြင်း

၂၃၈ MMS ISO 16985:2003 သစ်အခြေခံမှုန်ပုံများ- နှိုင်းရစိုထိုင်းဆ ပြောင်းလဲမှုများနှင့် ဆက်နွယ်သောအတိုင်းအတာ ပြောင်းလဲမှုများကို စူးစမ်းတွက်ချက်ခြင်း

၂၃၉ MMS ISO 4211-2:2013 ပရိဘောဂ- မျက်နှာပြင်အချောကိုင်မှုအတွက် စမ်းသပ်ချက်များ အပိုင်း(၂)- စိုစွတ်သောအပူအားခံနိုင်ရည်ဆန်းစစ်မှု

၂၄၀ MMS ISO 4211-3:2013 ပရိဘောဂ-မျက်နှာပြင်အချောကိုင်မှုအတွက် စမ်းသပ်ချက်များ အပိုင်း(၃)- ခြောက်သွေ့သော အပူအားခံနိုင်ရည်ဆန်းစစ်မှု

၂၄၁ MMS ISO 7175-2:2019 ပရိဘောဂ- အိမ်တွင်းသုံးကလေးခုတင်နှင့် ခေါက် ခုတင်များ- အပိုင်း(၂)- စမ်းသပ်မှုနည်းလမ်းများ

၂၄၂ MMS ISO 9221-2:2015 ပရိဘောဂ ကလေးများအတွက် ကုလားထိုင်အမြင့်များ အပိုင်း(၂)- စမ်းသပ်မှုနည်းလမ်းများ

၂၄၃ MMS ISO 9098-2:1994 အိမ်တွင်းသုံးနှစ်ထပ်ခုတင်များ- ဘေးကင်းလုံခြုံမှု လိုအပ်ချက်များနှင့် စမ်းသပ်မှုများ အပိုင်း(၂)- စမ်းသပ်မှုနည်းလမ်းများ

၂၄၄ MMS ISO 21015:2007 ရုံးသုံးပရိဘောဂ- ရုံးလုပ်ငန်းကုလားထိုင်များ- တည်ငြိမ်မှု၊ အင်အားနှင့် တာရှည်ခံနိုင်မှုတို့ကို စူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများ

၂၄၅ MMS APSF Standard 001 :2016 အာရှဒေသတွင်းဖြတ်သန်း၍ ကူးပြောင်းတင်ချခြင်းအတွက် ကုန်စည်တင်ခင်းပြားများ

၂၄၆ MMS NIOSH 0501: 2015 လုပ်ငန်းခွင်လေထုအတွင်းရှိ ဖုန်မှုန့်စုစုပေါင်း (အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်သော ဖုန်မှုန့်အပါအဝင်) ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်း လမ်း

၂၄၇ MMS NIOSH 0600: 1998 လုပ်ငန်းခွင်လေထုအတွင်းရှိ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်သော ဖုန်မှုန့်များကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၄၈ MMS NIOSH 6004: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဆာလဖာဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ် တိုင်းတာခြင်းနည်းလမ်း

၂၄၉ MMS NIOSH 6014: 1994 & 6700: 1998 လုပ်ငန်းခွင်လေထုအတွင်းရှိ နိုင်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၀ MMS NIOSH 6604: 2016 လုပ်ငန်းခွင်လေထုအတွင်းရှိ ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၁ MMS NIOSH 6603: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၂ MMS NIOSH 6013: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဟိုက်ဒရိုဂျင် ဆာလဖိုက်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၃ MMS NIOSH 6015: 1994 & 6016: 2016 လုပ်ငန်းခွင်လေထုအတွင်းရှိ အမိုးနီးယားဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၄ MMS NIOSH 7082: 2017, 7700: 1996 & 7702: 1998 လုပ်ငန်းခွင်လေထုအတွင်းရှိ ခဲမှုန့်ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၅ MMS NIOSH 7500: 2003 လုပ်ငန်းခွင်လေထုအတွင်းရှိ ဆီလီကာမှုန့်ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၆ MMS NIOSH 7400: 1994, 7402: 1994 & 9000: 2015 လုပ်ငန်းခွင်လေထုအတွင်းရှိ ကျောက်ဂွမ်းကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၇ MMS NIOSH 6017: 2003 လုပ်ငန်းခွင်လေထုအတွင်းရှိ ဟိုက်ထရိုဂျင် ဆာယာနိုက်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၈ MMS NIOSH 2016: 2003 & 2541: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဖောလ်မင်ဒီဟိုက်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၉ MMS NIOSH 3700: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဘန်ဇင်းဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၆၀ MMS JIS G 3101: 2015 အထွေထွေတည်ဆောက်မှုအတွက် အသုံးပြုသည့် အပြားကြိတ် သံမဏိများ

၂၆၁ MMS JIS G 3106: 2015 ဂဟေဆက်တည်ဆောက်မှုအတွက် အသုံးပြုသည့် အပြားကြိတ် သံမဏိများ

၂၆၂ MMS JIS G 3131: 2018 အပူပေးအပြားကြိတ်ထားသည့် သံမဏိပျော့အပြား၊ အလွှာ၊ အချပ်များ

၂၆၃ MMS JIS G 3141: 2017 အပူမပေးဘဲ အစိမ်းကြိတ်ထားသည့် ကာဗွန်သံမဏိအပြား၊ အလွှာ၊ အချပ်များ

၂၆၄ MMS GAP 23:2020 **သီးနှံများအတွက် မြန်မာနိုင်ငံ၏** စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ **စံချိန်စံညွှန်း**

# ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများအတွက် ဇွန် ၁၁ ရက်တွင် အတည်ပြုဆုံးဖြတ်မည်


၂၀၁၈ ဆုဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇွန် ၇**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများနှင့်ပတ်သက်၍ ဇွန် ၁၁ ရက်တွင် ပြုလုပ်မည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်သွားမည် ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးများ တက်ရောက်မည်ဖြစ်ပြီး Video Conferencing ဖြင့် ဆွေးနွေးမည်ဖြစ်သည်။ ယင်းအစည်းအဝေးတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ယခုနှစ်နှင့် လာမည့်နှစ်များတွင် ဆောင်ရွက်မည့်အစီအစဉ်များအား ဆွေးနွေးမည်ဖြစ်ပြီး ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများ ကျင်းပနိုင်ခြင်း ရှိ မရှိ၊ ကျင်းပဖြစ်ပါက ကျင်းပမည့်ကာလနှင့်အိမ်ရှင်နိုင်ငံအတွက် ဆွေးနွေးမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲကိုးခုကျင်းပရန် စီစဉ်ထားပြီး ကိုရိုနာဗိုင်းရပ်စ် အခြေအနေကြောင့် ပြိုင်ပွဲအချို့ ရွှေ့ဆိုင်းထားရာ စက်တင်ဘာလနောက်ပိုင်းမှသာ ပြိုင်ပွဲအားလုံး ပြန်လည်ကျင်းပရမည်ဖြစ်သည်။ ထို့ကြောင့် ပြိုင်ပွဲများကျင်းပနိုင်ခြင်း ရှိ မရှိကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် နိုင်ငံများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများအနက် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲတစ်ခုသာ အိမ်ရှင်နိုင်ငံမရှိဘဲ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်ကာ ကျန်ပြိုင်ပွဲရှစ်ခုကို အင်ဒိုနီးရှားနိုင်ငံက ပြိုင်ပွဲလေးခု၊ ထိုင်းနိုင်ငံက ပြိုင်ပွဲသုံးခုနှင့် ဖိလစ်ပိုင်နိုင်ငံက ပြိုင်ပွဲတစ်ခု ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုပြီးပါက ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများအတွက် ကျင်းပမည့်ကာလနှင့် အိမ်ရှင်နိုင်ငံတို့ကို ထုတ်ပြန်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*❋ ကျောဖုံးမှ*

ရှုဂါနီသည် ဂျူဗင်တပ်စ်အသင်းအတွက် စီးရီးအေ၌ စုစုပေါင်း ၇၃ ပွဲ ပါဝင်ကစားထားသူဖြစ်ပြီး ဂျူဗင်တပ်စ်အသင်းနှင့် ၂၀၂၃ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။ ထွက်ပေါ်လာသော သတင်းများအရ ပရီမီယာလိဂ်ကလပ် အာဆင်နယ်နှင့် ဝုဖ်အသင်းတို့သည် အဆိုပါကစားသမားကို ခေါ်ယူပြီး ခံစစ်နေရာတွင် ဖြည့်တင်းလိုနေကြောင်း သိရသည်။ ဝုဖ်အသင်းသည် ရှုဂါနီအတွက် ပေါင် ၁၈ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။ သို့သော် ဂျူဗင်တပ်စ်အသင်းသည် ရှုဂါနီအတွက် ပေါင် ၂၃ သန်းထက်မနည်းသော ကမ်းလှမ်းမှုကိုသာ လက်ခံစဉ်းစားသွားဖွယ် ရှိနေသည်။

ဂျူဗင်တပ်စ်အသင်းအနေဖြင့် ရှုဂါနီ၏ ပြောင်းရွှေ့ကြေး ကို ပေါင် ၂၃ သန်း သတ်မှတ်ထားသော်လည်း ရှုဂါနီ ကိုယ်တိုင်က ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုနေခြင်းကြောင့် အပြောင်းအရွှေ့ ဖြစ်မြောက်လာဖွယ်ရှိနေသည်။ ထို့အပြင် ၎င်းနှင့် ၎င်း၏ချစ်သူတို့သည် အသွားအလာကန့်သတ်စောင့်ကြည့်ခံနေရစဉ်အတွင်း အင်္ဂလိပ်စာနှင့် ပတ်သက်ပြီး လေ့လာသင်ယူနေကြောင်းလည်း သိရသည်။

အခြားဆက်စပ်သတင်းများ အနေဖြင့် အာဆင်နယ်အသင်းသည် ဖီယင်နာကွင်းလယ် ကစားသမား အော့ကွန်ကော့ကူကို ပေါင် ၂၃ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း နယ်သာလန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၁ နှစ်အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ၃၅ ပွဲ ပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူပေးထားကာ ဂိုးရရှိအောင် ခြောက်ကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ ဖီယင်နာ နည်းစနစ် ဒါရိုက်တာဖြစ်သူ ဖရန့် အာနက်စ်ဆင်သည် ကစားသမားသစ်များ ခေါ်ယူစာချုပ် နိုင်ရန်အလို့ငှာ ရန်ပုံငွေဖြင့်တင်ရန်အတွက် ကော့ကူကို ရောင်းထုတ်သွားဖွယ်ရှိကြောင်း ပြောကြားထားသည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေး ဇယားတွင် ၂၈ ပွဲ ကစား ရမှတ် ၄၀ ဖြင့် အဆင့် (၉) နေရာ တွင် ရပ်တည်နေပြီး ဝုဖ်အသင်းက ၂၉ ပွဲ ကစားထားပြီး ရမှတ် ၄၃ မှတ်ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။ အာဆင်နယ်အသင်းသည် လာမည့် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ဝုဖ်အသင်းက ဇွန် ၂၀ ရက် ည ၁၁ နာရီ တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **အောင်ဇော်**

# မြဝတီ၊ ကျိုက်ထိုနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ဇွန် ၆ ရက် နံနက်က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဇော်ဂျီ(၂)လမ်းထဲ၌ တွေ့ရှိသူ စိုင်းရွှေနှင့် မနန်းရှန်နွန်းတို့အား စစ်ဆေးရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈၇၂ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ဇော်ဂျီ(၂)လမ်းနေ ဖေသန်းအောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိဖမ်းဆီးရမိပြီး မြန်မာငွေကျပ် ၆၀၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ Nissan Navara အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကိုလည်းကောင်း၊ ဆက်လက်၍ ဖေသန်းအောင်၏ နေအိမ်ရှေ့ အလိုတော်ပြည့် (၂) လမ်းသွယ်တွင် တွေ့ရှိသူ အောင်နိုင်စိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဇွန် ၅ ရက် ညပိုင်းက အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကျိုက်ထိုမြို့နယ် စွပ်ပွန်းကျေးရွာအနီး မြဝတီ-ရန်ကုန်လမ်းတွင် ကျော်ဝင်းထွန်း မောင်းနှင်လာသည့် HIACE အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Sodium Cyanide ၂၅၀၀ ကီလိုကိုလည်းကောင်း၊ ကွင်းဆက်အရ ဇွန် ၆ ရက် နံနက်ပိုင်းတွင် အထက်ပါနေရာ၌ပင် သိန်းသန်းမင်း(ခ)မင်းအောင်အား ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘုံရပ် လောကပီတိလမ်းရှိ ဝေယံ(ခ) ဒေးဗစ်၏ နေအိမ်အားရှာဖွေရာ ၎င်းနှင့်အတူ နေအိမ်ခြံဝင်းအတွင်း ကျော်ဝင်း၊ ချစ်စမ်းမောင်(ခ)အောင်ကိုလတ်၊ သက်နောင်တို့အား KIA အမျိုးအစားမော်တော်ယာဉ်နှင့်အတူ တွေ့ရှိရပြီး ယင်းမော်တော် ယာဉ်အနီးမှ Sodium Cyanide ၁၂၅၀ ကီလိုကိုလည်းကောင်း၊ ကွင်းဆက်အရ ဇော်ထက်အောင်အား မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် လက်ကိုင်ဖုန်း နှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဒေါနပန်းလမ်းရှိ ဂိုဒေါင်အတွင်းမှ Sodium Cyanide ၂၀၀၀၀ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။


အားစေ(ခ)အားဆူအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ဇွန် ၆ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ မိုင်းဆတ်မြို့နယ် မိုင်းတွန်း(တောင်ပေါ်)ကျေးရွာအုပ်စု ပူနားကို ကျေးရွာနေ အားစေ(ခ)အားဆူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၉၅ ကီလို၊ ကက်တမင်း ၁၀ ဒသမ ၅ ကီလို၊ ၁၂ ဗို့ သေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ယင်းကျည်လေးတောင့်၊ ထိုင်းဘတ်ငွေ နှစ်သိန်း၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၆ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉၂ စီး၊ သွင်းကုန် ၃၈၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၃၄၁ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၁၄၁ သန်း ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးပေါ်တွင် ပီနံအိတ်ဖြင့် ထုပ်ပိုးထားသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တမလန်းခွဲသား ၂၂၁ ချောင်း (၀ ဒသမ ၄၄၇၀ တန်)နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၉ ဒသမ ၃၄၁ သန်းအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် တမလန်းခွဲသားနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

# ထီးချိုင့်မြို့နယ်တွင် မိုးကြိုးထိမှန်မှုကြောင့် ကျွဲမ ခုနစ်ကောင်သေဆုံး

**ထီးချိုင့် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် လေသာကျေးရွာအုပ်စု မဲဇာကျေးရွာနှင့် မန်ကျီးပင်ကျေးရွာတို့တွင် ယနေ့နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က မိုးသည်းထန်ရွာသွန်းပြီး မိုးကြိုးပစ်ခတ်မှုဖြစ်ပေါ်ရာ မိုးကြိုးထိမှန်မှုကြောင့် လေသာကျေးရွာအုပ်စု မဲဇာကျေးရွာနေ တောင်သူ ဦးစာဥ၏ ကျွဲမ လေးကောင်နှင့် မန်ကျီးပင်ကျေးရွာနေ တောင်သူ ဦးသက်စိုးဦး၏ကျွဲမ သုံးကောင် စုစုပေါင်း ကျွဲမ ခုနစ်ကောင် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း (ထီးချိုင့်)**

# ကလေးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးထိမှန်၍ နွားများသေဆုံး

**ကလေး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ငါးဖားအုပ်စု ခွေကြိမ်ကျေးရွာတွင် ဇွန် ၇ ရက် နံနက် ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ခဲ့သဖြင့် နွားမ ၁၉ ကောင် မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မိုးကြိုးထိမှန်သေဆုံးခဲ့သောနွားမများမှာ ကလေးမြို့နယ် ငါးဖားအုပ်စု ခွေကြိမ်ကျေးရွာတွင် နေထိုင်သည့် ဦးရေခီးရန်၏ နွားခြံမှ နွားမများဖြစ်ကြောင်း၊ နွားမတစ်ကောင်၏တန်ဖိုးမှာ ကာလတန်ဖိုး ငွေကျပ် ၄၅၀၀၀၀ ခန့်ဖြစ်၍ စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၈၅၅၀၀၀၀ ခန့်ဖြစ်ကာ လူနှင့် အခြားထိခိုက်မှုများမရှိကြောင်း သိရသည်။

**သန်းထိုက်အောင်(ပြန်/ဆက်)**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်လာသည့်အတွက် ကန့်သတ်ချက်များ ပိုမိုဖြေလျှော့ပေး

ကွာလာလမ်ပူ ဇွန် ၇

**မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း နောက်ဆုံးထွက်ပေါ်လာသည့် အချက်အလက်များတွင် ဖော်ပြလျက်ရှိရာ နိုင်ငံအတွင်းရှိ လူမှုရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများ အားလုံးနီးပါး ပြန်လည်စတင် လည်ပတ် ဆောင်ရွက်ခွင့်ပြုရန်အတွက် ကန့်သတ်ချက်ဖြေလျှော့မှုများ ပိုမိုလုပ်ဆောင်ပေးလျက်ရှိကြောင်း မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင် ယာဆင်က ဇွန် ၇ ရက်တွင် ပြောကြားခဲ့သည်။**

ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းတွင် မူဟစ်ဒင်က မလေးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကို ဆက်လက်ထိန်းချုပ်နိုင်ရေး ကြိုးပမ်းမှုနှင့်အတူ ပြည်သူများအား ပိုမိုလွတ်လပ်စေရန်အတွက် လာမည့် ဇွန် ၁၀ ရက်မှစတင်ကာ အသွားအလာ ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များကို နောက်ထပ် ဖြေလျှော့မှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့် မတ် ၁၈ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် ကန့်သတ်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး မေ ၄ ရက်တွင် ကန့်သတ်ချက်များကို စတင်ဖြေလျှော့ပေးခဲ့သည်။ ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက်ခဲ့ချိန်မှစတင်ကာ နိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေ ကျဆင်းခဲ့ပြီး မလေးရှားပြည်သူများအတွင်း ရောဂါကူးစက်မှု အခြေအနေမှာလည်း လျော့ကျခဲ့ကြောင်း မူဟစ်ဒင်က ပြောကြားခဲ့သည်။

မကြာသေးခင် အချိန်အတွင်း ရောဂါကူးစက်ခံရသူ အများစုမှာ ပြည်ပမှကူးစက်ခံရမှု သို့မဟုတ် ရွှေ့ပြောင်းသွားလာသူများ ထိန်းသိမ်းရေးစခန်းများရှိ တရားမဝင် ရွှေ့ပြောင်းသွားလာသူများထံမှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

သို့ဖြစ်ရာ မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ထိန်းချုပ်ရေး လုပ်ငန်းစဉ် အောင်မြင်ကြောင်း အခြေအနေများက ဖော်ပြနေပြီး ယခုလက်ရှိတွင် ပြန်လည်ထူထောင်သည့် ဖြစ်စဉ်သို့ ချင်းနင်းဝင်ရောက်နေပြီဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင် ယာဆင်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



မလေးရှားနိုင်ငံရှိ စူလ်တန်ဇိုင်နယ်အဘီဒင်တက္ကသိုလ်၌ ဘွဲ့ဝတ်ရုံဝတ်ဆင်ထားသည့် စက်ရုပ်များကို တွေ့ရစဉ်။

# စင်ကာပူလေကြောင်းလိုင်းက လတ်တလော အလုပ်အကိုင်လျှော့ချရန် အစီအစဉ်မရှိ

**စင်ကာပူ ဇွန် ၇**

စင်ကာပူ လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်နာလန်ထူနိုင်ရေး အလေးပေးလျက်ရှိပြီး လတ်တလော အချိန်အတွင်း အလုပ်အကိုင်လျှော့ချမည့် အစီအစဉ်မရှိသေးကြောင်း လေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ် ဂိုချွန်ဖုန်၏ ပြောကြားခဲ့မှုကို ဆန်းဒေးတိုင်းမ်း သတင်းစာက ကိုးကားဖော်ပြခဲ့သည်။





စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

စင်ကာပူ လေကြောင်းလိုင်းသည် လက်ရှိတွင် အလုပ်အကိုင်လျှော့ချရေးနှင့်ပတ်သက်၍ စဉ်းစားသုံးသပ်နေဆဲဖြစ်ကြောင်း ဂိုက အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့သည်။ အသေးစိတ်အကြောင်းအရာများကို ဖော်ပြထားခြင်းမရှိပေ။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် စင်ကာပူလေကြောင်းလိုင်းက ၎င်း၏ဝန်ထမ်းများကို မိမိသဘောဆန္ဒဖြင့် လစာမယူဘဲနုတ်ထွက်ရန် ကမ်းလှမ်းခဲ့ပြီး လေကြောင်းလိုင်းမှ ခရီးစဉ်အများစုကို ရပ်ဆိုင်းထားခဲ့ရပြီးနောက် ဝန်ထမ်းအချို့သည် ကုမ္ပဏီပြင်ပတွင် အချိန်ပိုင်းအလုပ် လုပ်ကိုင်ခဲ့ကြသည်။

စင်ကာပူလေကြောင်းလိုင်းနှင့် ၎င်း၏လက်အောက်မှ လေကြောင်းသည် ယခုလအတွင်း လေကြောင်းခရီးစဉ်အချို့ ပျံသန်းပြေးဆွဲမှုများ ပြန်လည်စတင်ခဲ့သော်လည်း ကမ္ဘာတစ်ဝန်း ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ခရီးသွားလာမှု လျော့ကျခဲ့သည့်အတွက် ခရီးစဉ်၏ ၆ ရာခိုင်နှုန်းကိုသာ ပျံသန်းပြေးဆွဲနိုင်ခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်း အများအပြားတို့သည်လည်း အလုပ်အကိုင် လျှော့ချမှုများနှင့် ရန်ပုံငွေရှာဖွေမှုများ ပြုလုပ်လျက်ရှိပြီး လေကြောင်းလိုင်းအချို့မှာ လုံးဝပြိုလဲသွားခဲ့ရသည်။

**ဘန်ကောက်ပို့စ်**

# ဂျပန်နိုင်ငံက ကိုဗစ် - ၁၉ ကာကွယ်ဆေး ထုတ်လုပ်မည့် အစီအစဉ်ကို ချပြ

**တိုကျို ဇွန် ၇**

ကိုဗစ် - ၁၉ ကာကွယ်ဆေးကို လက်တွေ့အသုံးချနိုင်မည့်အချိန် မြန်မြန်ဆန်ဆန်ရောက်ရှိစေရေးအတွက် ရေးဆွဲထားသည့် အစီအစဉ်တစ်ရပ်ကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ချပြလိုက်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ သုတေသနဆောင်ရွက်မှုနှင့် ကာကွယ်ဆေးကို ထုတ်လုပ်နိုင်မည့် လုပ်ငန်းစဉ်နှစ်ရပ်လုံးကို တစ်ချိန်တည်းမြှင့်တင်နိုင်အောင်ကြိုးပမ်းကာ လုပ်ငန်းစဉ်တစ်ရပ်လုံးကို အရှိန်မြှင့်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် လက်ရှိဘဏ္ဍာရေးနှစ်အတွက် အဆိုပြုထားသည့် ဒုတိယ ဖြည့်စွက်ဘတ်ဂျက်အတွင်း ကာကွယ်ဆေးထုတ်လုပ်ရေးကြိုးပမ်းရာတွင် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးအနေဖြင့် ဂျပန်ယန်းငွေ ၅၀ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၅၅ သန်းကို လျာထားကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ထုတ်လုပ်ရေး ဆောင်ရွက်မည့် ဌာနအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံကြမည့် ပုဂ္ဂလိကကုမ္ပဏီများကို တွန်းအားပေးရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကို အပိုဆောင်းဘတ်ဂျက်အနေဖြင့် လျာထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့် ကာကွယ်ဆေးဖော်စပ်ကာ အမြောက်အမြား ထုတ်လုပ်ဖြန့်ချိရန် နှစ်အနည်းငယ်ကြာမြင့်ကြောင်း၊ သို့ရာတွင် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အချိန်ပမာဏကို တိုတောင်းအောင် လျှော့ချသွားနိုင်ရန် မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနိုင်ငံအရှေ့ပိုင်း လေကြောင်းတိုက်ခိုက်မှုအတွင်း ဝါရင့် အီရန်တိုက်ခိုက်ရေးသမား ၁၂ ဦး သေဆုံး

**ဒမတ်စကတ် ဇွန် ၇**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် ဇွန် ၆ ရက် ညနေပိုင်းက လေကြောင်းတိုက် ခိုက်မှုတစ်ခုအတွင်း အီရန်၏ ဝါရင့် တိုက်ခိုက်ရေး သမား ၁၂ ဦးထက် မနည်း သေဆုံးခဲ့ကြောင်း စစ်ပွဲ စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

ဇွန် ၆ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုရှစ်ခုသည် ဒယ်အာအီဇွာ ပြည်နယ်အရှေ့ပိုင်းရှိ အီရန်တိုက်ခိုက်ရေးတပ်ဖွဲ့ စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားသည့်တိုက်ခိုက်မှုဖြစ်ပြီး အာဖဂန် တိုက်ခိုက်ရေးသမားများက စစ်လက်နက်ကိရိယာများကို ဖျက်ဆီးခဲ့ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အဖွဲ့က ပြောသည်။



လေကြောင်းတိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် အဆောက်အအုံပေါ်တွင် အရပ်သားနှစ်ဦးကို တွေ့ရစဉ်။

လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့်လေယာဉ်ကို မည်သည့်အဖွဲ့ကပိုင်ဆိုင်ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဖော်ထုတ်ခဲ့ခြင်းမရှိသော်လည်း အဖွဲ့ခေါင်းဆောင် ရာမီ အဗ္ဗဒူရာမန်ကမူ ယင်းကိစ္စတွင် အစ္စရေး၏လက်ချက်ဖြစ်နိုင်ကြောင်း အေအက်ဖ်ပီသို့ပြောခဲ့သည်။ အစ္စရေးသည် အီရန်နှင့် အီရန်ထောက်ခံသည့် တပ်ဖွဲ့များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုရာချီပြုလုပ်ခဲ့ပြီး ဒယ်အာအီဇွာပြည်နယ်၌လည်း မကြာခဏ တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။

ပြီးခဲ့သည့် မေလအတွင်းကလည်း အလားတူ လေကြောင်းတိုက်ခိုက်မှုနှစ်ခုအတွင်း ဝါရင့်အီရန်တိုက်ခိုက်ရေးသမား ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

**အေအက်ဖ်ပီ**

# နယူးဇီလန်၌ ၁၆ ရက်ဆက်တိုက် ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ မရှိ

**ဝယ်လင်တန် ဇွန် ၇**

နယူးဇီလန်နိုင်ငံ၌ ၁၆ ရက်ဆက်တိုက် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၇ ရက်တွင် ပြောကြားသည်။ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း အတည်ပြုထားသည့်လူနာအရေအတွက် ၁၅၀၄ ဦးနှင့် သံသယရှိလူနာ အရေအတွက် ၁၁၅၄ ဦးတွင် ဆက်လက်ရပ်တန့်နေကြောင်းသိရသည်။

ရောဂါကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသည့် လူနာ ၁၄၈၁ ဦးရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူရသည့်အဆင့် ရောက်ရှိနေသူမရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက် စုစုပေါင်းမှာ ၂၂ ဦးဖြစ်သည်။ လက်ရှိတွင် နယူးဇီလန်၏ ကိုဗစ်-၁၉ သတိပေးချက်အဆင့် -၂ တွင်ရှိနေပြီး ရောဂါဖြစ်ပွားမှု ကွင်းဆက်ကို မျက်ခြည်မပြတ်စေရေးအတွက် နယူးဇီလန်အစိုးရက ကိုဗစ်-၁၉ ခြေရာခံဆော့ဖ်ဝဲကို ဒေါင်းလုတ်ဆွဲရန် ပြည်သူများအား တိုက်တွန်းထားသည်။ အဆိုပါ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ခြေရာခံဆော့ဖ်ဝဲ၌ လက်ရှိတွင် မှတ်ပုံတင်ထားသူ ၅၁၇၀၀၀ ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကယ်လီဖိုးနီးယားတွင် ရုပ်ရှင်နှင့် တီဗွီထုတ်လုပ်ရေးများ ဇွန် ၁၂ ရက်တွင် ပြန်စမည်


**ကယ်လီဖိုးနီးယား ဇွန် ၇**

ကယ်လီဖိုးနီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမည်ကို စိုးရိမ်သောကြောင့် နှစ်လကြာပိတ်ထားခဲ့ရသည့် ရုပ်ရှင်၊ ရုပ်သံနှင့် ဂီတထုတ်လုပ်ရေးလုပ်ငန်းများကို ဇွန် ၁၂ ရက်မှစတင်ကာ ပြန်လည် လုပ်ကိုင်ခွင့်ပြုတော့မည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ဇွန် ၅ ရက်တွင် ပြောကြားခဲ့သည်။

မတ်လလယ်မှစတင်ကာ ရုပ်ရှင်နှင့် ရုပ်သံထုတ်လုပ်ရေးများကို ရပ်နားထားခဲ့ရသည်။ ဒေသတွင်းကျန်းမာရေးအရာရှိများ၏ ထောက်ခံချက်အရ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်သူ့ကျန်းမာရေးရုံးက ပြောသည်။

ကိုဗစ် - ၁၉ ကူးစက်မှုလျှော့ချရေးအတွက် ပြည်နယ်ကျန်းမာရေးဌာနအရာရှိများက ထုတ်ပြန်ထားသည့် အလုပ်သမားနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အချက်များကို ရုပ်ရှင်အဖွဲ့သားများ ဖျော်ဖြေရေးကဏ္ဍတွင် လုပ်ကိုင်နေကြသူများ လိုက်နာရမည်ဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ကယ်လီဖိုးနီးယားရှိ ကိုဗစ်- ၁၉ အဓိကကူးစက်ရာနေရာဖြစ်နေသည့်အတွက် ဟောလိဝုဒ် အဓိက စတူဒီယိုများကို လာမည့်သီတင်းပတ်အတွင်း ပြန်ဖွင့်နိုင်ခြင်း ရှိ မရှိ သေချာမသိရသေးပေ။

**အေအက်ဖ်ပီ**



လော့စ်အိန်ဂျလိစ်မြို့ရှိ ဟောလိဝုဒ်စာတန်းကို တွေ့ရစဉ်။

# ရေနံထုတ်လုပ်မှုလျှော့ချခြင်းကို အိုပက်အဖွဲ့ ဆက်လက်ပြုလုပ်သွားမည်

**ဗီယင်နာ ဇွန် ၇**

အိုပက်အဖွဲ့၊ ရုရှားနိုင်ငံနှင့် ရေနံထုတ်လုပ်သည့်နိုင်ငံများသည် ဇူလိုင်လကုန်ပိုင်းအထိ ရေနံထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်းနီးပါး လျှော့ချရန် သဘောတူခဲ့သည်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး၌ ရေနံလိုအပ်ချက် လျော့ကျနေချိန်တွင် မေလနှင့်ဇွန်လတို့တွင် ရေနံထုတ်လုပ်သည့်နိုင်ငံများအနေဖြင့် တစ်နေ့လျှင် ရေနံစည်ပေါင်း ၉ ဒသမ ၇ သန်း ထုတ်လုပ်မှုလျှော့ချရန် ဆုံးဖြတ်ခဲ့ကြသည်။




မထင်မှတ်လောက်အောင် ကျဆင်းသွားသည့် ရေနံဈေးသည် ရေနံထုတ်လုပ်မှု လျှော့ချပြီးသည့်နောက်ပိုင်းတွင် တိုးတက်လာသည့် အလားအလာများ ပြလာသည်။ သို့သော် ဇွန် ၆ ရက်က ရေနံထုတ်လုပ်သည့်နိုင်ငံများမှ ရေနံဝန်ကြီးများ အင်တာနက်မှတစ်ဆင့် အစည်းအဝေး ပြုလုပ်ခဲ့ကြပြီး လာမည့်လများတွင်လည်း ရေနံထုတ်လုပ်မှု လျှော့ချခြင်းကို ဆက်လက်လုပ်ဆောင်သွားရန် သဘောတူခဲ့ကြသည်။

၎င်းတို့သည် ဩဂုတ်လမှစတင်ကာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၇ ဒသမ ၇ သန်း လျှော့ချထုတ်လုပ်ရန် သဘောတူခဲ့သည်။ ရေနံထုတ်လုပ်သည့်နိုင်ငံများသည် ရေနံလျှော့ချထုတ်လုပ်ခြင်းဖြင့် ရေနံဈေးပြန်ကောင်းလာစေရေး မျှော်လင့်ခဲ့ကြသော်လည်း ၎င်းတို့ ထုတ်လုပ်ရမည့် သတ်မှတ်နှုန်းထားထက် ပိုမိုထုတ်လုပ်နေကြသည်။

ကမ္ဘာ့စီးပွားရေးမှာ တဖြည်းဖြည်းချင်း ပြန်လည်စတင်နေပြီဖြစ်သော်လည်း ဗိုင်းရပ်စ်ကူးစက်မှု နောက်ထပ်မြင့်တက်လာမည်ကို စိုးရိမ်နေကြဆဲဖြစ်သည်။ ရေနံလိုအပ်ချက် မူလအတိုင်းပြန်ဖြစ်ရန် အချိန်ယူရဦးမည်ဖြစ်ပြီး ယခုကဲ့သို့ ရေနံလျှော့ချထုတ်လုပ်ခြင်းဖြင့် ဈေးကွက်အတွက် ရေနံများ အဆမတန် များပြားနေခြင်းကိုလျှော့ချနိုင်ခြင်း ရှိ မရှိ မသေချာသေးပေ။

**အင်န်အိတ်ချ်ကေ**

# လစ်ဗျားတွင် နိုင်ငံရေးအရ အဖြေရှာမှုများပြုလုပ်ရန် အီဂျစ်နိုင်ငံ၏ ပဏာမခြေလှမ်းကို အမေရိကန်ကြိုဆို

**ထရီပိုလီ ဇွန် ၇**

လစ်ဗျားနိုင်ငံရှိ အရှေ့ပိုင်းအခြေစိုက်တပ်များနှင့် ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသော အစိုးရတို့အကြား နိုင်ငံရေးအရ အဖြေရှာမှုပြုလုပ်နိုင်ရေး အီဂျစ်နိုင်ငံ၏ ပဏာမခြေလှမ်းကို ကြိုဆိုကြောင်း လစ်ဗျားနိုင်ငံရှိ အမေရိကန်သံရုံးက ဇွန် ၆ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ နိုင်ငံရေးအခြေအနေများကို အမေရိကန်ပြည်ထောင်စုက စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်နေကြောင်း၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲ ပြန်စတင်နိုင်ရန် မျှော်လင့်နေကြောင်း အမေရိကန်သံရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စနိုင်ရေးနှင့် အပစ်အခတ်ရပ်စဲရေးကြေညာနိုင်ရေးတို့အတွက် အီဂျစ်နိုင်ငံနှင့်အခြားနိုင်ငံများ၏ ကြိုးပမ်းမှုများကို ကြိုဆိုကြောင်း ကြေညာချက်တွင်ပါရှိသည်။ အီဂျစ်သမ္မတ အဗ္ဗဒယ် ဖာတာ အယ်စီစီက လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးအရ အဖြေရှာမှုများပြုလုပ်နိုင်ရေး ဇွန် ၆ ရက်တွင် ကိုင်ရိုကြေညာမှုကို ပြုလုပ်ခဲ့သည်။ လစ်ဗျားနိုင်ငံ အရှေ့ပိုင်းအခြေစိုက် ခါလစ်ဖာ ဟတ်ဖ်တာနှင့် အီဂျစ်သမ္မတတို့ ကိုင်ရိုမြို့တွင် ဆွေးနွေးပြီးနောက် ကြေညာမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကိုင်ရိုကြေညာမှုအရ လစ်ဗျားနိုင်ငံရေးပါတီများကြား အဖြေရှာမှုကို ဇွန် ၈ ရက်တွင် စတင်မည်ဖြစ်ပြီး ကုလသမဂ္ဂမှကြီးကြပ်သည့် လစ်ဗျား သမ္မတကောင်စီရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဖွဲ့စည်းပုံ မူကြမ်းကြေညာမှုတို့ကို တစ်ဆင့်ချင်းစီ လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# တိုကျိုမြို့ရှိ ညကပွဲရုံအလုပ်သမားများ ကိုဗစ်-၁၉ ရှိ မရှိ စစ်ဆေးကြရန် အစိုးရတောင်းဆို


ညပိုင်းတွင် သက်ဝင်လှုပ်ရှားနေသည့် တိုကျိုမြို့ ရှီဘူရာရပ်ကွက်ကို တွေ့ရစဉ်။

**တိုကျို ဇွန် ၇**

တိုကျိုမြို့တော် ဧရိယာဝန်းကျင်တွင် အလုပ်လုပ်ကိုင်ကြသည့် ညကပွဲရုံအလုပ်သမားများ ကိုဗစ်-၁၉ ရှိ မရှိ ပုံမှန်စစ်ဆေးမှုခံယူကြရန် တောင်းဆိုထားကြောင်း အုပ်ချုပ်ရေးမှူး ယူရီကိုကို အီကီက ဇွန် ၇ ရက်တွင် ပြောကြားခဲ့သည်။ တိုကျိုမြို့ရှိ ညကပွဲရုံများဖွင့်လှစ်ရာ ရပ်ကွက်တွင် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ရည်ရွယ်ထားသည့် မူဝါဒတစ်ရပ်လည်းဖြစ်သည်။ လွန်ခဲ့သောလနှောင်းပိုင်းမှစတင်ကာ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပြီးနောက် ညကပွဲရုံနှင့် ဆက်စပ်ကာ ကိုဗစ်-၁၉ ကူးစက်ခံရမှု ရှိလာသည်။ ဇွန် ၆ ရက်ကလည်း တိုကျိုမြို့ဧရိယာဝန်းကျင်တွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၂၆ ဦးတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ၁၂ ဦးမှာ အသက် ၂၀နှင့် ၃၀ကြား ရှင်ကျူကူရပ်ကွက်ရှိ ညကပွဲရုံတွင် အလုပ်လုပ်ကိုင်နေသည့် အမျိုးသားများဖြစ်ကြသည်။ နောက်ထပ်လေးဦးမှာလည်း ညကပွဲရုံများနှင့် ဆက်စပ်မှုရှိသည်ဟု တွေ့ရှိရသည်။

ဂျပန်အစိုးရသည် မေ ၂၅ ရက်မှ စတင်ကာ တစ်နိုင်ငံလုံးအနှံ့ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားခြင်းကို ရုပ်သိမ်းပေးခဲ့သည်။ တိုကျိုမြို့သည် ကူးစက်မှုအမြင့်ဆုံးမြို့ဖြစ်ပြီး လူပေါင်း ၅၄၀၀ ကူးစက်ခံထားရသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ဒုတိယအဆင့် စီးပွားရေးကန့်သတ်ထားမှုများကို ဖြေလျှော့ပေးခဲ့သည်။ ရုပ်ရှင်ရုံများနှင့် အားကစားခန်းမများ ပြန်ဖွင့်ခွင့်ပေးခဲ့သည်။

**ကျိုဒိုနယူးစ်**

# သီရိလင်္ကာတွင် ဩဂုတ်လအတွင်း လေဆိပ်ပြန်ဖွင့်ပါက ခရီးသွားများအတွက် လုံခြုံစေရမည်

**ကိုလံဘို ဇွန် ၇**

သီရိလင်္ကာနိုင်ငံတွင် ဩဂုတ် ၁ ရက်တွင် လေဆိပ်များပြန်ဖွင့်ပါက ခရီးသွားများအတွက် လုံခြုံရေးအဆင့်အတန်းအမြင့်ဆုံး ဖြစ်နေရမည်ဟု ခရီးသွားလာရေးဝန်ကြီးက ဇွန် ၇ ရက်တွင် ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ကိုလံဘိုမြို့ရှိ ဘန်ဒရာနိုင်ယကေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရက်မလာနာအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဟန်ဘန်တိုတာ မက်တလာ ရာဂျာပတ်ဆာ အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို ဩဂုတ် ၁ ရက်တွင် ပြန်ဖွင့်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာမှ ခရီးသည်များကို လက်ခံသွားမည်ဖြစ်သည်။ သီရိလင်္ကာခရီးသွား ဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့ ကမ္ဘာ့ကျန်းမာရေးနှင့် ခရီးသွားအာဏာပိုင်များက ချမှတ်ထားသော ထောက်ခံချက်များအရ ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

ဗီဇာထုတ်ပေးခြင်းလုပ်ငန်းကို အွန်လိုင်းပေါ်မှသာ လုပ်ဆောင်သွားမည်ဖြစ်ပြီး ခရီးသွားလာခွင့်အတွက် ကြိုတင်လျှောက်ထားရမည်ဖြစ်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာမှခရီးသွားများသည် သီရိလင်္ကာနိုင်ငံသို့ မလာရောက်မီ ဓာတ်ခွဲခန်းမှ ၇၂ နာရီအတွင်း ထောက်ခံချက်ပေးထားသည့် ကိုဗစ် - ၁၉ ကင်းစင်ကြောင်း လက်မှတ်ပါရှိရမည်ဖြစ်သည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အပြစ်မရှိသည့်ကလေးများ တိုက်ခိုက်ခံရသည့်အတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ရှုတ်ချ

**ဂျီနီဗာ ဇွန် ၇**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အသက် ၁၅ နှစ်အောက် မိန်းကလေးငါးဦးအပါအဝင် ၁၆ ဦး အသတ်ခံလိုက်ရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ဇွန် ၆ ရက်က ကြေညာလိုက်သည်။

**ပြင်းထန်စွာရှုတ်ချ**

အပြစ်မရှိသည့် ကလေးများကို တိုက်ခိုက်ခဲ့သည့်အတွက် ၎င်းတို့အနေဖြင့် ပြင်းထန်စွာရှုတ်ချကြောင်း ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် အက်ဒွက်ဘိုက်ဘီဒါက ပြောသည်။

ကုလသမဂ္ဂအသိအမှတ်ပြုအစီရင်ခံစာတွင် အဆိုပါတိုက်ခိုက်မှုသည် ဇွန် ၃ ရက်က တူရီပြည်နယ်မြို့တော် ဘူနီယာမြောက်ပိုင်း ဂျူဂူဒေသရှိ ရွာကလေးတစ်ရွာတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဆင်ဟွာ

## ဂျီဟတ် အတွင်းရေးမှူးချုပ်ဟောင်းသေဆုံး

**ဂါဇာ ဇွန် ၇**

ပါလက်စတိုင်း အစ္စလာမ့်ဂျီဟတ် အတွင်းရေးမှူးချုပ်ဟောင်း ရာမာဒန်ရှာလာ သေဆုံးကြောင်း ၎င်း၏အဖွဲ့က ဇွန် ၆ ရက်တွင် ကြေညာလိုက်သည်။

**ထုတ်ပြန်ကြေညာ**

နိုင်ငံရေးတွင် အဓိကပုဂ္ဂိုလ်တစ်ဦးဖြစ်သော ရှာလာသည် အသက် ၆၂ နှစ်တွင် သေဆုံးခဲ့ကြောင်း ၎င်း၏ အုပ်စုက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြလိုက်သည်။

**ဆီးရီးယားနှင့်ဆက်နွယ်**

၁၉၅၈ ခုနှစ်က ဂါဇာတွင်မွေးဖွားခဲ့သော ရှာလာသည် အစ္စလာမ့်ဂျီဟတ်အုပ်စုကို တည်ထောင်သူတစ်ဦးဖြစ်သည်။ ၎င်းသည် လက်ဘနွန်တွင် နေထိုင်ခဲ့ပြီး ဆီးရီးယားနှင့် ခိုင်မာသောဆက်နွယ်မှုရှိသည်။

**အဓိကအကြမ်းဖက်သမား**

၁၉၉၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ၎င်းသည် ဂျီဟတ်အုပ်စု၏ ခေါင်းဆောင် ဖြစ်ခဲ့သည်။

၎င်းကို အုပ်စု၏ အတွင်းရေးမှူးချုပ်ရာထူး ခန့်အပ်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းကို အမေရိကန်က အဓိကအကြမ်းဖက်သမားအဖြစ် ကြေညာခဲ့သည်။ ပါလက်စတိုင်း အစ္စလာမ့် ဂျီဟတ်အဖွဲ့ကို အမေရိကန်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သို့ စာရင်းသွင်းထားသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်စွာထိန်းချုပ်လိုက်တဲ့ ပြင်သစ်

**ထွန်းသစ်စ**

ပြင်သစ်နိုင်ငံမှာ အခုဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့ပြီလို့ အစိုးရသိပ္ပံဆိုင်ရာအကြံပေးကောင်စီရဲ့ အကြီးအကဲက ပြောကြားလိုက်မှုနဲ့အတူ မတ်လကပြဋ္ဌာန်းခဲ့တဲ့ ကန့်သတ်ထိန်းချုပ်မှုတွေကနေ သတိကြီးစွာထားပြီး ရုန်းထွက်ဖို့ကြိုးစားနေပါတယ်။



ပါရီရှိ ဗာဆိုင်းနန်းတော်ကြီးကို ပြန်လည်ဖွင့်လှစ်ရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကို အခုဆိုရင် ထိန်းချုပ်နိုင်ပြီလို့ ပြောနိုင်ပြီဖြစ်ကြောင်း အစိုးရရဲ့ သိပ္ပံဆိုင်ရာအကြံပေးကောင်စီအကြီးအကဲ ဒယ်ဖရက်စီက ဖရန့်စ်အင်တာရေဒီယိုကို ပြောကြားလိုက်ပါတယ်။ ကိုဗစ်-၁၉ ဟာ အထူးသဖြင့် သတ်မှတ်ထားတဲ့ဒေသတွေမှာပဲ ဆက်လက်ဖြစ်ပွားနေသော်လည်း ဖြစ်ပွားမှုနှုန်းနှေးကွေးလာတယ်လို့ ဒယ်ဖရက်စီက ဆက်လက်ပြောပါတယ်။

### ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်အောင်

ဒယ်ဖရက်စီနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ကိုဗစ်-၁၉ အကြံပေးအဖွဲ့အဖြစ် ခန့်ထားပါတယ်။ ဒယ်ဖရက်စီဟာ ရောဂါကူးစက်ခြင်းကို လေ့လာနေတဲ့ ပညာရှင်ဖြစ်ပါတယ်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့တွေက ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ခြင်းကို ထိန်းချုပ်နိုင်အောင်ကြိုးစားနေသလို ကိုဗစ်-၁၉ ကြောင့် ပြင်သစ်နိုင်ငံတစ်ဝန်းသေဆုံးသူ ၂၉၀၀၀ ကျော်လာခဲ့ပါတယ်။ ဇွန် ၆ ရက်က ကိုဗစ်-၁၉ ကြောင့် နေ့စဉ်သေဆုံးသူဦးရေဟာ ၄၆ ဦးသာရှိခဲ့ပြီး ကျဆင်းလာခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဇွန် ၆ ရက် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကိုဗစ်-၁၉ ခံစားနေရသူ ၁၀၉၄ ဦးအား အထူးကြပ်မတ်ကုသဆောင်မှာ ကုသပေးလျက်ရှိပါတယ်။ ဒီပမာဏဟာ ဧပြီအစောပိုင်းက အထူးကြပ်မတ်ဆောင်မှာ ကုသပေးနေတဲ့ ရောဂါပြင်းထန်သူ ၇၀၀၀ ထက် များစွာလျော့နည်းကျဆင်းလာတဲ့ ပမာဏ ဖြစ်ပါတယ်။

### ကူးစက်မှု လျော့ကျလာ

ပြင်သစ်မှာ တစ်နေ့ကို ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၁၀၀၀ ဝန်းကျင်ခန့်ရှိပြီး ဒီပမာဏဟာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အိမ်တွင်း၌ နေထိုင်ရန်နဲ့ စီးပွားရေးလုပ်ငန်းတွေ ပိတ်ထားရန် မကြေညာခင် မတ်လအစောပိုင်းကဖော်ပြတဲ့ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ၈၀၀၀၀ ထက် စာရင် အလွန်ကို လျော့နည်းကျဆင်းခဲ့တာကို ဖော်ပြပါတယ်။

ကြာသပတေးနေ့က ဖော်ပြခဲ့တဲ့ နောက်ဆုံးတွေ့ရှိချက်အရ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူဦးရေဟာ ဇွန် ၂ ရက်အထိ ၁၅၁၃၂၅ ဦး ဖြစ်တယ်လို့ ပြင်သစ်ကျန်းမာရေးအေဂျင်စီတစ်ခုက ဖော်ပြလိုက်ပါတယ်။ အခုအခါမှာတော့ ပြင်သစ်နိုင်ငံတစ်ဝန်း စားသောက်ဆိုင်တွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုနေပြီး ကျောင်းသားတွေလည်း ကျောင်းပြန်တက်နေပါပြီ။

သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဟာ ဆက်လက်မြင့်တက်နိုင်သေးတယ်လို့ သတိပေးထားပါသေးတယ်။ ကိုဗစ်-၁၉ သံသယရှိသူတွေအားလုံးကို စနစ်တကျစမ်းသပ်မှု မလုပ်ဆောင်နိုင်သောကြောင့် တကယ်ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကူးစက်ခံရသူတွေမှာ တရားဝင်ဖော်ပြထားတဲ့ စာရင်းဇယားတွေထက်တောင် များနေနိုင်ပါတယ်။

### ရောဂါထိန်းချုပ်ဖို့ ဆောင်ရွက်

လာမယ့်သီတင်းပတ်အတွင်းမှာ ကိုဗစ်-၁၉ ဘယ်လိုမျိုး ပြန်လည်ဖြစ်ပွားလာနိုင်သလဲဆိုတာနဲ့ပတ်သက်ပြီး အနာဂတ်ဖြစ်နိုင်ခြေတွေအတွက် အကောင်းဆုံးပြင်ဆင်ထားဖို့ ကိုဗစ်-၁၉ ဆိုင်ရာ အကြံပေးအဖွဲ့က သက်ဆိုင်ရာအာဏာပိုင်တွေကို ယခုသီတင်းပတ်မှာ တိုက်တွန်းထားပါတယ်။ ပထမဆုံးလုပ်ဆောင်ရမှာကတော့ ရောဂါကာကွယ်ထိန်းချုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ စစ်ဆေးမှုတွေ၊ ခြေရာခံမှုတွေ၊ ခွဲထားမှုတွေ ပိုမိုပြုလုပ်ဖို့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ကို တိုက်တွန်းထားပါတယ်။ အကယ်၍များ ကိုဗစ်-၁၉ ကူးစက်မှု ထပ်မံမြင့်တက်လာပါက ပိုမိုအန္တရာယ်ရှိလာနိုင်ပါတယ်။

လတ်တလောမှာတော့ ကိုဗစ်-၁၉ ပြင်းထန်စွာဖြစ်ပွားနေသူ ၇၅ ဦး နီးပါးကို နယ်ပယ်ဒေသလေးခုမှာ အုပ်စုလေးအုပ်စု ခွဲထားပါတယ်။ အဲဒီနယ်ပယ်ဒေသတွေကတော့ ပါရီ၊ ကိုဗစ်-၁၉ ဆိုးရွားစွာခံစားရတဲ့ နိုင်ငံအရှေ့မြောက်ပိုင်းမှာရှိတဲ့ နယ်ပယ်ဒေသနှစ်ခု၊ မြို့တော်လိုင်ယွန်အနီး နိုင်ငံအရှေ့တောင်ဘက်တို့ ဖြစ်ကြပါတယ်။

ပါရီမှာတော့ ကိုဗစ်-၁၉ ခြိမ်းခြောက်မှုအခြေအနေကို လိမ္မော်ရောင်သတ်မှတ်ထားပါတယ်။ တခြားနေရာတွေမှာတော့ အစိမ်းရောင်သတ်မှတ်ထားပါတယ်။ အစိမ်းရောင်အခြေအနေက မစိုးရိမ်ရတဲ့အတွက် အစိုးရအရာရှိတွေက စားသောက်ဆိုင်တွေ၊ ဘားတွေ၊ ကော်ဖီဆိုင်တွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ထို့အတူ နေအိမ်မှ မိုင် ၆၀ အထိသာ သွားရမယ်ဆိုတဲ့ ကန့်သတ်ချက်တွေလည်း ဖယ်ရှားပေးလိုက်ပါတယ်။ သို့သော်လည်း လိမ္မော်ရောင်သတ်မှတ်ထားတဲ့ ပါရီလိုနေရာမျိုးကတော့ အပြင်ဘက် ကော်ဖီဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာ ထွက်ထိုင်တဲ့အထိသာ ခွင့်ပြုထားပါသေးတယ်။

### လူစုလူဝေးတွေ တားမြစ်ထားဆဲ

ကျောင်းသားတွေ ကျောင်းကို ပြန်လည်တက်ရောက်နေသော်လည်း လူ ၁၀ ဦးထက် ပိုမိုစုဝေးခြင်းကို အခုအချိန်အထိ တားမြစ်ထားပါသေးတယ်။ လိမ္မော်ရောင်သတ်မှတ်ထားတဲ့ နယ်ပယ်ဒေသတွေမှာရှိတဲ့ ကျောင်းတွေကိုတော့ ပိတ်ထားဆဲရှိပါတယ်။ ထို့အတူ တက္ကသိုလ်တွေကိုလည်း စက်တင်ဘာလအထိပြန်လည်ဖွင့်လှစ်မယ့် အရိပ်အယောင် မတွေ့ရသေးပါဘူး။

> **“ကျောင်းသားတွေ ကျောင်းကို ပြန်လည် တက်ရောက်နေသော်လည်း လူ ၁၀ ဦးထက် ပိုမိုစုဝေးခြင်းကို အခုအချိန်အထိ တားမြစ်ထားပါသေးတယ်။ လိမ္မော်ရောင်သတ်မှတ်ထားတဲ့ နယ်ပယ်ဒေသတွေမှာရှိတဲ့ ကျောင်းတွေကိုတော့ ပိတ်ထားဆဲရှိပါတယ်။ ထို့အတူ တက္ကသိုလ်တွေကိုလည်း စက်တင်ဘာလအထိ ပြန်လည်ဖွင့်လှစ်မယ့် အရိပ်အယောင် မတွေ့ရသေးပါဘူး”**

ပါရီမြို့မှာ ဇူလိုင် ၁၄ ရက်မှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ဘက်စ်တယ်လီနေ့ စစ်ရေးပြအခမ်းအနားကို ကျန်းမာရေးဝန်ထမ်းများအား အလေးအမြတ်ပြုတဲ့ပွဲနဲ့ အစားထိုးလိုက်ပါတယ်။ သို့သော်လည်း ရွှေ့ဆိုင်းထားတဲ့ ပြင်သစ်ဖလားဖိုင်နယ်ပွဲကိုတော့ ကန့်သတ်ပွဲကြည့်ပရိသတ်နဲ့ ဆက်လက်ပြုလုပ်သွားမယ်လို့ ဘောလုံးအဖွဲ့အစည်းက ပြောပါတယ်။

ဧပြီလက ရွှေ့ဆိုင်းခဲ့တဲ့ ပြည်တွင်း ဖိုင်နယ်ပွဲတွေကိုတော့ နောက်ရာသီမတိုင်မီ ဩဂုတ်လမှာကျင်းပဖို့ လျာထားပါတယ်။

ဇွန် ၂၂ ရက်မှာ အစိုးရဟာ နောက်ထပ်ကန့်သတ်ချက်တွေကို ထပ်မံဖြေလျှော့ပေးဖို့ မျှော်လင့်ထားပါတယ်။ အဲဒီဖြေလျှော့ပေးမယ့် ကန့်သတ်ချက်တွေမှာ ရုပ်ရှင်ရုံတွေပြန်ဖွင့်တာ၊ မြို့တော်ဝန်ရွေးကောက်ပွဲ ဒုတိယအကျော့ဆန္ဒမဲပေးတာတို့ ပါဝင်မှာဖြစ်ပါတယ်။ မြို့တော်ဝန်ရွေးကောက်ပွဲ ဒုတိယအကျော့ဆန္ဒမဲပေးတာကို မတ်လက ကျင်းပဖို့ စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကြောင့် အခုအခါမှာတော့ ဇွန် ၂၈ ရက်မှာ ကျင်းပဖို့ ရွှေ့ဆိုင်းလိုက်ရပါတယ်။

### အကောင်းဆုံး ရုန်းထွက်နိုင်အောင် ကြိုးစား

အခြေအနေတွေအားလုံးကောင်းသွားရင်တော့ လိမ္မော်ရောင်သတ်မှတ်ထားတဲ့နေရာတွေကို အစိမ်းရောင်သတ်မှတ်ထားတဲ့ နေရာတွေလိုမျိုး လုပ်ကိုင်ဆောင်ရွက်ခွင့်တွေ ခွင့်ပြုပေးမယ်လို့ ဝန်ကြီးချုပ် အက်ဒွက်ဖီးလစ်က ယခုသီတင်းပတ်မှာ ပြောကြားလိုက်ပါတယ်။ ပြင်သစ်နိုင်ငံဟာ ကိုဗစ်-၁၉ မှ အကောင်းဆုံးရုန်းထွက်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေသလို ကမ္ဘာ့နိုင်ငံတွေလည်း ပြင်သစ်နိုင်ငံလိုမျိုး ကိုဗစ်-၁၉ မှ အကောင်းဆုံး ရုန်းထွက်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

လတ်တလောမှာ ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းဟာ ဇွန် ၇ ရက်အထိ ၆၉၉၄၆၀၅ ဦးအထိ မြင့်တက်လာပြီး သေဆုံးသူပေါင်းဟာလည်း ၄၀၂၄၅၃ ဦးအထိ ဖြစ်လာပါတယ်။

ကိုးကား - အေအက်ဖ်ပီ

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၆–၆–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၃၃၅) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၆–၆–၂၀၂၀) ရက်နေ့တွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၄၇၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL–Mdy) မှ ဓာတ်ခွဲနမူနာ (၂၇၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၆၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၉၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၇–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၀) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၇–၆–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၆–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၃၅) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၇–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – Mdy) မှ ဓာတ်ခွဲနမူနာ (၂၈၃) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၅) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၉၂) ခု၊ စုစုပေါင်း (၁၂၀၀) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၇–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၂) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၅၆) ဦးရှိပြီး ၎င်းတို့အနက် (၁၃၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၆–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၇–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၃) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၀) ခု |
| (၇-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL - Mdy) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၃) ခု |
| (၇-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| (၇-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၄၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၅၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၇–၆–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | အမြဲတမ်း နေရပ်လိပ်စာ | COVID–19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 241 | ၅၈ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့် လူနာ * |
| 242 | ၃၆ နှစ် | မ | သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | မကွေးပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထား ရှိသူ (သရက် မြို့နယ်) |

*ဗိုလ်တထောင်မြို့နယ်တွင် အသွားအလာကန့်သတ်ထားရှိပြီး ရောဂါလက္ခဏာပြသဖြင့် ဆေးရုံသို့ ပြောင်းရွှေ့ကုသထားသည့် စောင့်ကြည့်လူနာ

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ဇွန် ၇ ရက်၌ ၁၆၃၅ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၃၅ ဦးသည် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် **(ယနေ့)** ပြန်လည်ဝင်ရောက်လာသည်။ **(ယာပုံ)**

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၂ ရက်တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ **(ယနေ့)** ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၁၆၀၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦး၊ ဇွန် ၄ ရက်တွင် ဝင်ရောက်သူ ၁၂၀၄ ဦးအနက် ၁၂၃ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံတာဝန်ရှိသူများက လာရောက်လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၀၁၅ ဦး၊ အမျိုးသမီး ၆၂၀ စုစုပေါင်း ၁၆၃၅ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



# ရောဝတီဖောင်ဒေးရှင်းက မိဘမဲ့ကလေးငယ်များနှင့် အဘိုးအဘွားများအား လှူဒါန်း

**ရန်ကုန် ဇွန် ၇**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အခက်အခဲအကျပ်အတည်း ရှိနေသော မိဘမဲ့ကလေးငယ်များနှင့် အဘိုး အဘွားများအတွက် ဇွန် ၆ ရက်နှင့် ၇ ရက်က ပရဟိတကျောင်း၊ မိဘမဲ့ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ကာ လှူဒါန်းမှုများ ပြုလုပ်သည်။ **(အောက်ပုံ)**

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်၏ သားဖြစ်သူ ကိုရဲမာန်ဇော်၊ သမီးဖြစ်သူ မအိမ့်မှူးဇော်နှင့် သူငယ်ချင်းများသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာရှိ မျိုးဆက်သစ် ပရဟိတကျောင်းမှ မိဘမဲ့နို့စို့ကလေးအရွယ် ၃၃ ဦး၊ အသက် ၄ နှစ်မှ ၆ နှစ်ကြား ကလေးငယ် ၆၈ ဦး၊ ကျောင်းသား ၄၂ ဦးနှင့် သံဃာတော်များအပါအဝင် စုစုပေါင်း ၁၅၂ ဦးအတွက် ဆန်၊ ဆီ၊ ကလေးနို့မှုန့်၊ ကလေးအရုပ်များနှင့် ငွေကျပ် ၁၀ သိန်းကို ဆရာတော် ဦးဓမ္မနန္ဒထံသို့ လည်းကောင်း၊ ရွှေပြည်သာမြို့နယ် (၁၁) ရက်ကွက်ရှိ မေတ္တာရင်ခွင် မိဘမဲ့ကျောင်း (ခရစ်ယာန်ကျောင်း) ရှိ ကျောင်းသားနှင့် မွေးကင်းစကလေးငယ် စုစုပေါင်း ၇၁ ဦးအတွက် ဆန်၊ ဆီ၊ ကလေးနို့မှုန့်နှင့် ဗလာစာအုပ်များ၊ ငွေကျပ် ၁၀ သိန်းကို ဆရာမ ဒေါ်မာစီစောဒိမ်ထံသို့ လည်းကောင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်းရှိ ချမ်းသာအောင် သီလရှင်ပညာရေးကျောင်းရှိ မိဘမဲ့ကလေးငယ် ၄၅ ဦး၊ သီလရှင် ၁၅ ပါးတို့အတွက် ဆန်၊ ဆီ၊ ဗလာစာအုပ်များနှင့် ငွေကျပ် ၁၂ သိန်းကို သီလရှင်ဆရာကြီး ဒေါ်သုဝဏ္ဏာဉာဏီထံသို့ လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ကျီစုကျေးရွာ YGW ထာဝရဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၄ ဦးအတွက် ဆန်၊ ဆီ၊ Ensure ဘူး (အာဟာရဖြည့်စွက်စာ) များနှင့် ငွေကျပ် ၁၄ သိန်း ၆ သောင်းတို့ကို ဆရာတော် ဦးဝိဇယထံသို့ လည်းကောင်း လှူဒါန်းသည်။




ရောဝတီ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဘက်ပေါင်းစုံမှ ပါဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- ကိုမိုး**

# တောင်ငူမြို့၌ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အဖွဲ့ဝင်မိသားစုများအား အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့

**တောင်ငူ ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း မသန်စွမ်းသူများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (ရန်ကုန်ရုံးချုပ်)မှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းများအား မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ တောင်ငူရုံးခွဲ၌ အဖွဲ့ဝင် မသန်စွမ်းသူများအား ယနေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့လှူဒါန်းရာတွင် အရေးတကြီးလိုအပ်နေသည့် အဖွဲ့ဝင် မသန်စွမ်းမိသားစု ၅၀ အတွက် မိသားစုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ၊ ကြက်သွန်၊ နှာခေါင်းစည်း၊ အရက်ပျံနှင့် Dattol ပိုးသတ်ဆေးများကို တောင်ငူရုံးခွဲ အတွင်းရေးမှူး ဒေါ်နီနီအောင်နှင့် အဖွဲ့ဝင်များက ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခဲ့သည်။ ပထမအကြိမ်အဖြစ် မေလက အလင်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် တောင်ငူပရဟိတလူငယ်အဖွဲ့တို့ ပူးပေါင်းပြီး မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (တောင်ငူ) အဖွဲ့ဝင်မိသားစု ၁၂၀ တို့အား ဆန်ခြောက်ပြည်အပါအဝင် အခြေခံစားသောက်ကုန် ရှစ်မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကာ တောင်ငူမြို့၌ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တွင် အဖွဲ့ဝင်မိသားစု ၃၀၀ ခန့်ရှိကြောင်း သိရသည်။ **၀၄၈**



# ဟိုပုံးမြို့၌ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူ ၈၈ ဦးအား အသွားအလာကန့်သတ်စောင့်ကြည့်

**ဟိုပုံး ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၈၈ ဦးသည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဟိုပုံးမြို့သို့ ရောက်ရှိခဲ့ပြီး နောင်တောင်း ပရဟိတဘုန်းတော်ကြီးကျောင်းရှိ နောင်တောင်းမြရတနာလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း အဆောက်အအုံ၌ အသွားအလာကန့်သတ်စောင့်ကြည့်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

နေရပ်ပြန်ပြည်သူများကို မြို့နယ်ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များက ကျန်းမာရေးစစ်ဆေးခြင်း၊ သတ်မှတ်အဆောင်အသီးသီးတွင် နေရာချထားပေးခြင်း၊ အသွားအလာကန့်သတ် စောင့်ကြည့်ရေးဝင်ရောက်စဉ် လိုက်နာဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးသည်။



အဆိုပါ နေရပ်ပြန်ပြည်သူများသည် မြဝတီမြို့ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း၊ နေရပ်ပြန်ပြည်သူများတွင် ရှမ်းပြည်နယ်တောင်ပိုင်းမှ ၇၆ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၁၂ ဦးဖြစ်ကြောင်း သိရသည်။ **နေမင်းထွန်း (ဟိုပုံး)**

# ပူတာအိုမြို့၌ စားသောက်ဆိုင်များအား ဆိုင်ထိုင်စားသောက်ခွင့်ပြုနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇွန် ၇**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ကိုဗစ်-၁၉ ကာလအတွင်း ဆိုင်ထိုင်စားသောက်သည့်စနစ်မှ ပါဆယ်စနစ်ဖြင့် ရောင်းချခွင့်ပြုခဲ့သည့် စားသောက်ဆိုင်များအား ဆိုင်ထိုင်စားသောက်ခွင့်ပြုနိုင်ရေးအတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၇ ရက်က အဆိုပါ ကိုဗစ်-၁၉ လုပ်ငန်းကော်မတီအဖွဲ့များက ကွင်းဆင်းဆောင်ရွက်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ချမှတ်ထားသည့် စည်းကမ်းချက်များကို မေ ၂၅ ရက်တွင် စားသောက်ဆိုင်ပိုင်ရှင်များအား ခေါ်ယူကာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိရေးအတွက် ချပြရှင်းလင်းပေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုလွင်က ၎င်းစည်းကမ်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့် စားသောက်ဆိုင် လေးဆိုင်ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖုန်ကန် (ပူတာအို)**

# ဇွန် ၇ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂ ဦး ရှိသွားပြီ

နေပြည်တော် ဇွန် ၇

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ နှစ်ဦး ရှိပြီး ၎င်းတို့မှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးတို့ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၄၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၅၆ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၃၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၃၇၃၁၉ | ၂၄၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၅၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၂၃၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၃၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၈ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၃ | |
| ၉ | ရခိုင် | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၄၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၇-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၉၉၀၀၄၆ | ၇၅၂၀၄၉ | ၁၁၂၁၁၃ |
| ၂။ | ဘရာဇီး | ၆၇၆၄၉၄ | ၃၀၂၀၈၄ | ၃၆၀၄၄ |
| ၃။ | ရုရှား | ၄၆၇၆၇၃ | ၂၂၆၇၃၁ | ၅၈၅၉ |
| ၄။ | စပိန် | ၂၈၈၃၉၀ | စိစစ်ဆဲ | ၂၇၁၃၅ |
| ၅။ | ဗြိတိန် | ၂၈၄၈၆၈ | စိစစ်ဆဲ | ၄၀၄၆၅ |
| ၆။ | အိန္ဒိယ | ၂၄၈၂၂၈ | ၁၁၉၄၁၅ | ၆၉၅၇ |
| ၇။ | အီတလီ | ၂၃၄၈၀၁ | ၁၆၅၀၇၈ | ၃၃၈၄၆ |
| ၈။ | ပီရူး | ၁၉၁၇၅၈ | ၈၂၇၃၁ | ၅၃၀၁ |
| ၉။ | ဂျာမနီ | ၁၈၅၇၃၂ | ၁၆၉၁၀၀ | ၈၇၇၀ |
| ၁၀။ | အီရန် | ၁၇၁၇၈၉ | ၁၃၄၃၄၉ | ၈၂၈၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇ - ၆ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၇၉၁၀ | ၂၄၅၅၉ | ၂၅ |
| အင်ဒိုနီးရှား | ၃၁၁၈၆ | ၁၀၄၉၈ | ၁၈၅၁ |
| ဖိလစ်ပိုင် | ၂၁၈၉၅ | ၄၅၃၀ | ၁၀၀၃ |
| မလေးရှား | ၈၃၂၂ | ၆၆၇၄ | ၁၁၇ |
| ထိုင်း | ၃၁၁၂ | ၂၉၇၂ | ၅၈ |
| ဗီယက်နမ် | ၃၂၉ | ၃၀၇ | ၀ |
| မြန်မာ | ၂၄၂ | ၁၅၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၈ | ၀ |

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့်မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေး အခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသောအာဟာရ မှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

# ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ကိုးထောင်ကျော်အား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးနိုင်ခဲ့



နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားဖြင့် ပို့ဆောင်ပေးစဉ်။

**လားရှိုး ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် မေ ၆ ရက်မှ စတင်ကာ လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် ဇွန် ၇ ရက်၌ နေရပ်ပြန် အမျိုးသား ၁၇၄ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၆၀ တို့ကို ထပ်မံပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၂၆၀ တို့တွင် ကချင်ပြည်နယ်မှ ၃၆ ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၆၀၊ မကွေးတိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ရခိုင်ပြည်နယ်မှ သုံးဦး၊ နေပြည်တော်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၁၃ ဦးတို့ ဖြစ်ကြသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာတွင် ဇွန် ၇ ရက်အထိ နေရပ်ပြန်ပြည်သူ အမျိုးသား ၅၈၉၃ ဦး၊ အမျိုးသမီး ၃၄၇၈ ဦး စုစုပေါင်း ၉၃၇၁ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် ညအိပ်တည်းခိုရေးအတွက် ပညာရေးကောလိပ်တွင် စီစဉ်ထားရှိပေးပြီး ကျန်းမာရေးစစ်ဆေးခြင်းများ၊ စားသောက်ရေးကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လားရှိုးခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညွှန်ကြားမှုဌာန(တွဲဖက်ပြည်နယ်ရုံး)လားရှိုးမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နန်းသန္တာဦး(ပြည်နယ်ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ နမ့်လွေချောင်းတံတားမှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်ပေး

**တောင်ကြီး ဇွန် ၇**

တရုတ်နိုင်ငံနှင့် အထူးဒေသ(၄) တို့တွင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား ၁၅၁ ဦးတို့သည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် နမ့်လွေချောင်းတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၄၉ ဦးတို့သည် ဇွန် ၆ ရက် ညနေ ၆ နာရီတွင် တောင်ကြီးမြို့ Taunggyi Business Center (TBC) အဝေးပြေးကားကွင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် မိုင်းလားဒေသမှ သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို ရှမ်းပြည်နယ်မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် အဆိုပါ နေရပ်ပြန်ပြည်သူများသည် မိုင်းလား အထူးဒေသ(၄) နမ့်ပန်းတွင် အသွားအလာကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီဖြစ်ပြီး မိုင်းယောင်း နမ့်လွေချောင်းတံတားမှ တောင်ကြီးမြို့အထိ သက်ဆိုင်ရာယာဉ်လိုင်းများဖြင့် ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ရာ တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၄၉ ဦးတို့တွင် ရန်ကုန်တိုင်းဒေသကြီးမှ လေးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၉၇ ဦးနှင့် ရှမ်းပြည်နယ်မှ ခြောက်ဦးတို့ဖြစ်ပြီး ယနေ့အထိ နေရပ်ပြန်ပြည်သူ ၄၀၀၀ ကျော်ကို တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ တောင်ကြီးမြို့အခြေစိုက် Express ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးရာတွင် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ လမ်းခရီးတွင် စားသောက်ရန် ထမင်းဘူး၊ ရေသန့်ဘူး၊ အချိုရည်နှင့် ပေါင်မုန့်များဝေငှခြင်းကို တောင်ကြီးခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် နေ့လယ်စာထမင်းထုပ်၊ သောက်ရေသန့်နှင့် တစ်ရှူးအလှူရှင်မိသားစုများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



နမ့်လွေချောင်းတံတားမှဝင်ရောက်လာသော နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

**စိုးညွန့်ရွှေ**
**(ပြန်/ဆက်)**

# နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် အသွားအလာကန့်သတ် စောင့်ကြည့်ခံနေရသည့် မိသားစုဝင်များအတွက် စားသောက်ကုန်များ လှူဒါန်း

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် အသွားအလာကန့်သတ်စောင့်ကြည့်ခံနေရသည့် မိသားစုဝင်များ၊ မိမိစရိတ်ဖြင့် စားသောက်နေထိုင်နေကြရသည့် အနယ်နယ်အရပ်ရပ်မှ ဆင်းရဲနွမ်းပါးစောင့်ကြည့်လူနာများအတွက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဝန်ထမ်းမိသားစုများမှ လှူဒါန်းသော ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူးတို့ကို အလှူရှင်များကိုယ်စား ဦးမိုးမင်းဝင်းက ဇွန် ၆ ရက်တွင် စည်ပင်ဧည့်ရိပ်သာရှိ စေတနာ့ဝန်ထမ်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခိုင်ဇင်ဝင်း (ရင်ခတ်ပန်း-နေပြည်တော်)ထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လောက်ကိုင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလတွင် မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာထုပ်များအား သတ်မှတ်အိမ်ထောင်စုများအလိုက် ဖြန့်ဝေပြီးစီး

**လောက်ကိုင် ဇွန် ၇**

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလတွင် ကျန်ရှိသည့် အိမ်ထောင်စုများအား မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ယမန်နေ့က အမှတ်(၁)ရပ်ကွက်ရုံး၌ ထပ်မံပေးအပ်သည်။

မြို့နယ် အိမ်ခြံဝင်းဥယျာဉ်လုပ်ငန်းကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ပြည်သူများအနေဖြင့် လူစုလူဝေးရှိရာသို့ မသွားကြရန်၊ မိမိအိမ်တွင်နေထိုင်ရင်းဖြင့် ပျိုးပင်များ စိုက်ပျိုးပြီး သီးနှံများ လတ်ဆတ်စွာ စားသုံးနိုင်စေရန်နှင့် ဖြန့်ဝေပေးလိုက်သည့် ပျိုးပင်၊ မျိုးစေ့များကို အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန် ပြောကြားသည်။

ထို့နောက် အမှတ်(၁)ရပ်ကွက်နေ အိမ်ထောင်စုများသို့ ဒေသအဆင့် အိမ်ခြံဝင်းဥယျာဉ်လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်မျိုးဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လွင်နှင့် ဝန်ထမ်းများက ခရမ်း၊ ငရုတ်ပွ၊ ကန်စွန်း၊ မုန်ညင်းဖြူ၊ ပဲသီး မျိုးစေ့ထုပ်၊ ခရမ်းနှင့် ငရုတ်ပျိုးပင်၊ မြေသြဇာထုပ်များ ဖြန့်ဝေပေးသည်။ လောက်ကိုင်မြို့ ရပ်ကွက် သုံးခုတွင် အိမ်ထောင်စု ၄၂၅ စုအတွက် မျိုးစေ့ထုပ် ၂၁၂၅ ထုပ်၊ ပျိုးပင် ၁၂၇၅ ပင်၊ မြေသြဇာ ၄၂၅ ထုပ်နှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဇော်ဇော်အောင်(ပြန်/ဆက်)**

# မြဝတီမြို့ရှိ ဟိုတယ်နှင့် တည်းခိုခန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ လိုက်လံစစ်ဆေး

**မြဝတီ ဇွန် ၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ယမန်နေ့က လိုက်လံစစ်ဆေးကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သောလုပ်ငန်းများအဖြစ် သတ်မှတ်ထားရှိသည့် လုပ်ငန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး သတ်မှတ်ချက်၊ အကြံပြုချက်များနှင့် ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်သွားရန် ညွှန်ကြားထားပြီးဖြစ်သည့်အတွက် ယခုကဲ့သို့ လိုက်လံစစ်ဆေးရခြင်းဖြစ်ကြောင်း မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြဝတီမြို့၌ လိုင်စင်ရယူထားသည့် ဟိုတယ် ၁၄ လုံးနှင့် တည်းခိုခန်း ၆၄ လုံးရှိပြီး ယနေ့တွင် ဟိုတယ် ငါးလုံးနှင့် တည်းခိုခန်း ခြောက်လုံးတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

BIMSTEC

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း

ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ

ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)

Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC)

## ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ကာလ တိုးမြှင့်သတ်မှတ်ခြင်း

- ဘင်းမ်စတက်အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲကာလကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်မှ မေလ ၁၅ ရက်အထိ သတ်မှတ်ထားရာမှ လျှောက်လွှာနောက်ဆုံးထား ပေးပို့ရမည့်နေ့ရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်လိုက်ကြောင်း ကြေညာအပ်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန




မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် အလုပ်အမှုဆောင်များ ဇွန် ၆ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင် ဟိုတယ်၌ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၊ အမှုဆောင်ကော်မတီဝင်များစုပေါင်းလှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ စားစရာ ၁၀ မျိုးကို ကိုဗစ်-၁၉ ကာလအတွင်း တာဝန်ထမ်းနေသည့် ဒိုင်လူကြီး ၁၆ ဦးအား ထောက်ပံ့လှူဒါန်းစဉ်။ **အာကာစိုး**



## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၆ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၃၀ ကျပ် | ၅၁၅/၅၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၄၅ ကျပ် | ၅၄၀/၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၇၀ ကျပ် | ၄၉၀/၅၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၅၀/၅၇၅ ကျပ် | ၆၁၅/၆၅၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၀ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၆ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၇၁ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၇၈ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၇ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၅၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၆ . ၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၈ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၅၄၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၀၁၃ | ၁၀၈၉၂၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၆၂၈ | ၂၃၉၉၇၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၃၉ | ၃၁၅၉၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၇၁၅ | ၁၆၇၂၇၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၁၁၁ | ၃၀၀၃၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၃၈၆၅ | ၁၀၄၂၃၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ မြားနှစ်စင်း



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ဗုဒ္ဓမြတ်စွာဘုရားဟာ မြားနှစ်စင်းနဲ့ပတ်သက်ပြီး သူ့ရဲ့တပည့်တစ်ယောက်ကို မေးခွန်းထုတ်ခဲ့တယ်။ "ပထမမြားထိလို့ နာကျင်ရင်၊ ဒုတိယမြားထိတဲ့အချိန် ပိုပြီးနာသလား"လို့ မေးခဲ့တယ်။ ဗုဒ္ဓမြတ်စွာဘုရားမေးခွန်းဟာ အခုအချိန် တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ နဲ့ အတိအကျ တိုက်ဆိုင်ပတ်သက်နေတာ တွေ့ရပါတယ်။**

ကိုဗစ်-၁၉နဲ့ပတ်သက်ရင် ပထမမြားတစ်စင်းကို လူတိုင်း ခံစားခဲ့ရတယ်။ အိမ်ထဲက အိမ်ပြင်မထွက်ရဘူး၊ လုပ်ငန်းတွေပိတ်ရတယ်၊ စားသောက်ဆိုင်တွေ မဖွင့်ရဘူး၊ သွားလာလှုပ်ရှားမှုတွေကို တားမြစ်ထားတယ်။ ဒါတွေအားလုံးဟာ ပထမမြားတစ်စင်းဖြစ်တယ်။ ဒီမြားကို ကိုယ်တားလို့ မရဘူး။ ဒီဇင်ဘာလကတည်းက စတင်ခဲ့ပြီးတစ်ကမ္ဘာလုံးကို အရှိန်အဟုန်မြန်မြန်ဆန်ဆန် ပျံ့နှံ့ခဲ့တယ်။ ကူးစက်လူနာသုံးသန်းကျော်ရှိပြီး သေဆုံးတဲ့ ဦးရေကလည်း ကြောက်လန့်စရာပဲ။ ကိုဗစ်-၁၉ ပထမမြားနဲ့အတူ ဒုတိယမြားတွေရှိတယ်။ ဒီရောဂါ ကိုယ့်ဆီရောက်လာမလား၊ မိမိရဲ့သားချင်းတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ ဒီရောဂါကူးစက်ရင် ဘယ်လိုလုပ်ကြမလဲ၊ စီးပွားရေးနဲ့ ပတ်သက်ပြီး ကျပ်တည်းလာရင် ဘယ်လိုရင်ဆိုင်မလဲ၊ Facebook ကတစ်ဆင့် တထိတ်တလန့် သတင်းတွေကြားပြီး ဖတ်ပြီးရလာတဲ့၊ ခံစားရတဲ့ စိတ်ဖိစီးမှုတွေ။ ဒါတွေဟာ မိမိရဲ့စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့စိုးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေ။ ဒီလိုဖြစ်တာ သဘာဝကျတယ်။ လူရယ်လို့ဖြစ်လာရင် အခုလိုပဲ ခံစားရမှာ။ ဒါပေမယ့် ဒီဒုတိယမြားတွေကြောင့် နာကျင်မှုမှတစ်ဆင့် စိတ်ဒုက္ခ၊ သောကကို ကူးပြောင်းသွားတယ်။ စိတ်တွေ ထွေရှုပ်ပြီး အခြေအနေအမှန်ကို ကြည်လင်စွာမမြင်နိုင်တော့ဘူး။ လုပ်သင့်တဲ့အလုပ်ကို မလုပ်နိုင်ဘဲ စိတ်ဖိစီးမှုတွေ ရင်ဆိုင်နေကြရတယ်။ ဒါကြောင့် ဒုတိယမြားဟာ ပထမ မြားထက်ပိုပြီးနာကျင်တယ်လို့ ပြောနိုင်တာ။ ဒုတိယ မြားကို လက်မခံဖို့လည်း သတိပေးခြင်း ဖြစ်တယ်။

> **"သတင်းမျိုးစုံကြားနေရတာ၊ ဒီရောဂါကို လူတွေက ဖန်တီးတာ၊ ဘယ်သူတွေမှာ အပြစ်ရှိတယ်၊ ဒီအစွဲအလမ်းတွေ၊ စွပ်စွဲမှုတွေကို ဖယ်ထုတ်ပစ်ရမယ်။ ရောဂါနဲ့ပတ်သက်ရင် ကိုယ့်အကျိုးတစ်ခုပဲ ကြည့်တတ်တဲ့စိတ်ကို ရှင်းဖို့လိုအပ်တယ်။ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ဆက်စပ်နေတယ်၊ မှီတွဲနေရတယ်၊ အပြန်အလှန် အားကိုးနေရတာဖြစ်တယ်။ ဒါကြောင့် အခုလို အထီးကျန်ဆန်ပြီး လူတွေနဲ့ ကင်းကွာနေတဲ့အချိန်မှာ တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ စေတနာရှေ့တန်းတင်ပြီး သူများအတွက် ကိုယ်ဘာလုပ်ပေးနိုင်သလဲ၊ ဘာလုပ်ပေးရမလဲဆိုတာကို သုံးသပ်ရမယ်"**

### ခံစားမှုတွေကို ကျော်လွှားနိုင်ဖို့

ဒီလိုသဘာဝကျတဲ့ ခံစားမှုတွေကို ကျော်လွှားနိုင်ဖို့ မိမိရဲ့စိတ်ကိုခိုင်အောင်၊ တည်ငြိမ်အောင်လုပ်ရမယ်။ စိတ်ကူးနဲ့ခံစားချက်ကို မျှတနိုင်အောင်ကြိုးစားရမှာ။ ပထမမြားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ဒုတိယမြားကို ကိုယ့်ဆီမရောက်အောင် ထိန်းသိမ်းရမှာ။ အခုလို စိတ်ဓာတ်ခိုင်မာဖို့ ကိုယ့်မှာပေါ်လာတဲ့ အတွေးတွေကိုမှတ်ပြီး အကျိုးမရှိတဲ့၊ နှောင့်ယှက်စေတဲ့ စိတ်တွေကို ဖယ်ထုတ်ဖို့လိုအပ်တယ်။ အမှန်တော့ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစားရမှာ။ ချဉ်းကပ်မှုသုံးမျိုးရှိတယ်။ ပထမက ကိုယ့်စိတ်ကိုငြိမ်အောင်ထားဖို့။ ကိုယ့်အနီးပတ်ဝန်းကျင်မှာ ဖြစ်ပေါ်တာတွေကို သတိထားသလို မိမိအတွင်းစိတ်မှာ ပေါ်လာတာတွေကိုလည်း သတိထားဖို့လိုအပ်ပါတယ်။ မိမိရဲ့စိတ်တွေအပေါ် အာရုံထားပြီး စိတ်မလွတ်သွားအောင် ထိန်းသိမ်းဖို့ လိုအပ်တယ်။ အဆိုးဆုံးအခြေအနေတွေကို မတွေးမိအောင် ဆင်ခြင်ရမယ်။ ကိုယ်နဲ့ပတ်သက်ပြီး ကောင်းတာကို စဉ်းစားဖို့ လိုအပ်ပါတယ်။ အိမ်မှာနေရလို့ မိသားစုနဲ့ နွေးနွေးထွေးထွေးနေနိုင်တာကို အာရုံပြုရမယ်။ အခုလိုမဟုတ်ဘဲ ရောဂါကူးစက်သူ အရေအတွက် ဘယ်နှယောက်ရှိသွားပြီ၊ သေတဲ့သူတွေ ဘယ်နှဦးရှိသွားပြီဆိုတဲ့ သတင်းတွေနဲ့ စိတ်ဖိစီးနေတာတွေကို ပယ်ဖျောက်ရမယ်။ အရေးကြီးတာက ပစ္စုပ္ပန်ကို အာရုံပြုပြီး စိတ်တွေမပြန့်အောင် ဆင်ခြင်ဖို့ပဲ။ စိတ်ဖိစီးမှုတွေ၊ သောကတွေကိုလျှော့ပြီး စိတ်ဓာတ်ခိုင်မာအောင်လုပ်ရမှာ၊ ကိုဗစ်-၁၉ အကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အားမွေးရမှာဖြစ်တယ်။

### စဉ်းစားချင့်ချိန်ပြီး သုံးသပ်ရမယ်

ဒုတိယနည်းက စိုးရိမ်မှုတွေလွန်ကဲလာတာမို့ လိုအပ်တာထက် ပိုပြီးခံစားရတာတွေကို လျော့အောင်လုပ်ဖို့ လိုအပ်တယ်။ မကျေနပ်ချက်တွေကို ချက်ချင်းတုံ့ပြန်မယ့်အစား စဉ်းစားချင့်ချိန်ပြီး သုံးသပ်ရမယ်။ သတင်းဆိုးတွေနဲ့ ပိနေမယ့်အစား စိတ်ငြိမ်အောင်လုပ်ရမယ်။ အလုပ်တွေဖိမလုပ်ဘဲ အချိန်ယူပြီး အပြင်လောကရဲ့ အလှအပတွေကို ခံစားနိုင်အောင် ကြိုးစားရမယ်။ အခုလိုဆိုးနေတဲ့ အခြေအနေမှာ ကောင်းတာတွေကို ရှာဖွေရမှာ။ နောက်ဆုံးကတော့ အိမ်မှာနေရတဲ့အချိန် မိမိရဲ့သားချင်းမိတ်ဆွေ သူငယ်ချင်းတွေနဲ့ အဆက်အသွယ်မပြတ်အောင် ကြိုးစားရမှာ၊ ကိုယ်ချင်းစာစိတ်တွေတိုးပွားအောင် ဆောင်ရွက်ပြီး တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်မပြတ်အောင် နေထိုင်လှုပ်ရှားကြရမှာ။

### မြားနှစ်စင်းကို ထိတွေ့နေကြရ

ဒုတိယမြားတွေဟာ ကြောက်ရွံ့မှုတွေ၊ စိုးရိမ်မှုတွေ၊ ဒေါသထွက်မှုတွေ ဖြစ်တယ်။ သတင်းမျိုးစုံကြားနေရတာ၊ ဒီရောဂါကို လူတွေက ဖန်တီးတာ၊ ဘယ်သူတွေမှာ အပြစ်ရှိတယ်၊ ဒီအစွဲအလမ်းတွေ၊ စွပ်စွဲမှုတွေကို ဖယ်ထုတ်ပစ်ရမယ်။ ရောဂါနဲ့ပတ်သက်ရင် ကိုယ့်အကျိုးတစ်ခုပဲ ကြည့်တတ်တဲ့စိတ်ကို ရှင်းဖို့လိုအပ်တယ်။ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ဆက်စပ်နေတယ်၊ မှီတွဲနေရတယ်၊ အပြန်အလှန် အားကိုးနေရတာဖြစ်တယ်။ ဒါကြောင့် အခုလို အထီးကျန်ဆန်ပြီး လူတွေနဲ့ကင်းကွာနေတဲ့အချိန်မှာ တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ စေတနာရှေ့တန်းတင်ပြီး သူများအတွက် ကိုယ်ဘာလုပ်ပေးနိုင်သလဲ၊ ဘာလုပ်ပေးရမလဲဆိုတာကို သုံးသပ်ရမယ်။ လူတိုင်းကြောက်စိတ်တွေ ဖိစီးနေကြ၊ စိတ်ပင်ပန်းနေကြတယ်။ တစ်လကျော်ကျော် အိမ်ထဲက အိမ်ပြင်မထွက်ရတဲ့ဒဏ်ကို အလူးအလဲ ခံနေကြရတယ်။ စိတ်ဓာတ်တွေကျပြီး စိုးရိမ်နေကြတယ်။ ဒါကြောင့် လူတွေမှာ ကိုဗစ်-၁၉ ကြောင့် မြားနှစ်စင်းကို ထိတွေ့နေကြရတာ။ ဒုတိယမြားက ပထမမြားထက်ပိုပြီး နာကျင်တယ်။ သောကတွေများလွန်းတော့ လုပ်ရမယ့်အလုပ်တွေ မစဉ်းစားနိုင်တော့ဘူး။ စိတ်ထောင်းကိုယ်ကြေတဲ့ အဖြစ်မျိုးကို ရင်ဆိုင်နေကြရတယ်။

### အားလုံးမှာ သုံးကိုယ်ကွဲနေကြ

ကျွန်တော်တို့အားလုံးမှာ သုံးကိုယ်ကွဲနေကြတယ်။ လူတစ်ယောက်တည်းဆိုပေမယ့် စိတ်ခံစားမှုက သုံးယောက်။ ပထမလူက ကလေးနဲ့တူတဲ့သူ၊ အားလုံးကို အားကိုးနေရတယ်၊ မှီခိုနေရတယ်။ ဒုတိယလူကတော့ လူကြီးဆန်ဆန် တွေးတတ် မြင်တတ်၊ တုံ့ပြန်တတ်သူဖြစ်တယ်။ နောက်ဆုံးလူကတော့ ကိုယ့်ရဲ့ရှင်သန်မှုကိုသာ အာရုံပြုပြီး စိတ်လိုက်ကိုယ်ပါ လုပ်တတ်သူဖြစ်တယ်။ ဒါကြောင့် လူတိုင်းကို လူကြီးဆန်တဲ့ပုံစံနဲ့ နေထိုင်လှုပ်ရှားစေချင်တယ်။ လူကြီးဆန်တာမို့ ကိုယ်ချင်းစာတရား အပြည့်ရှိတယ်။ မိမိစိုးရိမ်ပူပန်မှုတွေကို ဆင်ခြင်ပြီး ထိန်းချုပ်နိုင်တယ်။ စိတ်ငြိမ်အောင် ဆောင်ရွက်နိုင်တယ်။ ခြေလှမ်းတစ်လှမ်းနောက်ဆုတ်ပြီး အခြေအနေမှန်ကို မြင်နိုင်သူဖြစ်တယ်။ ကိုယ်လုပ်နိုင်တာသာ အာရုံပြုပြီး မတတ်နိုင်တာတွေကို မစဉ်းစားသင့်ဘူး။ အခုချိန်မှာ လူကြီးဆန်မယ့်အစား ကလေးစိတ်တွေ အကြောက်တရားလွှမ်းမိုးပြီး ရှင်သန်မှုကို အာရုံပြုနေကြတယ်။

### ကိုယ်လုပ်နိုင်တာလုပ်ဖို့ သတိပေးချင်

ကျွန်တော့်စိတ်ထဲ ပထမမြားဟာ သူများပစ်တဲ့မြား ဖြစ်တယ်လို့မြင်မိတယ်။ ကိုဗစ်-၁၉ ကို ကိုယ်ကဖန်တီးတာ မဟုတ်ဘူး။ တားဆီးလို့လည်း ရမှာမဟုတ်ဘူး။ တစ်ကမ္ဘာလုံးကို ကာလတိုအတွင်း ပျံ့နှံ့သွားတာ။ တားလို့ရတဲ့ကိစ္စမဟုတ်ဘူး။ ဒုတိယမြားကတော့ သူများက ပစ်တာမဟုတ်ဘဲ ကိုယ်ကပစ်တဲ့မြားလို့မြင်မိတယ်။ ဒုတိယမြားရဲ့ ဝေဒနာတွေဟာ ကိုယ်ကဖန်တီးလို့သာ ပေါ်လာတာဖြစ်တယ်။ မိမိရဲ့စိတ်ကိုမထိန်းနိုင်ဘဲ စိတ်ကိုလွှတ်လိုက်တဲ့၊ ပေါ်လာတဲ့ဒုက္ခတွေဖြစ်တယ်။ ကျွန်တော်က ကိုယ်လုပ်နိုင်တာလုပ်ဖို့ သတိပေးချင်တယ်။ လက်တွေကို မှန်မှန်ဆေးဖို့ ကိုယ်တတ်နိုင်တယ်။ အပြင်မထွက်ဘဲ အိမ်မှာနေဖို့က ကိုယ့်အဆုံးအဖြတ်။ မဖြစ်မနေ ထွက်ရရင်လည်း တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်မနေဘဲ အကွာအဝေးတစ်ခုကို သတ်မှတ်တာက ကိုယ့်အလုပ်။ စိတ်ဖိစီးမှုတွေကို မရှိရဘူးလို့ ပြောဖို့ခက်တယ်။ တစ်ဦးနဲ့တစ်ဦး ပေါ်လာတဲ့ အကျပ်အတည်း၊ အခက်အခဲကို ရင်ဆိုင်တဲ့ပုံစံက တစ်ပုံစံတည်း မဟုတ်ဘူး။ တချို့လွန်ကဲပြီး ပူပင်ကြတယ်၊ အကြောက်လွန်တယ်။ တချို့ကတော့ ဘာကိုမှဂရုမစိုက်ဘဲ စိတ်တိုင်းကျ နဂိုအတိုင်းလုပ်နေကြတယ်။ အမှန်တော့ အစွန်းနှစ်ခုအကြား မျှတအောင် နေထိုင်ဖို့လိုတယ်။

အခက်အခဲရင်ဆိုင်နေကြချိန်မှာ ကိုဗစ်-၁၉ အလွန်ဆိုတဲ့ကာလကို မှန်းဆပြီး ပြင်ဆင်ကြရမှာ။ နဂိုပုံစံ မဟုတ်တော့ ပုံစံအသစ်နဲ့လှုပ်ရှားဖို့ လိုအပ်မှာဖြစ်တယ်။ အမှန်တော့ လူတွေကိုယ်ခန္ဓာကြံ့ခိုင်အောင် အလေး မကြတယ်၊ အားကစားတွေ လုပ်ကြတယ်။ ကိုယ်ကာယနဲ့ ပတ်သက်ပြီး အခုလို လေ့ကျင့်ခန်းတွေ လုပ်သလို စိတ်နဲ့ ပတ်သက်ပြီးလည်း လုပ်ဖို့လိုအပ်တယ်။ စိတ်မာလာအောင်၊ စိတ်ရဲ့ဦးနှောက်ကြွက်သားတွေ ဖွံ့ဖြိုးလာအောင် လုပ်ရမယ်။ ကိုယ်ကိုဂရုစိုက်သလို စိတ်ကိုလည်း ဂရုစိုက်ရမှာဖြစ်တယ်။ ဒုတိယမြားဟာ ကိုယ်ပစ်တဲ့မြား မဖြစ်အောင် သတိပြုရမယ်။ ဆင်ခြင်ကြဖို့ လိုအပ်တယ်။ ။

# တနင်္သာရီတိုင်းဒေသကြီးသို့ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ခေတ္တရပ်နားထားသည့် ခရီးသည်တင်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

မြိတ် ဇွန် ၇

မြိတ်မြို့တွင် ကိုဗစ်-၁၉ကာကွယ်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ပြင်ပမှ ဆိုက်ရောက်ထွက်ခွာလျက်ရှိကြသော ခေတ္တရပ်နားထားသည့် ခရီးသည်တင်ယာဉ်များ ဇွန် ၅ ရက်မှ စတင်ကာ မြိတ်မြို့အဝေးပြေးကားဝင်းမှ မြိတ်-ရန်ကုန်ခရီးစဉ် ယာဉ်လိုင်းများ စတင်ပြန်လည်ပြေးဆွဲလျက်ရှိသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ဇွန် ၄ ရက်တွင် ခရီးသည်တင်ယာဉ်လိုင်းများအားလုံးကို ခရီးသွားလာပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် တိုင်းဒေသကြီး ပြင်ပ ခရီးသည်တင်ယာဉ်များကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ကြောင်း မြို့နယ်ပုဂ္ဂလိက ယာဉ်များ ပြေးဆွဲရေးလုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

"ခရီးသွားမယ့် ခရီးသည်တွေက ရပ်ကွက်ထောက်ခံစာ၊ ကျန်းမာရေးထောက်ခံစာယူလာရပါမယ်။ ဈေးနှုန်းက နှစ်ခုံမှာတစ်ယောက်ပဲ ထိုင်ရတယ်ဆိုတော့ မြိတ်-ရန်ကုန်ခရီးစဉ်ကို အရင်က ငွေကျပ် ၂၃၅၀၀ အခုတစ်ယောက် ငွေကျပ် ၃၅၅၀၀ ပါ။ ကိုဗစ်ကာလမှာ ရောဂါကာကွယ်တဲ့အနေနဲ့ ၅၀ ရာခိုင်နှုန်းပဲတင်ရမယ် သတ်မှတ်ထားပါတယ်" ဟု ရွှေဝယ်သူယာဉ်လိုင်း တာဝန်ခံဦးပြည့်စုံအောင်က ပြောသည်။

ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်ထိန်းချုပ်ရေးကော်မတီမှ မေလလယ်မှစ၍ လက်ရှိအချိန်ထိ ည ၁၂ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ထုတ်ပြန်ထားရာ ရန်ကုန်-မြိတ် ခရီးစဉ်တွင် ထားဝယ် ခရိုင်မလွဲတောင် စစ်ဆေးရေးဂိတ်၌ ည ၁၂နာရီကျော်ပါက ဖြတ်သန်းခွင့်မရရှိ၍ ယာဉ်ရပ်နားအိပ်ကြကြောင်း၊ ခရီးသည်တင်ယာဉ်များက ရပ်နားလိုခြင်းမရှိကြောင်း ယာဉ်မောင်းတချို့ထံမှ သိရသည်။

မြိတ်မြို့တွင် ခရီးသည်တင်ယာဉ်လိုင်းများ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စတင်ပြေးဆွဲလျက်ရှိကြရာခရီးသည် တင်ယာဉ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုတင်ဆောင်ပါက ပုဂ္ဂလိကယာဉ်များပြေးဆွဲရေး လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တိုင်ကြားနိုင်ကြောင်း၊ မြိတ်မြို့သို့ ဆိုက်ရောက်ထွက်ခွာလျက်ရှိသည့် ယာဉ်လိုင်းများတွင် တိုင်းဒေသကြီးပြင်ပမှ ဆိုက်ရောက်ထွက်ခွာ ယာဉ်လိုင်း ၂၅ လိုင်းနှင့် တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်း ၄၀ ရှိကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)




မြိတ်မြို့ အဝေးပြေးကားဝင်းအတွင်းရှိ အဝေးပြေးယာဉ်လိုင်းများကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ခဲ့ရသည့် လုပ်ငန်းများအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်ငွေများထုတ်ပေး

**တောင်ငူ ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းသုံးခုမှာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်သည့်ကာလအတွင်း ယာယီပိတ်သိမ်းထားခဲ့ရသည့်အတွက် အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်က ပေးအပ်သည်။

ဒေါ်တင်တင်စိန် အိတ်ချုပ်လုပ်ငန်း၊ ရွှေဝါး ဝါးတူလုပ်ငန်းနှင့် ချမ်းသာသုခ ကုမ္ပဏီတို့သည် တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသဖြင့် ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းများကို ၁၃ ရက်ကြာ ယာယီပိတ်သိမ်းခဲ့ရခြင်းနှင့်ပတ်သက်၍ အာမခံထားရှိသော အလုပ်သမား ၂၁၀ အတွက် ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ဖြစ်သည့် ကျပ် ၄၉ သိန်းကျော်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းသုံးခုကို သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရောဂါကာကွယ်ရေး သတ်မှတ်ချက်များနှင့် ကိုက်ညီသဖြင့် ယခုအခါ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခွင့် ပေးထားပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်**

## ချောင်းဦးမြို့နယ်မှ ကျေးရွာကုန်ထုတ်လမ်းနှင့် ရေပေးရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီး

**ချောင်းဦး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာမှ ကုန်ထုတ်လမ်းနှင့် ရွာထင်ကျေးရွာမှ ရေပေးဝေရေးလုပ်ငန်းများကို ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရွှေလှေကျေးရွာ ကုန်ထုတ်လမ်းနှင့် ရွာထင်ကျေးရွာ ရေပေးဝေရေးလုပ်ငန်းများကို ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။ ရွှေလှေကျေးရွာ ကုန်ထုတ်လမ်းသည် ငွေလုံးငွေရင်း ခွင့်ပြုငွေ ကျပ် ၆၁ ဒသမ ၂ သန်းဖြင့် အရှည် ၁ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မ မြေသားတာပေါ်တင် ဂျင်းခင်းခြင်း လုပ်ငန်းဖြစ်ပြီး တင်ဒါအောင်မြင်ခဲ့သည့် Royal Zay ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကာ ယခုအခါ လုပ်ငန်း၏ ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ရွာထင်ကျေးရွာ ရေပေးဝေရေးလုပ်ငန်းကို ငွေလုံးငွေရင်း ခွင့်ပြုငွေ ကျပ် ၁၅ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ပြီး လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်း အရှည် ပေ ၄၆၀၀ သွယ်တန်းခြင်းလုပ်ငန်းများ ပါဝင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိုးဝင်းထံမှ သိရသည်။

**ယမင်း(ရွှေဦးမြေ)**



## တီးတိန်မြို့နယ်မှ ကျေးရွာချင်းဆက် လမ်းချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**တီးတိန် ဇွန် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (ပြည်နယ်)ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၂ ဒသမ ၅ သန်းဖြင့် Zomi Land Development ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်သည့် တီးတိန်မြို့နယ်မှ ဆွောင်းဆန်-လာလ်တာ-တွန်းဇန်မြို့ နယ်စပ်အထိ ကျေးရွာချင်းဆက်လမ်းကို အကျယ် ၂၁ ပေ ချဲ့ခြင်းနှင့် ရေမြောင်းလုပ်ငန်းများ ဇွန် ၆ ရက်တွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးမှ သိရသည်။

ဆောင်ရွက်ပြီးစီးသော လမ်းလုပ်ငန်းနှင့်ပတ်သက်၍ လာလ်တာကျေးရွာ တာဝန်ခံ ဦးထွာလ်ထကိမ်းက ယခုအချိန်သည် မိုးဦးကျချိန်ဖြစ်သည့်အတွက် လမ်းကို ရေရှည်ထိန်းသိမ်းနိုင်ရန် လိုအပ်သည့် ရေပြွန်များကို သက်ဆိုင်ရာမှ ဆက်လက်ပံ့ပိုးပေးနိုင်ရန် တင်ပြခဲ့ပြီး တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းစိန်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဖန်းဆိပ်ဆည်ရေသောက်စနစ်အတွင်း ဆည်ရေလေလွင့်ဆုံးရှုံးမှုနည်းစေရန်နှင့် စနစ်တကျရေသုံးစွဲနိုင်ရန် ရေအသုံးချသူအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ်ဆည်ရေသောက်စနစ်အတွင်းရှိ ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်မြို့နယ်များတွင် ဆည်ရေလေလွင့်ဆုံးရှုံးမှု နည်းစေရန်နှင့် တောင်သူများ ရေကို စနစ်တကျ သုံးစွဲနိုင်ရန်အတွက် ရေအသုံးချသူအဖွဲ့(WUG)များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွင် JICA ၏ ချေးငွေဖြင့် စိုက်ပျိုးရေးဝင်ငွေတိုးတက်မှုစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ စနစ်တကျလယ်ယာ ဖော်ဆောင်မည့်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာတော်ကုန်းကျေးရွာအနီးတွင် စနစ်တကျလယ်ယာမြေ ၃၁၅ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလမှ စတင်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ဖော်ဆောင်ပြီး စနစ်တကျ လယ်ယာမြေများမှ တူးမြောင်းအဆောက်အအုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းပြုပြင်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးရေ စီမံခန့်ခွဲမှုတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်နိုင်ရန်အပြင် ဆည်ရေကို လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ခြိုးခြံချွေတာ သုံးစွဲနိုင်ရန်အတွက် "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်(PIM)"၏ လမ်းညွှန်ချက်နှင့်အညီ ရေအသုံးချသူများ အဖွဲ့များကိုလည်း ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

ရေအသုံးချသူများ အဖွဲ့များ ဖွဲ့စည်းခြင်းကြောင့် ဆည်ရေကို မြောင်းအရင်း၊ အလယ်၊ အဖျားအထိ မျှမျှတတ ညှိနှိုင်းရယူနိုင်သဖြင့် အချင်းချင်း ပဋိပက္ခဖြစ်ခြင်းမှ လျော့နည်းစေခြင်း၊ ရေအလေအလွင့်နည်းပါးသဖြင့် ဆည်ရေကို တိုးချဲ့ပေးဝေနိုင်ခြင်း၊ တောင်သူများကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်ခြင်းဖြင့် ဆည်မြောင်းစနစ်များနှင့် ရေစီမံခန့်ခွဲမှုစနစ်များ ပိုမိုအားကောင်းလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်သည်။

သဖန်းဆိပ်ဆည်ရေသောက်စနစ် အတွင်းရှိ ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်မြို့နယ်များတွင် လယ်ကြားမြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ စုစုပေါင်း ၄၈ ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် ဆက်လက်၍လည်း ရေအသုံးချသူများအဖွဲ့ ၄၅ ဖွဲ့ကို ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်ရန် တောင်သူများအား အသိပညာပေး ဆွေးနွေးညှိနှိုင်းမှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ဖွဲ့စည်းထားပြီးဖြစ်သည့် ရေအသုံးချသူများ အဖွဲ့များအနေဖြင့်လည်း ယခုနှစ် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်း မတိုင်မီ လယ်ကြားမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းမှုများကို ဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မေမိုးသဲ**



သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း ဖော်ဆောင်ထားသော စနစ်တကျလယ်ယာမြေကွက်များ။

## အမာမြို့နယ်မှ သဘာဝဘေးကာကွယ်ရေး ဘက်စုံသုံးအဆောက်အအုံကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**အမာ ဇွန် ၇**

အမျိုးသား သဘာဝဘေးကော်မတီ၏ ရန်ပုံငွေဖြင့် ဖျာပုံမြို့နယ် အမာမြို့ ဒေါ်ညိမ်းကျေးရွာအုပ်စု ပက်ပြဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆောက်လုပ်ပြီးစီးသွားသည့် သဘာဝဘေးကာကွယ်ရေး ဘက်စုံသုံး အဆောက်အအုံကို ပညာရေးဌာနသို့ ဇွန် ၆ ရက်က လွှဲပြောင်းပေးအပ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အဓိကသက်ဆိုင်သူအနည်းငယ်နှင့်ပြုလုပ်သည့် လွှဲပြောင်းပေးအပ်ပွဲသို့ ဖျာပုံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်နိုင်ထွန်းက မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းထံသို့ အဆောက်အအုံကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘက်စုံသုံးအဆောက်အအုံ ၇၅ လုံးကို အမျိုးသား သဘာဝဘေးကော်မတီ၏ ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိရာ ဖျာပုံခရိုင်အတွင်း၌ ၃၇ လုံး တည်ဆောက်နေကြောင်း၊ ယခု လွှဲပြောင်းပေးသည့် ပက်ပြဲကျေးရွာ ဘက်စုံသုံးအဆောက်အအုံကို ၂၀၁၈ ခုနှစ်မှစ၍ ရန်ပုံငွေကျပ် ၂၀၀ ဒသမ ၅၆ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ပက်ပြဲကျေးရွာ အထက(ခွဲ)ကျောင်းအတွက် လိုအပ်လျက်ရှိသည့် စာသင်ခန်းမများ အဆင်ပြေစေမည်ဖြစ်သလို ပညာရေးတစ်ခုတည်းအတွက်သာမက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေး အရေးကြီးနယ်ပယ်ရှစ်ခုအတွက်လည်း အဆောက်အအုံကို လိုအပ်သလို သုံးနိုင်မည်ဖြစ်ကြောင်း ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။

**ဝင်းမြင့်အောင်(ပြန်ဆက်)**



ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးနေသည့် ဘက်စုံသုံးမုန်တိုင်းခိုအဆောက်အအုံ။

## စေတုတ္တရာမြို့နယ်အတွင်းမှ ကျေးရွာများ၌ ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးပေးလျက်ရှိ



**စေတုတ္တရာ ဇွန် ၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ကျေးရွာများရှိ ကျွဲ၊ နွားများကို ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇွန် ၇ ရက်တွင် ကျေးရွာသုံးရွာသို့ ကွင်းဆင်း၍ ကာကွယ်ဆေးများထိုးပေးခဲ့သည်။

မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာဇော်မျိုးအောင် ဦးဆောင်၍ ကာကွယ်ဆေးများကို ကူတော်ကျေးရွာ၊ တောင်မြေနီကျေးရွာနှင့် အလယ်ပုံကျေးရွာတို့မှ ဒေသခံပြည်သူများ၏ ကျွဲ၊ နွားများကို ထိုးပေးခြင်းဖြစ်ကာ ကျွဲ၊ နွား ကောင်ရေ ၂၀၀ ခန့်ကို ဆေးထိုးပေးနိုင်ကြောင်း သိရသည်။ အလားတူ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းမှ ကျန်ရှိနေသေးသော ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# ကုန်စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားက

ခမ်လျန်စွမ်း(စီးပွား/ကူးသန်း)

**နိဒါန်း**

'တောင်းမှာအကွပ် လူမှာအဝတ်' ဆိုသည့်စကားပုံသည် လူ၏ဝတ်စားဆင်ယင်မှုကို အခြေခံပြီး ၎င်းလူ၏ အတွင်းအပြင် တန်ဖိုးကို ကိုယ်စားပြုပြောဆိုလေ့ရှိကြပါသည်။ သပ်သပ်ရပ်ရပ်ဖြင့် ဝတ်ဆင်သောလူတစ်ဦးသည် အရေးကြီးသည့် အခမ်းအနားတက်မည်။ အရေးကြီးသောပုဂ္ဂိုလ်နှင့် တွေ့မည်။ အခမ်းအနားတွင် အဖိုးတန်သောစကားများပြောမည်။ အစရှိသည်ဖြင့် ထိုလူ၏ ဝတ်စားဆင်ယင်မှုက မကြာမီ ၎င်းလူကပြုလုပ်ဆောင်ရွက်မည့် အလုပ်၏တန်ဖိုးကို ကိုယ်စားပြုလေ့ပြုထရှိတတ်ပါသည်။

ထိုနည်းတူစွာ ကုန်ပစ္စည်းများမှာလည်း ကုန်အညွှန်းအမှတ်အသားများ အပြည့်အစုံပါရှိခြင်းသည် ၎င်းကုန်ပစ္စည်း၏ အရေးပါမှုနှင့် တန်ဖိုးများကို ဖော်ညွှန်းလေ့ရှိပါသည်။ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းမရှိသော ကုန်ပစ္စည်းများကို များသောအားဖြင့် ပေါချောင်ကောင်း ကုန်ပစ္စည်းများဖြစ်ကြောင်း လက်ခံတတ်ကြပါသည်။

ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများအကြောင်းကို လုပ်ငန်းရှင်များနှင့် သိရှိလိုသူ စားသုံးသူပြည်သူအချို့က မကြာခဏမေးမြန်းလေ့ရှိသည့်အတွက် ဗဟုသုတရရှိစေခြင်း အလို့ငှာ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

**ကုန်အညွှန်းအမှတ်အသား ဖော်ပြရခြင်း အကြောင်းရင်းများ**

ကုန်ပစ္စည်းထုတ်လုပ်သူများသည် ၎င်းတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ သမိုင်းကြောင်းအကျဉ်း(ဥပမာ- သက်တမ်းကုန်ဆုံးရက်၊ သက်ဆိုင်ရာ၏ ခွင့်ပြုချက်အစရှိသဖြင့်) နှင့် ကုန်အမှတ်တံဆိပ်၊ စားသုံးသူများ သိရှိလိုက်နာသင့်သည့် အကြောင်းအချက်များနှင့် ထုတ်လုပ်မှုဆိုင်ရာများအား ကုန်အညွှန်းအမှတ်အသားများ ( Labels) ဖြင့်ဖော်ပြလေ့ရှိကြပါသည်။ ဤသို့ဖော်ပြခြင်းကြောင့် ကုန်ပစ္စည်း၏ ပါဝင်ပစ္စည်း၊ အသုံးဝင်မှု၊ အာနိသင်၊ ဆောင်ရန်ရှောင်ရန်၊ သက်ဆိုင်ရာဌာနထောက်ခံချက်ရရှိမှုအခြေအနေ၊ အသုံးပြုပုံ၊ သိမ်းဆည်းရမည့်စနစ်စသည့် သတင်းအချက်အလက်များ ပါဝင်လေ့ရှိပါသည်။ တစ်ဖက်တွင်လည်း ၎င်းကုန်ပစ္စည်း၏ အကြောင်းကို ကြော်ငြာပြီးဖြစ်နေခြင်း၊ ကုန်အညွှန်းအမှတ်အသားကြောင့် လုပသေသပ်မှုကိုပြသခြင်း စသည့် ထုတ်လုပ်သူ၏ ဂုဏ်သတင်းကိုလည်း ကိုယ်စားပြုနေတတ်ပါသည်။

ဤသို့ဖော်ပြရာ၌ ထုတ်လုပ်သူ၏ တံဆိပ်အမှတ်အသား၊ ၎င်းကုန်ပစ္စည်းတွင် မည်သည့် ကုန်ကြမ်းပစ္စည်းများနှင့် ထုတ်လုပ်သည်၊ မည်သည့်အကျိုးကျေးဇူးများ ရရှိစေသည် အစရှိသည်ဖြင့် ပါရှိလေ့ရှိသောကြောင့် စားသုံးသူများ၏ လိုအပ်ချက်များကို အလွယ်တကူရွေးချယ်နိုင်သော အခွင့်အရေးကို ရရှိစေပါသည်။ အချို့သော ကုန်အမှတ်တံဆိပ်များသည် နှစ်ပေါင်းများစွာတိုင်အောင် နာမည်ကောင်းများဖြင့် ရပ်တည်တတ်ကြပါသည်။

> "ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းသည် အစိုးရဌာနများ၏ စစ်ဆေးခံခြင်းထက် စီးပွားရေးလုပ်ငန်းရှင်၏ ကျင့်ဝတ်ပိုင်းကို ကိုယ်စားပြုခြင်းဖြစ်သဖြင့် မှန်မှန်ကန်ကန် ဖော်ပြနိုင်ရေးသည်လည်း အရေးပါလှပါသည်။ နောက်ဆုံးစစ်ဆေးမည့်သူမှာ စားသုံးသူများဖြစ်ကြောင်းကိုလည်း လုပ်ငန်းရှင်များအနေဖြင့် သတိချပ်ရန် လိုအပ်ပါသည်။ သို့မှသာ နှစ်ဦးနှစ်ဖက်အကျိုးရှိသော လုပ်ငန်းဆောင်ရွက်ချက်ဖြစ်လာမည်"




စားသုံးသူများအနေဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်ကို ဖတ်ကြည့်ရုံဖြင့် ၎င်းကုန်ပစ္စည်း၏ အသုံးပြုပုံ၊ ထားသိုသိမ်းဆည်းရမည့် လုပ်ငန်းစဉ်၊ အလေးချိန်၊ ထုထည်၊ ဘေးထွက်ဆိုးကျိုး စသည့် ၎င်းကုန်ပစ္စည်းအကြောင်းကို အလွယ်တကူသိရှိ အသုံးပြုနိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် ကုန်စည်ထုတ်လုပ်သူတိုင်းသည် ကုန်အမှတ်တံဆိပ်ကို အမြတ်တနိုးရွေးချယ်ဖော်ပြလေ့ရှိကြပါသည်။ သူတို့ရွေးချယ်ထားသော ၎င်းကုန်အညွှန်းအမှတ်တံဆိပ်ကို ထိန်းသိမ်းလေ့ရှိကြရာတွင် သက်ဆိုင်ရာအစိုးရများက သတ်မှတ်ပေးထားသော ကုန်အညွှန်းအမှတ်အသားဆိုင်ရာများကို တိကျစွာလိုက်နာရခြင်း၊ ၎င်းတို့ထုတ်လုပ်သော ကုန်စည်၏ အရည်အသွေးကို ထိန်းသိမ်းခြင်း၊ ကုန်အညွှန်းအမှတ်အသားသည် ထုတ်လုပ်သူ၏အကြောင်းကို ကြော်ငြာပေးသကဲ့သို့ ဖြစ်ခြင်း စသည့် ခေတ်သစ် ကုန်အညွှန်းအမှတ်အသားဆိုင်ရာများက ယနေ့ ကုန်သွယ်ရေးလောက၏ မပါမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်လာပါသည်။

ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းသည် အစိုးရဌာနများ၏ စစ်ဆေးခံခြင်းထက် စီးပွားရေးလုပ်ငန်းရှင်၏ ကျင့်ဝတ်ပိုင်းကို ကိုယ်စားပြုခြင်းဖြစ်သဖြင့် မှန်မှန်ကန်ကန် ဖော်ပြနိုင်ရေးသည်လည်း အရေးပါလှပါသည်။ နောက်ဆုံးစစ်ဆေးမည့်သူမှာ စားသုံးသူများဖြစ်ကြောင်းကိုလည်း လုပ်ငန်းရှင်များအနေဖြင့် သတိချပ်ရန်လိုအပ်ပါသည်။ သို့မှသာ နှစ်ဦးနှစ်ဖက်အကျိုးရှိသော လုပ်ငန်းဆောင်ရွက်ချက်ဖြစ်လာမည်ဖြစ်သည်။

သို့အတွက်ကြောင့် မြန်မာ့လုပ်ငန်းရှင်များအနေဖြင့်လည်း ကမ္ဘာက အလေးအနက်ထားသည့် ကုန်အညွှန်းအမှတ်အသားများကို ဂရုစိုက်ပြီး စနစ်တကျ ဖော်ပြနိုင်မှသာ ဈေးကွက်ရှာဖွေခြင်းမှ ဈေးနှုန်းကောင်းရရှိသည့်တိုင် အကျိုးဆက်များ ရရှိစေမည်ဖြစ်သည်။

**စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များ**

မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေးဥပဒေကို နှစ်ကြိမ်ပြဋ္ဌာန်းခဲ့ပါသည်။ ပထမအကြိမ် ဥပဒေကို ၂၀၁၄ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ပိုမိုပြည့်စုံသော ဥပဒေအသစ်တစ်ရပ်ကို ရေးဆွဲ၍ ၂၀၁၉ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) သည် ကုန်စည်လုံခြုံစိတ်ချမှုအတွက် ပိုမိုတိကျသော ပြဋ္ဌာန်းချက်များဖြင့် စားသုံးသူပြည်သူများကို ကာကွယ်ပေးထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အခန်း(၁၈)၊ ပုဒ်မ(၄၁)၊ (၄၂)နှင့်(၄၃)တို့သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများ တိတိကျကျပါရှိပြီး **"ဤဥပဒေကို ပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှ စတင်အာဏာတည်စေရမည် "** ဟုထည့်သွင်းထားပါသည်။ ဤသို့ထည့်သွင်းရခြင်းမှာလည်း လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြနိုင်ရေးအတွက် ပြင်ဆင်ချိန်ကို လုံလောက်စွာ ရရှိစေရန်ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့စားသုံးသူပြည်သူများ အလွယ်တကူနားလည်စေရန်အတွက် ပုဒ်မ(၄၃)တွင် **ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်၊ အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်** စသည့် အချက်များအား မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဟု ပါရှိပါသည်။

မြန်မာတောင်သူလယ်သမားအချို့သည် ဤဥပဒေမပြဋ္ဌာန်းမီအချိန်များက စိုက်ပျိုးရေးဆိုင်ရာ ဓာတုဆေးဝါးအိတ်များကို ပါးစပ်ဖြင့် ကိုက်ဖွင့်ခြင်း၊ ဓာတုပစ္စည်းကိုင်သောလက်ဖြင့် လက်မဆေးဘဲ အစားအစာများ စားသောက်ခြင်း၊ ဓာတုဗေဒပစ္စည်းထားသိုသော အိတ်နှင့် ပုလင်းများကို ကလေးသူငယ်များ အလှမ်းမီသော နေရာများတွင်ထား၍ မတော်တဆ ပါးစပ်ထဲရောက်ရာမှ အသက်ဆုံးရှုံးရသည့်ဖြစ်စဉ်များ မကြာခဏ သတင်းများတွင် ကြားနေရ၊ မြင်နေရတတ်ပါသည်။ ယခုအခါ ဤစားသုံးသူဥပဒေပါ ကုန်အညွှန်းအမှတ်အသားများ ပြဋ္ဌာန်းပြီးသောအခါ အလားတူ မတော်တဆ ဖြစ်စဉ်များ အတော်လျော့နည်းလာကြောင်း သိရှိရသည်။ ဤကဲ့သို့ မတော်တဆဖြစ်စဉ်များ လျော့နည်းလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ကုန်အညွှန်းအမှတ်အသား၏ အရေးကြီးသော အကြောင်းအချက်များ မြန်မာဘာသာဖြင့် ဖော်ပြစေခြင်းနှင့် သုံးစွဲသူများ၏ လိုက်နာနိုင်ခြင်း ရလဒ်များကြောင့်ဖြစ်ပါသည်။

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၈၃၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် လုပ်ငန်းရှင်များ ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်သော အသေးစိတ်လုပ်ထုံးလုပ်နည်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) အဖြစ်ထုတ် ပြန်ခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဤညွှန်ကြားချက်နှင့် ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များ၏ ဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိမရှိ မေးမြန်းမှုများကို စိစစ်ဖြေကြားပေးလျက်ရှိပါသည်။

ဤညွှန်ကြားချက်တွင် ကုန်စည်အုပ်စုရှစ်စုခွဲခြားပေးထားပါသည်။ ၎င်းတို့မှာ အုပ်စု(က) အစားအသောက်များ၊ အုပ်စု(ခ) အိမ်သုံးပစ္စည်းများ၊ အုပ်စု(ဂ) ကလေးအသုံးအဆောင်ပစ္စည်းများ၊ အုပ်စု(ဃ) ဆက်သွယ်ရေးပစ္စည်းများ၊ အုပ်စု (င) ဆေးဝါးနှင့်ဖြည့်စွက်စာများ၊ အုပ်စု(စ) အလှကုန်ပစ္စည်းများ၊ အုပ်စု(ဆ) လူသုံးကုန်ပစ္စည်းများ၊ အုပ်စု(ဇ) လုပ်ငန်းသုံးပစ္စည်းများတို့ ဖြစ်ကြပါသည်။ ဤညွှန်ကြားချက်အရ မြန်မာဘာသာ ဖော်ပြရမည့် ပုဒ်မ(၄၃) ပါအချက်များအနက် လိုအပ်မည့်အချက်များကိုသာ ဖော်ပြရန်ညွှန်ကြားချက်တွင် ထည့်သွင်းထားကြောင်း တွေ့ရှိရပါသည်။ ဥပမာ ကုန်စည်အုပ်စု(က) အစားအသောက်တွင်ပါဝင်သော သောက်ရေသန့်များသည် သုံးစွဲပုံနည်းလမ်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ဘေးထွက်ဆိုးကျိုးနှင့် ကြိုတင်သတိပေးချက်များ မဖော်ပြထားလည်း အကျုံးဝင်ကြောင်း ဖော်ပြထားပါသည်။

လုပ်ငန်းရှင်ကြီးအချို့ အမေးများသော အချက်လေးချက်တို့ကိုလည်း တင်ပြလိုပါသည်။ ကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)ရှိ မှတ်ချက်(၂)(၃)(၄)(၅) တို့ကိုဖော်ပြလိုပါသည်။ မှတ်ချက်(၂)- မြန်မာဘာသာဖြင့် ဖော်ပြရာတွင် သာမန်မျက်စိဖြင့်မြင်နိုင်သော စာလုံးအရွယ်အစား ဖြစ်ရမည်၊ မှတ်ချက်(၃)- မြန်မာဘာသာဖြင့် ဖော်ပြရာတွင် ကုန်စည်အမျိုးအစားနှင့် အရွယ်အစားအပေါ်အခြေခံ၍ ဖော်ပြရန်လိုအပ်သည့် အချက်အလက်များကို စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်၏ ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရန်၊ မှတ်ချက်(၄) - ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များဖော်ပြရန် မဖြစ်နိုင်ပါက ကုန်စည်အမျိုးအစားနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်/ အညွှန်းတို့ဖြင့် ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တစ်ပါတည်းပေးအပ်ရန်၊ မှတ်ချက်(၅) - ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ဈေးကွက်ဖြန့်ဖြူးခြင်း မပြုမီပြုပြင်ရန်(ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းအသစ် အသုံးပြုခြင်း ) တို့ဖြစ်ပါသည်။

အချို့သော ကုန်ပစ္စည်းများ၏ ကုန်အညွှန်းအမှတ်အသားများ မြန်မာဘာသာဖြင့် ပြန်လည်ဖော်ပြရန်မှာ မလွယ်ကူသည့်အခြေအနေမျိုးရှိတတ်ပါသည်။ ဥပမာ- စက်ပစ္စည်းများသည် မူလထုတ်လုပ်သည့် နိုင်ငံက အသားတံဆိပ်ဖြင့် ဖော်ပြပြီး မြန်မာဘာသာဖြင့် ဖော်ပြရေးမှာ မူလထုတ်လုပ်သည့်နိုင်ငံတွင် မြန်မာစာ၊ စာလုံးဖောင့်မရနိုင်ခြင်းနှင့်၎င်းတို့စက်ရုံတွင် ဘာသာပြန်မရှိနိုင်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ရောက်ရှိပြီးမှ ဖြန့်ချိမည့် လုပ်ငန်းရှင်က ညွှန်ကြားချက်ပါ မှတ်ချက်အပိုဒ်(၄) တွင် ဖော်ပြထားသည့်အတိုင်း လက်ကမ်းစာစောင် သို့မဟုတ် အသုံးပြုသူလမ်းညွှန်စာအုပ်များဖြင့် ဖော်ပြနိုင်ပါက သတ်မှတ်ချက်နှင့် အကျုံးဝင်သွားမည်ဖြစ်ပါသည်။

အေးသောနိုင်ငံများက ထုတ်လုပ်သည့် ဝီစကီ အရက်များသည် Codex International Food Standards အရ ထားသိုပုံ ဖော်ပြရန်မလိုကြောင်း လုပ်ငန်းရှင်အချို့က ပြောပြဖူးပါသည်။ ဤနေရာတွင် စဉ်းစားရမည့် အချက်တစ်ခုမှာ ထုတ်လုပ်သည့် နိုင်ငံသည် အအေးပိုင်းတွင်တည်ရှိပြီး ဖြန့်ချိသည့်နိုင်ငံသည် အပူပိုင်းတွင် တည်ရှိနေခြင်းကြောင့် ၎င်းစားသောက်ကုန်သည် အပူချိန်မြင့်မားသည့် အခြေအနေဖြစ်ပေါ်ပါက ဓာတ်ပြောင်းလဲနိုင်သည့်အတွက် မူလဝီစကီသည် ဓာတ်တိုးရန် အလားအလာရှိနိုင်ပါသည်။ သို့အတွက်ကြောင့် ၎င်းဝီစကီကဲ့သို့သော ကုန်ပစ္စည်းများ၏ ကုန်အညွှန်းအမှတ်အသားများတွင် သိမ်းဆည်းထားသိုပုံ ထည့်သွင်းဖော်ပြခြင်းသည် လုပ်ငန်းရှင်များအတွက်လည်း အပန်းမကြီးသည့်အပြင် စားသုံးသူအတွက် ဘေးကင်းလုံခြုံသော ကုန်ပစ္စည်းများ ရရှိစေမည်ဖြစ်ပါသည်။

**စားသုံးသူကာကွယ်ရေးဥပဒေပါ အခြားကုန်အညွှန်းအမှတ်အသားများ**

အထက်စာပိုဒ်တွင် ကုန်ပစ္စည်းများ၏ အရေးကြီးသောအပိုင်းများ၏ ကုန်အညွှန်းအမှတ်အသားကို မြန်မာဘာသာဖြင့် ဖော်ပြစေခဲ့ပါသည်။ ဤကဲ့သို့ဖော်ပြစေခြင်းမှာ ထုတ်လုပ်သူအတွက် ရှိသမျှအားလုံး ဘာသာပြန်ဖော်ပြရမည်ဆိုပါကလည်း နေရာကအစ အခက်အခဲရှိနိုင်သည့်အပြင် ဘာသာမပြန်လည်း အများပြည်သူနားလည်ရလွယ်ကူသည့် အခြားကုန်အညွှန်းများကို ခွင့်ပြုထားခြင်းကြောင့်ဖြစ်ပါသည်။ *စာမျက်နှာ ၂၃ သို့*

# ကိုဗစ် - ၁၉ ကာလအတွင်း ကြက်ဥဈေးနှုန်းကျမှုကြောင့် မုံရွာမြို့နယ်ရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ အဆင်မပြေဖြစ်နေ



**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်စစ်ပုံတောင်ကျေးရွာအနီးရှိ ကြက်မွေးမြူရေး အထူးဇုန်အတွင်း လုပ်ကိုင်လျက်ရှိသော ဥစားကြက်မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေသည့်ကာလ အတွင်း မွေးမြူရေးလုပ်ငန်းများ အဆင်မပြေဖြစ်နေကြောင်း ကြက်မွေးမြူရေး အထူးဇုန် ဥက္ကဋ္ဌ ဦးညွန့်ရွှေက ပြောသည်။

ကိုဗစ် - ၁၉ ကာလအတွင်း မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ကြက်အစာဈေးနှုန်းနှင့် ဆေးဈေးနှုန်းများကျဆင်းမှု မရှိသော်လည်း ဥဈေးနှုန်းကျဆင်းနေသဖြင့် အမြတ်အစွန်းနည်းနေခြင်း ဖြစ်ကြောင်း သိရသည်။

"သိပ်ပြီးမကိုက်ဘူး။ ကိုဗစ် - ၁၉ ကာလအတွင်းမှာ ကြက်ဥဈေးနှုန်းက ငွေကျပ် ၂၀၀၀ လောက်ကျသွားတယ်။ ကြက်ဥဈေးနှုန်းကျတာ နှစ်လကျော်လောက်ရှိပြီ။ အခုဈေးပြန်တက်တယ်ဆိုပေမယ့် မငြိမ်ဘူး။ ပြန်ကျသွားလိုက်၊ ပြန်တက်လာလိုက်နဲ့ ပြောလို့မရဘူး၊ အစပိုင်းမှာ ကြက်ဥ တစ်ပိဿာကို ငွေကျပ် ၃၀၀၀ လောက်ဆိုတော့ ကိုက်တယ်။ အခု ဈေးနှုန်းနဲ့ဆိုရင် မကိုက်တော့ဘူး" ဟု ကြက်မွေးမြူရေး လုပ်ငန်းရှင် ဒေါ်ချိုမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ ကြက်မွေးမြူရေး အထူးဇုန်အတွင်း ယခု လက်ရှိအချိန် ကြက်မွေးမြူရေး လုပ်ငန်း ရှင် ၃၅ ဦးခန့်က ကြက်မွေးမြူရေးခြံ ၇၀ ခန့်တွင် ဥစားကြက် အကောင်ရေ ၃၅၀၀၀ ခန့်ကို မွေးမြူထားကြောင်း သိရသည်။

**ဝင်းဦး(ဗေဒါယျာတိုင်း)**

# ရေစကြိုမြို့နယ်တွင် ငမြောင်တောင်ပိုးကို နှိမ်နင်းနိုင်ခဲ့သဖြင့် စပ်မျိုးပြောင်းများ ပြန်လည်အထွက်နှုန်းကောင်းမွန်

**ရေစကြို ဇွန် ၇**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ စီပီစပ်မျိုးပြောင်းစိုက်ခင်းများတွင် ယခင်နှစ်က ငမြောင်တောင်ပိုးများ ကျရောက်မှုကြောင့် စိုက်ခင်းများ ပျက်စီးပြီး အထွက်နှုန်းကျဆင်းခဲ့သော်လည်း ယခုနှစ်တွင် ငမြောင်တောင်ပိုးကို အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သဖြင့် အထွက်နှုန်းကောင်းမွန်လာလျက်ရှိသည်။

ယခင်နှစ်က ရေစကြိုမြို့နယ်တွင် ငမြောင်တောင်ပိုးသစ်ကျရောက်မှုကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား ပိုးနှိမ်နင်းနည်းပညာများ ဖြန့်ဝေပေးသော်လည်း တောင်သူအချို့မှာ လိုက်နာဆောင်ရွက်ခြင်းမရှိခဲ့သောကြောင့် တစ်ဧကအထွက်နှုန်းမှာ တင်းရေ ၃၅/ ၅၀ အထိ ကျဆင်းခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် တောင်သူများအနေဖြင့် ငမြောင်တောင်ပိုးသစ် နှိမ်နင်းနိုင်သဖြင့် စပ်မျိုးပြောင်း အထွက်နှုန်းမှာ ပြန်လည်ကောင်းမွန်လာလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ ငမြောင်တောင်ပိုးနဲ့ ပတ်သက်ပြီး တောင်သူတွေက နည်းပညာတွေ သိလာတဲ့အခါ ပိုးကျရောက်မှုကို ထိထိရောက်ရောက် ကာကွယ်နိုင်ခဲ့တဲ့အတွက် တစ်ဧကကို တင်း ၉၀ ကျော် ၁၀၀ ပုံမှန်ထွက်တဲ့ အနေအထားအထိ မြင့်တက်လာခဲ့ပါတယ် " ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေးက ပြောသည်။

ငမြောင်တောင်ပိုး စတင်ကျရောက်သည့် ယခင်နှစ်က စပ်မျိုးပြောင်းပင်များ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံခဲ့ကြရပြီး အထွက်နှုန်း လျော့ကျခြင်း၊ ပိုးမနှိမ်နင်းနိုင်သဖြင့်စိုက်ခင်းများ ဖျက်သိမ်းရခြင်းများနှင့် ကြုံခဲ့ကြရသည်ဟု တောင်သူများထံမှ သိရသည်။

ရေစကြိုမြို့နယ်ရှိ စပ်မျိုးပြောင်း စိုက်ခင်းများတွင် ယခင်ပိုးမကျရောက်ခင်နှစ်များကကဲ့သို့ တစ်ဧကအထွက်နှုန်း တင်း ၉၀/၁၀၀ အထိ ပြန်လည်အထွက်ကောင်းလာကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ဇီးတောဆည်ရေသောက် စနစ်ဧရိယာအတွင်း ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းကာ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်

**ကျောက်ဆည် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်းရှိ ဇီးတောဆည်ရေသောက်စနစ်နှင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို စီမံကိန်းအပိုင်း(၂)တွင် ထည့်သွင်းလျာထား ဆောင်ရွက်လျက်ရှိပြီး ဆည်ရေသောက် စနစ်အတွင်းတွင် ရေပေးရေယူစနစ်များ အဆင်ပြေလွယ်ကူချောမွေ့စေရန် ဆည်ရေရယူသည့် လယ်ကြားမြောင်း တစ်ခုစီအလိုက် ရေအသုံးချသူများအဖွဲ့ (WUG) များကိုပါ ဖွဲ့စည်းကာ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။



အဆိုပါစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်း (ADSP) အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ကျောက်ဆည်ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ရေသောက်စနစ် ပိုမိုကောင်းမွန်စေရေးအတွက် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဆည်မြောင်းစနစ် စီမံခန့်ခွဲမှုလုပ်ငန်းများကိုဌာနနှင့်အတူ ပူးပေါင်းစီမံခန့်ခွဲနိုင်မည့် ရေအသုံးချသူများအဖွဲ့ (Water User Group-WUG) များ ခိုင်မာစွာ ဖွဲ့စည်းဆောင်ရွက်စေခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများနှင့်အတူ ဆည်ရေသောက်လယ်သမားများအား ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်များဆောင်ရွက်ခြင်း စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်စေခြင်း စသည့်လုပ်ငန်းစဉ်များကို ထည့်သွင်းလျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရေအသုံးချသူများအဖွဲ့ ပိုမိုခိုင်မာအားကောင်းလာအောင် ဖွဲ့စည်းခြင်းနှင့်အတူ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောသည်။

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဆိုသည်မှာ ဆည်မြောင်းအဆောက်အအုံများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်စေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆည်ရေစီမံခန့်ခွဲမှု လုပ်ငန်းများကို ပိုမိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်စေရန် ဆည်ရေသောက်တောင်သူများ ပါဝင်ဖွဲ့စည်းထားပြီး ရေအသုံးချသူများ အနေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်စီမံခန့်ခွဲသည့်စနစ်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် WUG အဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဆက်လက်၍ WUG အဖွဲ့ပေါင်း ၅၀ ကို ထပ်မံဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် WUG အဖွဲ့ဝင် လယ်သမားများက မိုးစပါးရေပေးရေး ရာသီအမီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လယ်ကြားရေသွင်းမြောင်းများတွင် မြက်ချုံရှင်းလင်းခြင်းနှင့် ရေသွားလမ်းရှင်းလင်းခြင်း၊ တူးမြောင်းဖော်ခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မွေး**

# အိန္ဒိယဝယ်လက်များကြောင့် ပဲစင်းငုံဈေးကောင်း

**မန္တလေး ဇွန် ၇**

အိန္ဒိယဘက်မှ ဝယ်လက်များသဖြင့် ပဲစင်းငုံ ဈေးကောင်းနေပြီး နှမ်းအသစ်ပေါ်ချိန်ဖြစ်၍ နှမ်းဈေးများကျနေ ကြောင်း မန္တလေး ပွဲစား၊ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း ( မန္တလေး ကုန်စည်ဒိုင် )မှ သိရသည်။

"အိန္ဒိယဘက်က ကိုဒါက မေ ၁ ရက် ကတည်းက စပြီးအသက်ဝင်တာ။ တကယ် ဝယ်တာက မေလကုန်မှ စဝယ်တာ။ စဝယ်တာနဲ့ ဈေးနှုန်း နည်းနည်းမြောက်တယ်။ သူတို့ သင်္ဘောတင် စမဝယ်ခင်ကတော့ မန္တလေးဈေးကွက်မှာ ပဲစင်းငုံအနီက ငွေကျပ် ၆၈၀၀၀ အထိ ဈေးကျတယ်။ ယနေ့အနေအထားကတော့ ငွေကျပ် ၇၃၀၀၀ အထိ ဈေးပြန်တက်တယ်။ သုံးတင်း တစ်အိတ်ကို ငွေကျပ် ၅၀၀၀ လောက် ပြန်တက်တယ်" ဟု မန္တလေးကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောသည်။

ပဲစင်းငုံ(နီ) ပိဿာ ၆၀ (သစ်)လျှင် ငွေကျပ် ၇၁၀၀၀ မှ ၇၃၀၀၀၊ ပဲစင်းငုံ (ဖြူ) ပိဿာ ၆၀ (သစ်)လျှင် ငွေကျပ် ၇၃၀၀၀ ရှိကြောင်းနှင့် တရုတ်ဈေးကွက်အနေဖြင့် မြေပဲဆန် ဈေးကောင်းသော်လည်း နှမ်းမှာ အသစ်ပေါ်ချိန်ဖြစ်၍ ဈေးများကျနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

"နှမ်းအသစ်ပေါ်ခါနီးတော့ ကုန် သည်တွေက အဝယ်နားတဲ့အပိုင်းမှာ ပါတယ်။ အဝယ်ကို ချပြီးဝယ်တဲ့ သဘောပေါ့။ နှမ်းဈေးမကောင်းဘူး။ နှမ်းအညိုက ငွေကျပ် ၁၁၂၀၀၀ ပဲ ရှိတော့တယ်။ စမုံနှမ်းနက်ဆိုရင် ငွေကျပ် ၁၄၀၀၀၀ နဲ့ ၁၆၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်တယ်။ အရင်တုန်းက စမုံနှမ်းနက်ကို ငွေကျပ် နှစ်သိန်းကျော်တယ်" ဟု မန္တလေး ကုန်စည်ဒိုင်မှ သိရသည်။

**ထိပ်ထားနိုင်**

*စာမျက်နှာ ၂၂ မှ*

ၾငင်းတို့မှာ စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၄၁ နှင့် ၄၂ ပါပုဒ်မများဖြစ်ကြပြီး ကုန်စည်၏ တံဆိပ်အမှတ်အသား၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပြည်တွင်းသို့ တင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှ ကုန်စည်များ တင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊ ကုန်ပစ္စည်းတွင် ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှု အချိုးအစား၊ သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန်သတ်မှတ်ထားသော အချက်အလက်များ၊ သိပ္ပံနည်းကျသုတေသနပြု ဆောင်ရွက်ချက်များနှင့် ကျန်းမာရေး အာဟာရဆိုင်ရာ အာမခံချက်များတို့ ဖြစ်ပါသည်။

စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားများအား တိကျစွာလိုက်နာရန် လိုသကဲ့သို့ အခြားအစိုးရဌာနများ၏ ဥပဒေ၊ အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ပြီးပြည့်စုံသော ကုန်အညွှန်းအမှတ်အသားအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

**ကုန်စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားက**

ယနေ့ခေတ်တွင် ကုန်ပစ္စည်းများ အပြိုင်အဆိုင် ထုတ်လုပ်ကြရာတွင် ကုန်ပစ္စည်း၏ အရည်အသွေးသာမက ကုန်အညွှန်းအမှတ်အသားများကိုပါ ယှဉ်ပြိုင်နေရသော အခြေအနေတစ်ရပ်ဖြစ်ပါသည်။ နောက်ပိုင်းတွင် ကုန်အညွှန်းအမှတ်အသားများသည် ၎င်းညွှန်းလိုသော ကုန်ပစ္စည်းကို ကိုယ်စားပြုသည်ကို သိရှိလာကြကြောင်း တွေ့ရှိရပါသည်။ စားသုံးသူအများစုသည်လည်း ကုန်ပစ္စည်းများ ဝယ်ယူကြရာတွင် ကုန်အညွှန်းအမှတ်အသားများကို ယခင်ကထက် ပိုမိုလေ့လာကြပါသည်။ ၎င်းတို့ဝယ်ယူမည့် ကုန်ပစ္စည်း၏ အရည်အသွေးကို ဖော်ပြထားသည့် ကုန်အညွှန်းအမှတ်အသားအတိုင်း ဟုတ်မဟုတ် ပိုမိုအာရုံစိုက်လာကြပါသည်။

ဤအတွက်ကြောင့် စားသုံးသူများအနေဖြင့် ကုန်စည်များ၏ ဘေးကင်းလုံခြုံမှုသည် ကုန်အညွှန်းအမှတ်အသားပေါ်တွင် မူတည်ပြီး ကြည့်ရမည့်ခေတ်ကာလသို့ ရောက်ရှိနေပြီဖြစ်ရာ ထုတ်လုပ်သူများအနေဖြင့် မိမိထုတ်ကုန်၏ ရေရှည်ရပ်တည်မှုကို အလေးထားသည့်အနေဖြင့် ထုပ်ပိုးခွံတွင်ပါရှိသည့် ကုန်အညွှန်းအမှတ်အသားများကို အရည်အသွေးမီမီ ဖော်ပြရန် လိုအပ်ပါသည်။ စားသုံးသူများအနေဖြင့်လည်း ကုန်အညွှန်းအမှတ်အသားများ သေချာဖတ်ရှုပြီး ဝယ်ယူအသုံးပြုကြရန်လည်း တိုက်တွန်းလိုပါသည်။ ထို့ကြောင့်လည်းစားသုံးသူရေးရာဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စားသုံးသူများအခွင့်အရေးနေ့ အထိမ်းအမှတ်၊ ကုန်အညွှန်းအမှတ်အသားအတွက် ဆောင်ပုဒ်တစ်ခု သတ်မှတ်ပေးရာ **"ကုန်စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားက"** ဟူ၍ ဖြစ်ပါသည်။

ယခုအခါ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများအား ဘေးအန္တရာယ်အပေးနိုင်ဆုံးသော ကုန်ပစ္စည်းများကို ဦးစားပေးရွေးချယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူရေးရာ ကော်မတီများ၏ ကြီးကြပ်မှုဖြင့် စစ်ဆေးလျက်ရှိနေပါသည်။ ထိုသို့စစ်ဆေးရာတွင် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်စည်များအတွက် စိတ်ပူစရာမလိုသော်လည်း သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ကုန်အညွှန်းအမှတ်အသားပါ ကုန်စည်များကို ဥပဒေအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

နိုင်ငံတကာအလေ့အကျင့်ကောင်းများတွင် ကုန်အညွှန်းအမှတ်အသားများသည် ၎င်းကုန်ပစ္စည်း၏တန်ဖိုးကို ကိုယ်စားပြုလေ့ရှိရာ စားသုံးသူများအနေဖြင့် အလွယ်တကူဝယ်ယူနိုင်ကြပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း လွတ်လပ်သော ဈေးကွက်စနစ်ဖြင့် ရှေ့သို့ မှန်မှန်သွားနေချိန်တွင် မိမိတို့ထုတ်လုပ်သော ကုန်အညွှန်းအမှတ်အသားသည် မိမိတို့ထုတ်လုပ်သော ထုတ်ကုန်ကို ကိုယ်စားပြုသည် သာမက အမိမြန်မာနိုင်ငံတော်ကိုပါ ကိုယ်စားပြုသည် ဟူသောအချက်ကို အစဉ် သတိရ ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။ ထိုနည်းတူစွာ ပြည်ပမှ တင်သွင်းလာသော ကုန်စည်များ၏ ကုန်အညွှန်းအမှတ်အသားများကို သေချာဂရုစိုက် ဖတ်ရှုလေ့လာရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

ဤအတွက်ကြောင့် ကုန်ပစ္စည်းများ၏ ကုန်အညွှန်းအမှတ်အသားက ပြောသော ကုန်ပစ္စည်းအကြောင်းကို နားလည်လိုက်နာကျင့်သုံးတတ်စေရန်နှင့် ကုန်ပစ္စည်းထုတ်လုပ်သော မြန်မာလုပ်ငန်းရှင်များအနေဖြင့်လည်း စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များ နားလည်လိုက်နာ၍ မိမိ၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်၏ ဂုဏ်သတင်းကိုပါ မြှင့်တင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

# ရွှေလင်ပန်းစက်မှုဇုန်တွင် ရေဝပ်ရေလျှံမှု ကင်းဝေးစေရန် အရှည် လေးမိုင်ကျော် ပင်မရေမြောင်းကြီး ဖောက်လုပ်မည်

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်ကတည်ဆောက်ခဲ့သော စက်မှုဇုန်များအနက် ရွှေလင်ပန်းစက်မှုဇုန်မှာ မိုးရာသီတွင် ရေဝပ်ရေလျှံဖြစ်လေ့ရှိသော စက်မှုဇုန်တစ်ခုဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ရေဝပ်ရေလျှံမှု ကင်းဝေးစေရန် အတွက် လေးမိုင်ကျော် ရှည်လျားသည့် ပင်မ ရေနုတ်မြောင်းကြီးတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးကော်မတီမှ သိရသည်။

"၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာ ရွှေလင်ပန်းစက်မှုဇုန် အတွင်း ပင်မရေနုတ်မြောင်းကြီးတူးဖော်ဖို့ရှိပါတယ်။ စက်မှုဇုန်တွေမှာ အိုးအိမ်နဲ့ စည်ပင် ကွဲပြားမှုမရှိတာတွေ ရှိနေတာကြောင့် လမ်းခင်းပြီး မြောင်းဖော်ဖို့ လိုအပ်တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ခေါင်းစဉ်အောက်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီစီမံကိန်းကို စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆက်လက်အကောင်အထည်ဖော်ရာမှာ ပထမဆုံး စတင် ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက ပြောသည်။

အဆိုပါ ပင်မရေမြောင်းကြီး တူးဖော်မှုကို ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးကော်မရှင်ထံ တင်ပြပြီး ခွင့်ပြုချက်ရပါက တိုင်းဒေသကြီးလွှတ်တော်၌ ဥပဒေကြမ်းအဖြစ် ပြန်လည်တင်ပြ၍ အတည်ပြုပြီးပါက စက်မှုဇုန် ပင်မရေမြောင်းတူးဖော်မှုကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။

စက်မှုဇုန်၏ အနော်ရထာကားလမ်းမကြီးနှင့်အပြိုင် တူးဖော်မည့် ပင်မရေနုတ်မြောင်းကြီးကို အရှည် လေးမိုင်ကျော်၊ အကျယ် ရှစ်ပေ၊ အနက် ၁၀ ပေ တူးဖော်ပြီးနောက် မြောင်းအဖုံးများတပ်ဆင်၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရွှေလင်ပန်းစက်မှုဇုန် အထက်ပိုင်းရှိ ရိုးကြီး၊ ရိုးလေးကျေးရွာနှင့် ချောင်းများမှ စီးဆင်းလာသောရေများ ရွှေလင်ပန်းစက်မှုဇုန်အတွင်း ရေဝပ်ရေလျှံမှု မဖြစ်ပေါ်စေရန်နှင့် ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ ခိုအောင်းနေသောရေများ လှိုင်မြစ်အတွင်း မြန်ဆန်စွာ စီးဆင်းနိုင်စေရန် အဆိုပါ ပင်မရေနုတ်မြောင်းကြီးကို တူးဖော်ခြင်းဖြစ်သည်။



ရွှေလင်ပန်းစက်မှုဇုန် တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်းတွင် ဇွန် ၅ ရက်က ရေဝပ်ရေလျှံဖြစ်နေမှုကို တွေ့ရစဉ်။

ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေါ်စန္ဒာမင်းက "စက်မှုဇုန်တွေမှာ အခုဖြစ်နေတာက စည်ပင်သာယာကို အချို့နေရာတွေမှာ လွှဲပေးပေမယ့် ဆောင်ရွက်နိုင်မှု လိုအပ်ချက်တွေ ရှိနေတယ်။ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပေါ်လာရင် ကော်မတီတစ်ရပ်ကို တိုင်းဒေသကြီးအစိုးရက ဖွဲ့ထားတာရှိတယ်။ စည်ပင်သာယာက မဆောင်ရွက်နိုင်ရင် ဒီကော်မတီက ဦးဆောင်ပြီးတော့ ဘတ်ဂျက်ငွေကို စက်မှုဇုန်များအတွက် လျာထားပေးမယ်ဆိုရင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမှာပါ။ ရန်ကုန်မြို့တွင်း ၃၃ မြို့နယ်နဲ့ စည်ပင်နယ်နိမိတ်ပြင်ပ ၁၂ မြို့နယ်ကို စည်ပင်က ဆောင်ရွက်နေရတာကြောင့် ဇုန် ၂၉ ဇုန်မှာ စက်မှုဇုန်အင်္ဂါနဲ့ မပြည့်စုံမှုတွေရှိတဲ့အတွက် အခုချိန်ကစပြီး ဆောင်ရွက်ရမယ်ဆိုရင် အစိုးရက ဘတ်ဂျက်ကို နှစ်စဉ်လျာထားပေးပြီး ကော်မတီက ဆောင်ရွက်သွားခြင်းဖြင့် ရန်ကုန်မြို့တော် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်လာစေနိုင်တာကြောင့် အစိုးရအနေနဲ့ ဆက်လက်ဖော်ဆောင်ဖို့ ဆန္ဒပြုလိုပါတယ်" ဟု ပြောကြားသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ဘုရားတစ်ထောင်အကောက်တောင် ဘုရားဖူးသွားလာရေးအဆင်ပြေရန် ကွန်ကရစ်လမ်း စတင်ဖောက်လုပ်

**ပန်းတောင်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု ဘုရားတစ်ထောင် အကောက်တောင်ကွန်ကရစ် လမ်းဖောက်လုပ်မှုတွင် ဇွန် ၇ ရက်က အောက်ခံကျောက်ကြီးစီ သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ **(ယာပုံ)**



အဆိုပါ တဲကြီးကုန်း-အကောက်တောင်လမ်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃၆ ဒသမ ၁၈ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပန်းတောင်း မြို့နယ်မှ တာဝန်ယူပြီး တင်ဒါအောင်သည့် ကုမ္ပဏီက အလျား တစ်မိုင်၊ အကျယ် အနံ ၁၂ ပေ၊ လမ်းအမြင့် ခုနစ်လက်မ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ထုံးဘိုကျေးရွာ ဘုရားတစ်ထောင် အကောက်တောင်က ဧရာဝတီ မြစ်ကမ်းနံဘေးမှာရှိပြီး မြစ်ကမ်းကျောက်ဆောင်တွေမှာ နံကပ်ဘုရားတွေ ထွင်းထုထားတဲ့ ရှေးဟောင်းသမိုင်းဝင် ဘုရားပါ။ မြန်မာပြည်အရပ်ရပ်က လာရောက်ဘုရားဖူးရာမှာ စက်လှေတွေနဲ့ သွားရပြီး အပြန်ကားတွေနဲ့ တောင်ကြောအတိုင်း ပြန်ဆင်းရာမှာ တောင်လတ်ကုန်းတော်ပေါ်မှာတည်ရှိတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကိုပါ တစ်ပါတည်း ဝင်ဖူးရတယ်လေ။ နောက်ဘုရားကလည်း ကြံခင်းမြို့နယ်နဲ့ ပန်းတောင်းမြို့နယ်အစပ်မှာရှိတဲ့ တိုင်းခြားဘုရားပါ။ ကြံခင်းမြို့နယ်ကလည်း ဘုရားအရောက် လမ်းခင်းပေးထားတော့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး ဆက်သွယ် ရေးလမ်းလဲဖြစ်နေတာပေါ့။ အခုလို ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ကွင်းဆင်းလေ့လာဆောင်ရွက်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်တာဝန်ရှိသူများအားလုံးကို ကျေးရွာလူထုကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်" ဟု ရပ်မိရပ်ဖ ဦးမြင့်ဆွေက ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**

# တနိုင်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**တနိုင်း ဇွန် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား အခြေခံစားသောက်ကုန်များကို ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၅ ရက်တွင် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှကေသီနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက တနိုင်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ အိမ်ထောင်စုများအတွက် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆားနှင့် ပဲများကို တစ်လစာ ထောက်ပံ့ ပေးအပ်သည်။

စားသောက်ကုန်များ ထောက်ပံ့ပေးရာတွင် ကင်ဆားရာရပ်ကွက်ရှိ KBC Camp တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၁၀၈ စုအတွက် ဆန် ၁၄၂ အိတ်၊ ဆီ ၂၁၆ ပိဿာ၊ ပဲ ၂၁၆ ပိဿာနှင့် ဆား ၁၀၈ ပိဿာ၊ ပုန်ခုန်းရပ်ကွက်ရှိ RC Camp တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၁၅၆ စုအတွက် ဆန် ၂၂၅ အိတ်၊ ဆီ ၃၁၂ ပိဿာ၊ ပဲ ၃၁၂ ပိဿာ၊ ဆား ၁၅၆ ပိဿာ၊ မုန်ဒိန်ရပ်ကွက်ရှိ AG Camp တိုက်ပွဲ ရှောင်စခန်းမှ အိမ်ထောင်စု ၄၅ စုအတွက် ဆန် ၆၇ အိတ်၊ ဆီ ပိဿာ ၉၀၊ ပဲပိဿာ ၉၀ နှင့် ဆား ၄၅ ပိဿာ၊ အေးသုခရပ်ကွက်ရှိ CoC Camp တိုက်ပွဲရှောင် စခန်းမှ အိမ်ထောင်စု ၄၅ စုအတွက် ဆန် ၆၁ အိတ်၊ ဆီပိဿာ ၉၀၊ ပဲပိဿာ ၉၀၊ ဆား ၄၅ ပိဿာဖြင့် စုစုပေါင်း အိမ်ထောင်စု ၃၅၄ စုရှိ လူဦးရေ ၁၅၉၃ ဦးအတွက် အခြေခံစားကုန်များကို ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

တိုက်ပွဲရှောင်ပြည်သူများအား ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးမှုတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း လိုအပ်သည်များကို ပါဝင်ကူညီ ဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**



တိုက်ပွဲရှောင်စခန်းတစ်ခုအတွက် အခြေခံစားသောက်ကုန်များကို ပြည်နယ်ဝန်ကြီး ဦးဇော်ဝင်း ထောက်ပံ့ပေးအပ်စဉ်။

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် မိတ္ထီလာမြို့နယ်မှ ကျေးရွာ ၂၇ ရွာ၌ လမ်းလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ ဇွန် ၇**

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၂၇၀၀ ဖြင့် ကျေးရွာ ၂၇ ရွာ၌ ကျေးရွာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၂၇၀၀ နဲ့ မြို့နယ်အတွင်းက ကျေးရွာ ၂၇ ရွာမှာ ကျေးရွာလမ်းခင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေတာပါ။ ကျေးရွာ ၂၄ ရွာမှာ အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းခင်းခြင်းနဲ့ ကျေးရွာ သုံးရွာမှာ ဂျင်းမြေသားလမ်းဖြစ်ပါတယ်။ လမ်းခင်းဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာတစ်ရွာကို ကျပ်သိန်း ၁၀၀ ခွင့်ပြုချထားပေးတာဖြစ်ပြီး ဒေသခံ ကျေးရွာတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ပြီး ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်တာမို့ သတ်မှတ်လမ်းအရှည်ထက် ပိုခင်းနိုင်ဖို့လည်း အချို့ကျေးရွာတွေမှာ ဆောင်ရွက်ကြပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှူး ဦးအေးဇော်မြင့်က ပြောသည်။



မိတ္ထီလာမြို့နယ်အတွင်းရှိ သဖန်ပင်ရိုး၊ မကျီးချောက်၊ ပေါက်ပင်အိုင့်၊ တုံးအိုင်၊ ထနောင်းကန်၊ မွေ၊ လျှော်ဖြူကန်၊ ဖလံကျင်း၊ ရေချို၊ ခင်လူး၊ အုံတုံ၊ ညောင်ကန်၊ ချုံစွန်း၊ မောက်လောက်၊ ပိတောက်ပင်၊ ရုံးတောကြီး၊ ရွာတန်းရှည်၊ မယ်ဇလီပင်၊ ပျော်ကုန်း စသည့် ကျေးရွာ ၂၇ ရွာတွင် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးသန်း၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများ ဇွန် ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မကွေးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိ

**မကွေး ဇွန် ၇**
မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ခရိုင်အတွင်းမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး အတွက် ကျေးလက်ကုန်ထုတ်လမ်းများ၊ ကျေးလက်လမ်း နှင့် တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ရေရရှိရေး လုပ်ငန်းများ၊ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်း ရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အလိုက် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေဟိန်းက "မကွေးခရိုင်နဲ့ ခရိုင်အတွင်းက မြို့နယ်များမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကျေးလက်လမ်း ၉၁ လမ်း၊ တံတား ၄၆ စင်း၊ ရေပေးရေး လုပ်ငန်း ၂၇၇ ခု၊ ကျေးရွာမီးလင်းရေး ၁၀၉ ရွာနဲ့ ကုန်ထုတ် လမ်း သုံးလမ်း၊ စုစုပေါင်းလုပ်ငန်း ၅၇၆ ခု ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ ခွင့်ပြုငွေ ကျပ် ၉၃ ဒသမ ၆၅၂ သန်းနဲ့ ကုန်ထုတ်လမ်းလုပ်ငန်း သုံးခုကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးခဲ့ပြီး ခွင့်ပြုငွေ ကျပ် ၈၉၅ ဒသမ ၃၅၅ သန်းနဲ့ ဆောင်ရွက်တဲ့ ရေပေးရေး လုပ်ငန်း ၄၂ ခုကတော့ ၉၆ ရာခိုင်နှုန်းအထိ ပြီးစီးနေပါပြီ၊ ကျေးရွာ ၁၉ ရွာ မီးလင်းရေးအတွက် ဆောင်ရွက်မှုကလည်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပါတယ်"ဟု ပြောသည်။



မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ပေးထားသည့် တံတားတစ်စင်း

မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ အသက်မွေး ဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန် စက်ချုပ် သင်တန်း၊ လက်သမား/ပန်းရန်သင်တန်း၊ စက်ပြင်သင်တန်း များလည်း ဖွင့်လှစ်ပို့ချပေးရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သင်တန်း ၉၃ ကြိမ် ဖွင့်လှစ် နိုင်ခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း စက်ချုပ် သင်တန်း ရှစ်ကြိမ်၊ လက်သမား/ပန်းရန်သင်တန်း လေးကြိမ်နှင့် စက်ပြင်သင်တန်း တစ်ကြိမ် စုစုပေါင်း ၁၃ ကြိမ် ဖွင့်လှစ်ပေးနိုင်ကြောင်း သိရသည်။

ထို့အပြင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ အထိ ကျေးရွာ ၁၉၃ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွင်း ကျေးရွာ ၂၀ တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း ၂၀၁၇-၂၀၁၈ မှ ၂၀၁၈-၂၀၁၉ အထိ ကျေးရွာ ၁၀၄ ရွာနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တွင် ကျေးရွာ ၁၀၁ ရွာတို့၌ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကရင်ပြည်နယ်မှ ကျေးလက်လမ်းလုပ်ငန်းများ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကွင်းဆင်းစစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ကျေးလက်လမ်း ဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် တာဝန်ရှိသူများ ဇွန် ၆ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကွမ်ဘီ-စည်းစိမ်ကုန်းကျေးရွာ လမ်း အရှည် တစ်မိုင်၌ ကတ္တရာလမ်းခင်းသည့် လုပ်ငန်းကိုလည်းကောင်း၊ ဝင်းစိန်-ကွမ်ဖျာကျေးရွာ ချင်းဆက်လမ်း အရှည် တစ်မိုင်တွင် ကျောက်ချော ခင်းသည့် လုပ်ငန်းကိုလည်းကောင်း၊ ထီးလင်း ဝင်းသာ-အထက်ရေပူ-အောက်ရေပူ ကျေးရွာချင်း ဆက်လမ်းတွင် ကတ္တရာလမ်း တစ်မိုင်ခင်းသည့် လုပ်ငန်းကိုလည်းကောင်း၊ ဒိုင်းပြကုန်း-အုန်းတပင် ကျေးရွာလမ်းတွင် မြေသားလမ်း နှစ်မိုင်ခင်းသည့် လုပ်ငန်းကိုလည်းကောင်း၊ ကြာအင်းတံတားနှင့် လှိုင်းဘွဲ့တံတား၌ မြေထိန်းနံရံ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းများ အရည်အသွေးကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် မှာကြားသည်။

တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်း စစ်ဆေးသည့်အဖွဲ့တွင် ကရင်ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်လမ်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါစစ်ဆေးသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းတပ်မြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ကာလတို ရက်ကန်းပညာသင်တန်းဖွင့်မည်

**မင်းတပ် ဇွန် ၇**
ချင်းပြည်နယ် မင်းတပ်မြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အောက်ရှိ ရက်ကန်းနှင့် အသက်မွေး ပညာ သင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ကာလတိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ် ကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်စန္ဒာအောင်က "ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ ဒီကာလအတွင်းမှာ အလုပ်အကိုင်ရှားပါးမှုကြောင့် ဒေသခံ ပြည်သူတွေရဲ့ စားဝတ်နေရေး အခက် အခဲတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီဖြေရှင်းပေးနိုင်ဖို့ ဒီလို ရက်တို သင်တန်းတွေ ဖွင့်လှစ်ပေးရတာဖြစ် ပါတယ်။ သင်တန်းကာလ ၂၄ ရက် အတွင်းမှာ သင်တန်းသူ သင်တန်းသား တွေကို သင်တန်းကျောင်းက တစ်နေ့ ကျပ်လေးထောင် ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်၊ ဇူလိုင် ၁ ရက်ကနေ ၂၄ ရက်အထိ ဖွင့်လှစ်သွားမယ့် ကာလတို သင်တန်းမှာတော့ သင်တန်းသားဦးရေ ၁၀ ဦးပဲ လက်ခံသင်ကြားပေးမှာဖြစ် ပါတယ်"ဟု ပြောကြားသည်။



မင်းတပ်မြို့ ရက်ကန်းနှင့် အသက် မွေးပညာသင်တန်းကျောင်း၌ ပုံမှန် အချိန်များတွင် လက်ရက်ကန်းပညာ ခြောက်လသင်တန်းနှင့် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင် တစ်နှစ် သင်တန်းတို့အပြင် အခြား အသက်မွေး ဝမ်းကျောင်းပညာ ရက်တိုသင်တန်း များလည်း ဖွင့်လှစ်သင်ကြားပေးနေ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ထန်တလန်မြို့နယ်၌ ဘေ့နူးမြစ်ရေတိုက်စားခြင်းမှကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်လျက်ရှိ

**ဟားခါး ဇွန် ၇**
ချင်းပြည်နယ် ထန်တလန်မြို့နယ် မွှန်ဟားကျေးရွာ၌ ဘေ့နူးမြစ်ရေတိုက်စား၍ ကမ်းပြိုခြင်းမှ ကာကွယ် နိုင်ရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရန်ပုံငွေများဖြင့် ကျောက်စီ မြေထိန်းနံရံကို တည်ဆောက်လျက်ရှိရာ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို ချင်းပြည်နယ် လူမှုရေး ဝန်ကြီး ဦးပေါ်လွန်းမင့်ထန်နှင့် တာဝန်ရှိသူများက ဇွန် ၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးအား ချင်းပြည်နယ် ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြား ရေးမှူး ဦးမင်းသိန်းက ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရေးအတွက် မြေသားများချဲ့ခြင်း၊ ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘေ့နူးမြစ်ရေတိုက်စားမှု အခြေအနေနှင့် ကျောက်စီ မြေထိန်းနံရံ တည်ဆောက်မှုကို ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်း တင်ပြကာ ပြည်နယ်ဝန်ကြီးက အချိန်မီပြီးစီးရေး နှင့် လုပ်ငန်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံသည် အလျား ပေ ၅၀၀၊ အကျယ် ကိုးပေနှင့် အမြင့် ၁၂ ပေရှိပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုကော်မတီ၏ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၈၀ ဖြင့် ရွှေသရဖူအောင် ညီအစ်ကိုများ ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိပြီး ဇွန် ၆ ရက်အထိ လုပ်ငန်း ပြီးစီးမှု ၂၅ ရာခိုင်နှုန်းရှိကြောင်း၊ လုပ်ငန်းတစ်ခုလုံး ပြီးစီးသွားပါက မွှန်ဟားကျေးရွာနေ ပြည်သူများ အနေဖြင့် နှစ်စဉ်ကြုံတွေ့ရသည့် ရေတိုက်စားခြင်း အန္တရာယ်မှ ကင်းဝေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေး လုပ်ငန်းများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြင်းမူမြို့နယ်မှ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မှု ၃၅ ရာခိုင်နှုန်းကျော်ပြီးစီး

**မြင်းမူ ဇွန် ၇**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဆပ်ပြာကျင်းကျေးရွာတွင် တည်ဆောက် လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရ သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာန ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ကျပ် ၆၉ သန်းဖြင့် ဆောင်းရွှေလဝန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်နေပြီး အဆောက် အအုံများမှာ အာရ်စီ တစ်ထပ်အမျိုးအစားများဖြစ်ကာ ဆေးခန်းသည် အလျား ပေ ၃၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၃ ပေရှိပြီး ဝန်ထမ်းအိမ်ရာမှာ အလျား ပေ ၃၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၃ ပေဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာ ဦးအောင်ဦးက "တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ဖြစ်ရေးအတွက် ကျွန်တော်တို့ မြို့နယ်အဆောက်အအုံများ အရည်အသွေးစစ်ဆေးရေးအဖွဲ့က အပတ်စဉ်ကွင်းဆင်းစစ်ဆေး ကြပ်မတ်နေပါတယ်"ဟု ပြောကြားသည်။

**အောင်စိုးဖေ (မြင်းမူ)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများကို ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် ဇွန် ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)ရန်ပုံငွေဖြင့် လည်ပတ်လုပ်ကိုင်နေသည့် စီမံကိန်းလုပ်ငန်းခွဲများကို တာဝန်ရှိသူများက ဇွန် ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စု မင်္ဂလာကျေးရွာတွင် လူထုဗဟိုပြု စီမံကိန်းပံ့ပိုးငွေ ကျပ်သိန်း ၁၆၀ ဖြင့် ဆောင်ရွက်သည့် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းခင်းသည့်လုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ဘန်းယဉ်ကျေးရွာ အုပ်စု ခုတ်နမ့်ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းပံ့ပိုးငွေ ကျပ်သိန်း ၁၇၀ ဖြင့် အလျား၄၀ပေ၊အနံပေ၃၀၊အမြင့်၂၁ပေရှိနှစ်ထပ်ဘက်စုံသုံးကျေးရွာခန်းမဆောင် တည်ဆောက်နေမှု အခြေအနေ၊ ဘန်းယဉ်ကျေးရွာအုပ်စု နောင်ဘိုကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းပံ့ပိုးငွေ ကျပ်သိန်း ၂၀၀ ဖြင့် အလျား ပေ ၃၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် နောင်မွန် ကျေးရွာအုပ်စု လီမွန်ကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်းပံ့ပိုးငွေ ကျပ် ၉၅ သိန်းဖြင့် အလျား ၂၆ ပေ၊ အနံ ၁၆ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်မြင့်သောင်း၊ ခရိုင် ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် တာဝန်ရှိသူများပါဝင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



စီမံကိန်းရန်ပုံငွေဖြင့်ဆောက်လုပ်သည့် ဘက်စုံသုံးကျေးရွာခန်းမဆောင်

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အေဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဇွန် ၆ ရက်မှ အဆက်*



အမည် - အေဝမ်းကြည်အေး
၂၇-၅-၁၉၂၉ - ၁၉-၁၀-၂၀၀၀
အနုပညာအမည် - ဒါရိုက်တာ သန်းကျော်ငွေ
တာဝန်ယူခဲ့သော - ဂီတစာဆို၊ သရုပ်ဆောင်
အနုပညာလုပ်ငန်းများ - ဒါရိုက်တာ



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး






**ကြည်စိုးထွန်း** ။ ။ ဦးလေး အဏ္ဏဝါမေ ပြောဖို့ ကောင်းတယ်။

**အေဝမ်းကြည်အေး** ။ ။ အဏ္ဏဝါမေက ဒီလိုဗျ။ ကျွန်တော် ခုန လူလှနဲ့ရူပ ရိုက်ပြီးသွားရော။ ရိုက်ပြီး ထရှိုင်လုပ်နေရင်းနဲ့ ကျွန်တော့်ဆီကို ဇော်ဝင်းထွဋ်ရဲ့ အမေ ထား။ သူက ကျွန်တော့် ဝိုင်းထဲမှာ ပုဏ္ဏားတိုင် ဆိုတာ။ Dubbing တွေမှာလည်း Background ဆိုတယ်။ တီးဝိုင်းသွားတီးရင်။

**ကြည်စိုးထွန်း** ။ ။ အေဝမ်းကြည်အေး တူရိယာအဖွဲ့ ဆိုပြီး ရှိသေးတယ်နော်။ အဲဒီမှာ မထားက သီချင်းဆိုတယ်...ဪ။

**အေဝမ်းကြည်အေး** ။ ။ အဲဒီမှာ ကျွန်တော် ခေါ်ခဲ့တာ။ ဘဝဟူသည် ရွှေဘ မင်းသား၊ သီသီ မင်းသမီး၊ နောက်ပြီးတော့ မြတ်ထွဋ်နဲ့မောင်လှသူ။

**ကြည်စိုးထွန်း** ။ ။ ဪ - ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး** ။ ။ နှစ်ယောက် ဒါရိုက်တာ သူတို့တွဲရိုက်တဲ့အချိန်က ကျွန်တော်က အကူအညီသွားပေးတာ။ ကျွန်တော်က Dubbing သွားလုပ်ပေးတာ။ အေဝမ်းခြံထဲမှာပဲ။ အခန်းထဲကို မထား ဝင်လာပြီးတော့ အစ်ကို ခဏအပြင်လိုက်ခဲ့ပါတဲ့။ အပြင်မှာကျတော့ မနုနဲ့၊ ခင်သန်းနုနဲ့ သူက ပြည်ထောင်စုမယ် ခင်သန်းနု ပါတဲ့။ မင်းသမီး လုပ်ချင်လို့တဲ့။ ဟ- မင်းသမီးလုပ်ရအောင် ငါက ဒါရိုက်တာပဲ ဟလို့။ ပရိုဂျူဆာ ရှာမှ ရမှာပေါ့လို့။

**ကြည်စိုးထွန်း** ။ ။ ကိုယ်က ပိုက်ဆံ ထုတ်နိုင်တာ မှ မဟုတ်ဘဲ။

**အေဝမ်းကြည်အေး** ။ ။ ထုတ်လည်းမထုတ်နိုင်ဘူး။ အဲဒီမှာ ကံကောင်းချင်တော့ တစ်လတောင် မကြာဘူး။ ကျွန်တော်တပည့် ဆီဆုံလမ်းမှာနေတယ်။ မနက်မနက် လျှောက်လျှောက်သွားတယ်။ ကျွန်တော် စန္ဒရားတီးရင် တက်နားထောင်တယ်။ နောက်ပြီးလက်ဖက်ရည်ဆိုင်ခေါ်ပြီးတိုက်တယ်။ ကျွန်တော့်တပည့် ဘမိုး၊ ကိုဘမိုး. သူကရောက်လာတယ်။ ရောက်လာပြီးတော့ ဆရာတဲ့၊ ကျွန်တော့်ကို ကားတစ်ကားရိုက်ပါတဲ့။

**ကြည်စိုးထွန်း** ။ ။ ဪ သူက မင်းသား လုပ်ချင်တာ။

**အေဝမ်းကြည်အေး** ။ ။ သူက ဘယ်သူနဲ့ သွားတူလဲဆိုတော့ ဖာတစ်လုံး ကိုခင်မောင်နဲ့ တူတယ်။ ဖာတစ်လုံးခေါင်းကျား လုပ်တဲ့။ ခင်ဗျား မင်းသားတော့ မလုပ်ပါနဲ့ဗျာ။ ဒုတိယ မင်းသားပဲရမယ်လို့။ အဲဒီမှာ ဆရာရွှေဒုံးဆီကနေပြီးတော့ ကျွန်တော်က ဆရာ့ဆီက တောင်းတော့ မင်းရိုက်ကွာဆိုပြီး " Woman of the river"၊ အဲဒါကို ကျွန်တော်က အဏ္ဏဝါမေဆိုပြီး ကျွန်တော်က ရိုက်တာ။ ခင်သန်းနုကို အဲဒီတုန်းက half-naked ပေါ့လေ။ ဂါဝန်လိုလို ဘာလိုလို အောက်က ကြက်ခြေလေးနဲ့လုပ်ထားတာ။ အဲဒီအဝတ်လေးနဲ့။

**ကြည်စိုးထွန်း** ။ ။ အဲ- အဲဒါကြောင့် ဦးလေးကို ကျွန်တော်ပြောတာ စိတ်ကူးသိပ်ကောင်းပါတယ်ဆိုနေမှ။

**အေဝမ်းကြည်အေး** ။ ။ ဟား ဟား ဟား ဟား။

**ကြည်စိုးထွန်း** ။ ။ ခုနက မစံတုန်းကလည်း ဦးလေး အဲဒီလိုပဲ။

**အေဝမ်းကြည်အေး** ။ ။ အဲဒီလိုပဲလုပ်တယ် ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ အခု ခင်သန်းနုကိုလည်း...။

**အေဝမ်းကြည်အေး** ။ ။ အဲဒီလိုပဲ လုပ်ပေးတယ်။ လုပ်တော့ အဲဒီအချိန်က ကိုဘမိုးကလည်း ပရိုဂျူဆာ ထပ်ရှာတယ်။ ရှာတော့ မာဃဖလင် ဦးချစ်ဆွေ ရေကျော်မှာနေတာ တည့်သွားရော သူတို့။ တည့်သွားတော့ သူက အဲဒီကားကို မောင်မောင်တာက ဆရာရွှေဒုံးရိုက်တဲ့ ဒေါက်တာအောင်ကျော်ဦး ပြီးခါစ။

**ကြည်စိုးထွန်း** ။ ။ ဪ ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး** ။ ။ နာမည်သိပ်ကြီးနေတဲ့အချိန် မောင်မောင်တာကို နှစ်သောင်းပေးပြီးတော့ ရိုက်တာ။ နှစ်သောင်းမှ လက်ငင်းကိုပေးပြီး ရိုက်တာ။ အဲဒီအချိန်မှာ ကျွန်တော်က ဘယ်သူနဲ့ သွားတွေ့လဲဆိုတော့ ကိုဝင်းဦးနဲ့ သွားတွေ့တယ်။

**ကြည်စိုးထွန်း** ။ ။ ဪ ကဲ။

**အေဝမ်းကြည်အေး** ။ ။ ဟာ ဆရာ့ဆီက ကြားခဲ့တယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ ဆရာရွှေဒုံးဆီက။

**အေဝမ်းကြည်အေး** ။ ။ အဲဒီ ဝတ္ထုလေး ကျွန်တော် သိပ်ကြိုက်လို့ဗျာတဲ့။ ခင်ဗျား ဘယ်တော့ရိုက်မလဲ။ ကျွန်တော့်ကို ရိုက်တဲ့ ရှစ်ထောင်ပဲပေးတဲ့။ ကျွန်တော်က သိပ်ကြိုက်သွားတာပေါ့။ သူက နှစ်ယောက်တည်းနေချင်တယ် ပြီးသွားပြီ။

**ကြည်စိုးထွန်း** ။ ။ နာမည်ကလည်း ရနေပြီ။

**အေဝမ်းကြည်အေး** ။ ။ သိပ်ကြိုက်သွားပြီ။ ကျွန်တော်က လုပ်မယ်ဆိုတော့ ဟိုက လွန်သွားပြီ။

**ကြည်စိုးထွန်း** ။ ။ ဪ ငှားပြီးသွားပြီ မောင်မောင်တာ။

**အေဝမ်းကြည်အေး** ။ ။ အဲဒီကနေ အဏ္ဏဝါမေကို ကမန်းကတန်း စီစဉ်ရတာပေါ့။ မောင်မောင်တာနဲ့ ခင်သန်းနုနဲ့၊ ကျွန်တော်တို့ အခု ပန်းဆိုးတန်း ဆိပ်ကမ်း မြသီတာဟိုဘက်မှာ စက်လှေကြီး၊ တစ်ခါတည်း စက်လှေက ကိုလေးမြိုင်ဆိုတာက သူက DSI မှာ အရာရှိကြီး၊ သူလွှတ်လိုက်တဲ့ စက်လှေ။

**ကြည်စိုးထွန်း** ။ ။ အဲဒီစက်လှေကြီးနဲ့ သွားရော။

**အေဝမ်းကြည်အေး** ။ ။ အဲဒီစက်လှေပေါ်မှာ ကန်တော့ပွဲ ပေးတာ။

**ကြည်စိုးထွန်း** ။ ။ ဪ ဟုတ်လား။

**အေဝမ်းကြည်အေး** ။ ။ အဲဒီမှာ ကျွေးမွေး ကန်တော့ပွဲပေးပြီးတော့ ကန်တော့ပွဲလည်းပြီးရော တစ်ခါတည်းသွားကြရော။

**ကြည်စိုးထွန်း** ။ ။ မင်းသား မင်းသမီး တွေရော အကုန်ပါလား။

**အေဝမ်းကြည်အေး** ။ ။ အကုန်ပါ တယ်။ ဇီးဖြူသောင် ကို သွားတာ အစင်တို့၊ ဇီးဖြူသောင်တို့ အဲဒီကနေမှတစ်ဆင့်တစ်ခါ မြိတ် အောက်ဒိုးတွေ။

**ကြည်စိုးထွန်း** ။ ။ အဲဒါလေကျွန်တော် ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးတယ် ဦးလေးရဲ့။ ဝတ္ထုထဲမှာ ဘယ်လို ရေးလဲဆိုတော့ အဲဒီမြိတ်ကို ရောက်တဲ့အခါကျ ခင်သန်းနုပါတယ်တဲ့။ ခင်သန်းနုပါတော့ ခင်သန်းနုနေရာမှာ ဒိုင်ဗင်ထိုးပေးရလား ဘာလားမသိဘူး။ ဦးလေးရယ်။ အဲဒီလို ခင်သန်းနုနေရာမှာ ကိုယ်စား သရုပ်ဆောင်တာ တစ်ယောက်ရှိတယ်ထင်တယ်။ အဲဒီမှာ သူ့ကို ခင်သန်းနုဆိုပြီးတော့ ဆလုံဆလုံ အဲဒီလိုလေး ကျွန်တော်ဖတ်ဖူးတယ်။ နောက်ကျတော့ အဲဒီဝတ္ထုရဲ့ နောက်ပိုင်းမှာ ဆက်ရေးတဲ့ အခါကျတော့ ဒီနေရာမှာ ဆလုံလိုနေရာမျိုးမှာ ခင်သန်းနုဆိုတဲ့ နာမည်မျိုးရောက်သွားလို့ ကျွန်တော် အံ့သြနေတာ။ အဲဒါဦးလေး လက်ချက်ပေါ့။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်ပါတယ်ဟား ဟား ဟား ဟား။

**ကြည်စိုးထွန်း** ။ ။ ဒါပေမယ့် ဦးလေး အရင် ခုနက ဒေါက်တာအောင်ကျော်ဦးတုန်းကလည်း ဆရာရွှေဒုံးက မြိတ်ဘက်မှာ ရိုက်ဖူးသေးတယ်နော်။ ဦးလေးကတော့ ဒီမှာတော့ ဆလုံသဘောမျိုးလေးတွေ ပါလာတာပေါ့နော်။ ဒါလည်း ထူးဆန်းတာပဲနော်။ အဏ္ဏဝါမေ။ အဲဒါခင်သန်းနုရဲ့....

**အေဝမ်းကြည်အေး** ။ ။ First Picture ။ ကျွန်တော်တို့ က အဲဒါလေးလည်း အမှတ်ကလေးက ပြန်ပြီးတော့ စစ်ဆေးရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ခင်သန်းနုဟာ၊ ချစ်သောသူတစ်ယောက်က စတာလား။ သို့မဟုတ် တင့်လှပေဟန်က စတာလားလို့ ကျွန်တော်တို့က ထင်နေတာ။ သူ အဏ္ဏဝါမေက စတာ။ ဦးလေးက ဒါကြောင့်မို့ ကျွန်တော် ပြောတာ။ မင်းသမီးအသစ်တွေနဲ့ ချည်းပဲ ဦးလေးက။

**အေဝမ်းကြည်အေး** ။ ။ ဟားဟားဟား။

**ကြည်စိုးထွန်း** ။ ။ ပထမဆုံးကားက။

**အေဝမ်းကြည်အေး** ။ ။ 'ချစ်စေတနာ'

**ကြည်စိုးထွန်း** ။ ။ မေနန်းနွယ်၊နောက်တစ်ခါ ကျတော့ မေမြင့်ရီ၊ နောက်တစ်ခါကျတော့ ခင်သန်းနု၊ ဒါရိုက်တာဇေအောင် ခင်သန်းနုပဲ။ ထွန်းဝေကြီးနဲ့ ခင်သန်းနုနဲ့နော်။

**ကြည်စိုးထွန်း** ။ ။ နောက် တစ်ခါ စောမြတ်မွန်။

*စာမျက်နှာ ၂၇ သို့*



ခင်သန်းနု




စောငြိမ်း

*စာမျက်နှာ ၂၆ မှ*

**အေဝမ်းကြည်အေး** ။ ။ စောမြတ်မွန် က မဝင်းမြင့် ဝတ္ထု ရာဇဝင်တစ်ဝက်၊ ခေတ်တစ်ဝက်။

**ကြည်စိုးထွန်း** ။ ။ ကိုဝင်းညွန့်ရယ်၊ ခင်မောင်ဇင်ရယ်၊ ခင်သန်းနုရယ်၊ ဩော် ခင်သန်းနုနဲ့ တော်တော်များတယ်နော်။

အေဝမ်းကြည်အေး ။ ။ ခြောက် ကားလောက်ကို ဆက်ရိုက်တယ် ကျွန်တော်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား 'ပြုံးအလှပိုင်ရှင်' ခင်သန်းနုပဲ။ အဲဒီထဲမှာ ဝင်းညွန့်၊ ကြည်စိုး။

**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခါ ကျတော့ 'ညှာက်လေလား မိုးမှောင်လား'

**အေဝမ်းကြည်အေး** ။ ။ အဲဒီကားလေး ရတယ် ပိုက်ဆံ။

**ကြည်စိုးထွန်း** ။ ။ ရတယ် ဒါပေမယ့် နာမည်က တခြားနာမည်နဲ့ တင်ရတယ်နော်။

**အေဝမ်းကြည်အေး** ။ ။ ညှာက် လေလား မိုးမှောင်လား က ကျွန်တော် ဆင်ဆာတင်လိုက်တော့ ကျွန်တော့်ကို ဆင်ဆာက ဘယ်သူက Ban လုပ်လဲဆိုတော့ အရင် ကျွန်တော်နဲ့အတူတူ လုပ်ဖက် စာရေးဆရာဦးကိုကို 'ပိတောက်တွေ ပွင့်ပြန်ပေါ့' စာရေးဆရာ။

**ကြည်စိုးထွန်း** ။ ။ 'ခရုအိမ်'တို့ဘာတို့ ရေးတဲ့ ကိုကိုပေါ့။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်တယ် တော်တယ်၊ တော်တာ တော့တော်တယ်။ ဒါပေမယ့် ဇာတ်ညွှန်းရေးတာက ကျွန်တော်နဲ့တွေ့ပြီးမှ သူစရေးတတ်တာ။ ကင်မရာတွေက ဘယ်လိုဘာညာနဲ့၊ သိပ်ခင်ခဲ့တာ။ ဘယ်လိုက ဘယ်လိုပြောင်းလဲသွားလဲ မသိဘူး။ အဲဒါ သူက စာတင်လိုက်တော့ ကျွန်တော့်ကားကို Ban ပိတ်ပစ်ဖို့ကို လုပ်တာ။ အဲဒီမှာ ဦးတင်ထွန်း ဗိုလ်မှူးကြီးတင်ထွန်းက ဟာဗျာ၊ ကားကြီးက ကောင်းတယ်တဲ့။ ပိတ်တာတွေ ဘာတွေ မလုပ်နဲ့ဗျာတဲ့၊ ဘုတ်အဖွဲ့ကို နာမည်ပြောင်းလိုက်ပါတဲ့။ အဲဒီမှာ မြစိမ်းရောင်နဲ့ စောကေသီဆိုပြီး ပြောင်းလိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ပထမတော့ညှာက်လေလား မိုးမှောင်လားဆိုတဲ့ နာမည်နဲ့ ရိုက်နေရာကနေပြီးတော့ ဆင်ဆာလည်းတင်လိုက်ရော ဆင်ဆာကနေပြီးတော့ Ban လုပ်ပစ်လိုက်တာ။ သို့သော်လည်း တာဝန်ခံကနေပြီးတော့ ကားလေးကကောင်းပါတယ်။ နာမည်ပဲ ပြောင်းဆိုတော့'မြစိမ်းရောင်နဲ့ စောကေသီ' ဆိုပြီးတော့၊ အဲဒီတော့ ကံကောင်းသွားတာပေါ့ ဦးလေးနော်။

**အေဝမ်းကြည်အေး** ။ ။ ဟာသိပ်ကံကောင်းသွားတာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီဟာက ဇော်ခင်နဲ့ ခင်သန်းနုနဲ့ အဲဒါလေးလည်းကောင်းပါတယ်။ အဲဒီတော့ ဘာတွေများ ကျန်ဦးမလဲ၊ ဦးလေးနဲ့ ကျွန်တော်နဲ့ပြောလိုက်တာ။ ရုပ်ရှင်ကတော့ ကုန်သလောက် ဖြစ်သွားပြီထင်တယ်။ ထူးလည်းထူးခြားတယ်နော်။ ဦးလေးကားတွေက အင်မတန် ထူးခြားပါတယ်။ နောက်တစ်ခုက တစ်ခါမင်းသမီးတွေက ပိုထူးခြားတယ်နော်။ ခုနက အဝတ်အစားလေးတွေ...။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော်ကတော့ ထူးခြား တယ် မထင်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

**အေဝမ်းကြည်အေး** ။ ။ ဟားဟားဟား။

**ကြည်စိုးထွန်း** ။ ။ စိတ်ကူး ကောင်းတာ ပေါ့နော်။



ဒီဘက် ဗီဒီယိုခေတ်ရောက်တော့လည်း ဦးလေးက ရုပ်ရှင်ရိုက်တာပဲ။

**အေဝမ်းကြည်အေး** ။ ။ ဗီဒီယို ခေတ်မှာ ကျွန်တော် က ကြောင်ကမ္ဘာခင်ဆိုင်၊ ကိုခင်ဆိုင်က ကျွန်တော့်ကို ကားတစ်ကား ရိုက်ပေးပါဆိုတော့၊ ဆရာကြိုက်တဲ့ကားတစ်ကားရိုက်ပါဆိုတော့၊ ကျွန်တော်က ဘယ်သူ့သွားတွေ့လဲဆိုတော့ ကျွန်တော်တပည့် တီးဝိုင်းထဲမှာ သီချင်းဆိုနေတဲ့ကောင်လေးရဲ့သား သူ့သား ရန်ကျော်လေးကို သဘောကျသွားတယ်။ ရန်ကျော်လေးကို ဘာလို့သဘောကျလဲ ဆိုတော့၊ ဒီကောင်လေး ဘာလို့ထိုးပြီး ကျသွားလဲမသိဘူး။

**ကြည်စိုးထွန်း** ။ ။ ရုပ်လေးလည်း လှတယ်။ ဒေါင်ကောင်းကောင်းနဲ့။

**အေဝမ်းကြည်အေး** ။ ။ ဘာရိုက်မလဲ ဆိုတော့ ကိုခင်ဆိုင် ကျွန်တော် အဇာတသတ် ရိုက်မယ်ဗျာလို့။ ဟာ – ဆရာကျတဲ့မင်းသား ဆရာက အဇာတသတ် ရိုက်မယ်ဆိုတော့ လူတွေမုန်းသွားမှာပေါ့တဲ့။

**ကြည်စိုးထွန်း** ။ ။ ပိုဆိုးမယ်ပေါ့။

**အေဝမ်းကြည်အေး** ။ ။ ကြည့်လေဗျာလို့၊ ကျုပ်ဖမ်း ကွက်တွေ ရှိပါတယ်လို့။ ကျုပ်နောက်ဆုံးနှစ်ခန်းပဲ ဖမ်းတယ်။ အမေကို မေးတာရယ်။ အဖေသေပြီးတော့မှ နောင်တရတာရယ်။ နောက်ပြီးတော့ Music နဲ့ပတ်သက်ပြီးတော့ ဘုရားသီချင်းကို သေချာလုပ်ထည့်ပေးလိုက်တယ်။ အဲဒီမှာ ထပေါက်တာသူ။ ရသွားတယ်။ အဲဒါရယ်၊ နောက်အခု ဆရာ့ကို ကျွန်တော်ပေးတဲ့ ဒိုင်းခင်ခင်။

**ကြည်စိုးထွန်း** ။ ။ ဩော်– ဒိုင်းခင်ခင် ဩော် – သီပေါခေတ်က မောင်ဖေငယ်နဲ့။

**အေဝမ်းကြည်အေး** ။ ။ မှန်နန်းပေါ့။ အဲဒါ ကျွန်တော့် ဆရာ ဦးတင်မောင်က အဲဒီဒိုင်းခင်ခင်ကို သိပ်ရိုက်ချင်တာ။ မရိုက်သွားရဘူး။

**ကြည်စိုးထွန်း** ။ ။ ဩော် – အဲဒီတော့ ဆရာ မရိုက်ရတဲ့ဟာကို ငါရိုက်မယ်ဆိုပြီးတော့။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော် သူပြောပြော နေတာကြားနေတာ။ ဆရာ့နားအမြဲနေရတာကိုး။ အဲဒါလည်း စိတ်ကြိုက်ရိုက်တယ် ကျွန်တော်။ တက္ကသိုလ်စိန်တင်ဆီက စိမ့်(ပညာရေး) သူ့မိန်းမ။

**ကြည်စိုးထွန်း** ။ ။ သဘော ကောင်းတယ် လင်မယား နှစ်ယောက်စလုံး။ ကျွန်တော့်မွေးနေ့တိုင်း အမြဲလာတယ်။

**အေဝမ်းကြည်အေး** ။ ။ အဲဒါ ရိုက်တယ် ဒိုင်းခင်ခင်။

**ကြည်စိုးထွန်း** ။ ။ ဩော် – ဒါကတော့ တက္ကသိုလ် စိန်တင်ရဲ့ဇနီး စိမ့်(ပညာရေး) ဆီက ရတဲ့ဝတ္ထုလေးကို ။

**အေဝမ်းကြည်အေး** ။ ။ နောက် ဇမ္ဗူအေး ရုပ်ရှင် မှာ ကျွန်တော် ကျော်ဟိန်းနဲ့ ကျွန်တော်ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦး ဦးလေးရဲ့။

**အေဝမ်းကြည်အေး** ။ ။ ကျော်ဟိန်း ရယ်။ စန္ဒာရယ် နောက်ပြီးတော့ ချစ်စံပယ်ရယ်။ နောက်ပြီးတော့ မောင်ယဉ်ထွေးရယ်။

**ကြည်စိုးထွန်း** ။ ။ ထူးထူး ခြားခြား တော်တော့် ကို စွန့်စွန့်စားစားရိုက်ထားတဲ့ ကားပါ။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော် အဲဒီက အဆန်း ဘာထွင်လိုက်လဲဆိုတော့ အဲဒီတုန်းက စတန့်တွေ ပျောက်နေတဲ့ခေတ်မှာ ကျွန်တော် ကွမ်လောက် ဟိုတယ်ပေါ်ကနေပြီးတော့ ကျော်ဟိန်းအစားထိုး။ နောက် ပေ ၆၀ လောက်မြင့်တဲ့ တိုက်နှစ်တိုက်ကြားကို လုံးတုတ်တဲ့ ဝါးလှေကားကြီးနဲ့ ဟိုဘက်ဒီဘက်ကိုကူး အဲဒါတွေရိုက်ခဲ့တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့ ကားနာမည်လေး မှတ်မိသေးလား။

**အေဝမ်းကြည်အေး** ။ ။ ရာ သက် ပန် မေတ္တာ။

**ကြည်စိုးထွန်း** ။ ။ ဩော်–ရာသက်ပန် မေတ္တာ ဦးလေး သတိရလို့သာနော်။ ကျွန်တော်ကအသက်ကြီးတော့သိပ်သတိမရတော့ဘူး။ ဦးလေးကမှ သတိရသေးတယ်။

**အေဝမ်းကြည်အေး** ။ ။ကျွန်တော်ကငယ်ပါသေးတယ် ဟား ဟား ဟား ဟား။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်၊ အဲဒီကားက ကျွန်တော် ဘာလို့တုန်းဆိုတော့ အဲဒီရဲ့သတင်းလေးတွေ တွေ့ဖူးတာပေါ့။သတင်းလေးတွေ တွေ့ဖူးတာ ကျွန်တော်ထည့်ပေးမယ် ဦးလေး။ ကျော်ဟိန်း မင်းသားဖြစ်ခါစ။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်တယ် အဲဒီကားက တော်တော်ရသွားတယ်။ အဲဒီကားလည်း။

**ကြည်စိုးထွန်း** ။ ။ မင်းသား ဖြစ်ခါစ ဆိုတော့ နည်းနည်း ပြောလို့ ဆိုလို့ ကောင်းတာပေါ့။ ဟားဟားဟားဟား။ ဒါက သဘာဝကိုး ဦးလေးရဲ့။ ကောင်းပါတယ် ဦးလေးရယ်။ ဦးလေးနဲ့စကားပြောရတာ ကျွန်တော်တော်တော်လည်းပျော်ပါတယ်။ နောက်မသိတာတွေလည်း သိရတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ဟိုဗဟုသုတတွေလည်း အများကြီးရတယ်။ နောက်ကျွန်တော်ကြည်ညိုတဲ့အသိုက်အဝန်းမှာနေလာရတာဆိုတော့ အဲဒီရဲ့ အကြောင်းတွေကြားရတာလည်း ကျွန်တော့်မှာ အများကြီး ကုသိုလ်ရပါတယ်။ အသက် (၈၄) နှစ်သာ ရောက်နေပေမယ့် (၄၈) နှစ်အရွယ်လောက် တစ်ခါတည်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပြောသွားတဲ့ဦးလေးကိုလည်း။

အေဝမ်းကြည်အေး ။ ။ ကျွန်တော်(၄၈)နှစ်တောင် ကျွန်တော့် ကိုယ်ကျွန်တော် မထင်ဘူး။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦး ဦးလေးရဲ့။

**အေဝမ်းကြည်အေး** ။ ။ အစိတ်လောက်ပဲ ထင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟား ဟား ဟား ဟား ဖြစ်လောက်တယ်။ ကျွန်တော်က ကြားကြားနေတာ။ ဦးလေးကတဲ့၊ မြောက်ဒဂုံသာရောက်လာတာတဲ့။ မြို့ထဲလည်း ရောက်ရောက်လာတယ်တဲ့။ တစ်ခါကျတော့ သမန်းကျားကိုမြင့်တို့ကလည်းပြောတယ်။ ဟာ ရောက်ရောက်လာတယ်ဗျ။ ဦးလေးကလည်း အသက်သာကြီးတာတဲ့။ ဝမ်းသာပါတယ် ဦးလေးရယ်။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော့်သားတွေ တူတွေလိုပဲ။ သူတို့ကလည်း အစ်မကြီး မခင်လှဲက အစ ကျွန်တော့်ကို သွေးသားအရင်းလိုပဲ။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။ အေဝမ်းအုပ်စု တွေကိုး။ အေဝမ်းမိသားစုတွေကိုး။ ဟုတ်ကဲ့ ဟုတ်ကဲ့ ။ ဝမ်းသာပါတယ် ဦးလေး။ ဘာများ ဒီပရိသတ်ကို ပြောစရာ သို့မဟုတ် ဒီမျိုးဆက်သစ်တွေကို ပြောစရာများ။

**အေဝမ်းကြည်အေး** ။ ။ ဩော် ကျွန်တော် ပထမပိုင်းက ပြောသွားသလိုပဲ။ ကနေ့ Music သမားတွေထဲမှာ ဗမာဂီတာကို သေချာတီးကြပါ။ ဗမာဂီတာဟာ ကျွန်တော်စောစောက တင်ပြသွားသလိုပဲ၊ သိပ်အရသာရှိတာပဲ။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့ဦးလေး ရယ်။ ကျွန်တော်တို့လည်း ကိုစောငြိမ်းတို့သီချင်းတွေ နားထောင်ရရင် သိပ်ကောင်းတာပဲ။

**အေဝမ်းကြည်အေး** ။ ။ အဲဒါ တစ်ခုရယ်၊ နောက်ပြီး တော့ ရှေးဆရာကြီးတွေ ရိုက်သွားတဲ့ ရိုက်ချက်တွေဟာ မမေ့ကြဖို့ ပြန်လေ့လာပါ၊ ပြန်စုပါ၊ အလကားလုပ်သွားတာ တစ်ခုမှမပါဘူး။ အဲဒါပဲ အနုပညာပိုင်းကနေပြီး ရုပ်ရှင်နဲ့ ဂီတကို အဲဒါကိုကျွန်တော်ကနောက်မျိုးဆက်သစ်တွေ ဆက်လက်ကြိုးစားပေးပါလို့ ပြောချင်ပါတယ်။ နောက်ပြီးတော့ ဆရာနဲ့ ဒီတစ်ဖွဲ့လုံးကိုလည်းကျွန်တော့်ကို မှတ်တမ်းတစ်ခု လုပ်ပေးတဲ့အတွက်အထူးပဲကျေးဇူးတင်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ပါ ဦးလေးရဲ့။ ကျွန်တော်တို့က လုပ်သင့်လုပ်ထိုက်လို့ လုပ်ရတာကိုး။ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးတို့အသက်အရွယ်တွေ၊ ဦးလေးတို့ အတွေ့အကြုံတွေကို ကျွန်တော်တို့က ဒါဂုဏ်ပြုတဲ့အနေနဲ့၊ ကန်တော့တဲ့အနေနဲ့ လုပ်ပေးရတာပါ။ မှတ်တမ်းတွေ ကျန်သင့်ပါတယ် ဦးလေးရဲ့နော်။ နောက်ပြီးတော့ အချုပ်ဆိုရရင် ဦးလေးဟာ ဂီတနဲ့ ပတ်သက်လာရင် ဂီတနယ်ပယ်မှာ ဂစ်တာကိုတော့ မမေ့ကြပါနဲ့။ ဂစ်တာဟာ စောစောက ဦးလေးပြောသလိုပေါ့။ အပျော့လည်းရ၊ အမာလည်းရ၊ အခံလည်းရ အဲဒီလို ပစ္စည်းမျိုးဖြစ်တဲ့အတွက် ဒါကိုလည်း ပြန်ဖော်ထုတ်ကြပါ။ ကျွန်တော်တို့ ဆိုလည်း တကယ်ပါ ကျွန်တော်တို့ အသက်အရွယ်အရ ပြောရမလားတော့ မဆိုနိုင်ဘူး၊ ခုနက ကိုစောငြိမ်းသီချင်းတွေ ကြားရတယ်ဆိုရင် ဒီဂစ်တာကြီးနဲ့ ဖွဲ့နွဲ့သွားတာဟာ အင်မတန်ကို ရင်ထဲကို ရောက်ပါတယ်။ အဲဒီတော့ ဦးလေးပြောသလိုပေါ့။ ဂစ်တာကိုလည်း မမေ့ကြပါနဲ့။ နောက် နောင်မျိုးဆက်သစ် ရုပ်ရှင်သမားများ အနေနဲ့ကလည်း ရှေးက ဆရာ့ ဆရာကြီးများရဲ့ လက်ရာကို အလေးထားပြီး ကြည့်ရှုပေးပါ။ ကောင်းပါတယ် ဦးလေးရယ်၊ အဲဒီအဆုံးအမက သူတို့ကိုပြောသလို ကျွန်တော့်ကိုလည်း ပြောသလိုပဲ ကျွန်တော် ခံယူပါတယ်။ ကျွန်တော်လည်း ဒါကိုတော့ လေးစားပါတယ်။ ကျေးဇူးတင်ပါတယ် ဦးလေးရယ်။ တကယ် အထူးကျေးဇူးတင်ပါတယ်။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော်လည်း ကျေးဇူး တင်ပါတယ်။ ။





# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် သတိပေး နှိုးဆော်

**သုံးခွ ဇွန် ၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများ စိုက်ထူခြင်းကို ယမန်နေ့ နံနက် ပိုင်း က မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**



မိုးဖြိုင်ဖြိုင်ရွာသော မေလ နှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လ များတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့်ပြည့် နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါး ထီးကြီးများသည် ဥချရန် နေရာ ရှာ၍ ငါးရစ်တက်ပါကြောင်း၊ ထိုငါးရစ်များကို ဖမ်းဆီးလိုက် ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါး သားပေါက်များသည် သေကျေ ပျက်စီးကာ ရေရှည်စဉ်ဆက် မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက် အကူမပြုတော့ဘဲ ငါးမျိုး ပြုန်းတီးသွားနိုင်ပါကြောင်း၊ ထို့ကြောင့် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီး ခြင်းမပြုစေလိုကြောင်း မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးတင်ဝင်းက ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါး လုပ်ငန်းဦးစီးဌာနမှ အမိန့် ကြော်ငြာစာအမှတ် (၂/၉၂) ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြု ချက်မှတစ်ပါး ငါးများ ဖမ်းဆီး ခြင်းမပြုရန် တားမြစ်ထားပြီး အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်း ဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်း ဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးခံရ မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့ သကြားစက်ရုံတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်



**အုတ်တွင်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူ မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားရှိ သော အုတ်တွင်းသကြားစက်ရုံ သည် ကိုဗစ် ၁၉ ကာလအတွင်း စက်ရုံ ပိတ်ထားရသည့်အတွက် အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲ အခမ်းအနားကို အုတ်တွင်း သကြားစက်ရုံ အစည်းအဝေးခန်းမ၌ ယမန်နေ့ က ပြုလုပ်သည်။

၁၅ ရက် ကြာ ပိတ်ထားခဲ့ သော အချိန်ကာလအတွင်း လုပ်ခလစာငွေ လျော့နည်းသွား သော အာမခံ လုပ်သား ၂၀၉ ဦးအား ၄၀ ရာခိုင်နှုန်း အကျိုး ခံစားခွင့် ငွေကျပ် ၇၉၅၉၆၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယနေ့ ပြုလုပ်သည့် အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ပညာ ရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ကျော်၊ မြို့နယ်လူမှုရေးရုံး ရုံးခွဲတာဝန်ခံ ဒေါ်တင်စိုးနွယ်နှင့် တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## ကိုဗစ် - ၁၉ ကာလအတွင်း ငါးစားသုံးမှုမြှင့်တင်ရေးဆောင်ရွက်

**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဇွန် ၇ ရက်မှ စ၍ ကိုဗစ် – ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးကာလတွင် ငါးစားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးရှိစေခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် အား ပညာပေးလက်ကမ်းစာစောင်ဆောင်ရွက် ခြင်း နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ **(အောက်ပုံ)**

ယင်းနောက် ကန်သာယာ ဈေး၊ သီရိရတနာဈေး(ဈေးဟောင်း)၊ မန်ကျည်းပင်ဈေး၊ နန္ဒနဝန်ဈေးများ တွင် ဗီနိုင်းပိုစတာစိုက်ထူခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**




## ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ ထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန် အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက် ထည့်သွင်း၍သော်လည်းကောင်း၊ G–mail(သို့မဟုတ်) Viber ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G–mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်– ၀၉–၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်း နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်–၀၁–၅၅၉၁၁၈၊ ၀၉–၄၂၀၁၁၄၀၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်းသတင်းစာတိုက်


## မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့ဝင်တစ်ဦးအတွက် ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်တင်မြှောက်ရေးအဖွဲ့

**အမှတ်–၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

ရက်စွဲ။ ။ ၅–၆–၂၀၂၀

မြန်မာနိုင်ငံဆေးကောင်စီ၊ ဒုတိယသက်တမ်းအတွက် အဖွဲ့ဝင်များထဲမှ ရန်ကုန် တိုင်းဒေသကြီးအတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ဆရာဝန် ကိုယ်စား လှယ်တစ်ဦး ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက်၊ (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီတွင် ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ပါသည်။

ဆေးကောင်စီဝင်အဖြစ် ရွေးချယ်ခံမည့်သူ၏ သတ်မှတ်အရည်အချင်းများ

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရမည်။
(ခ) ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူဖြစ်ရမည်။
(ဂ) ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်သည့်ရက်တွင် ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)ပါ ဘွဲ့တစ်ခုခုကို ရရှိခဲ့ပြီး ဆေးကုသခွင့်လိုင်စင် ရရှိထားသော မှတ်ပုံတင်ဆရာဝန် ဖြစ်ရမည်။
(ဃ) ဥပဒေပုဒ်မ(၅၈)၊ ပုဒ်မ (၅၉)၊ ပုဒ်မ(၆၀)နှင့် ပုဒ်မ(၆၁)အရ ပြစ်ဒဏ် တစ်ရပ်ရပ်ချမှတ်ခြင်း မခံရဖူးသူ ဖြစ်ရမည်။
(င) ဆေးကောင်စီဝင်အဖြစ် ရွေးချယ်ခံရပါက မိမိကိုယ်စားပြုသော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအတွင်း အနည်းဆုံးကောင်စီဝင် သက်တမ်း တစ်ခုနေထိုင်နိုင်သူ ဖြစ်ရမည်။
(စ) ဥပဒေ ပုဒ်မ(၅၁)အရ ဆေးကုသခွင့်လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရခြင်းမဟုတ်သူဖြစ်ရမည်။
(ဆ) ဆန္ဒမဲပေးသည့်ရက်တွင် ဆေးကုသခွင့်လိုင်စင်နှင့် သန်းခေါင်စာရင်းမိတ္တူ (သို့မဟုတ်) ရပ်ကွက်ထောက်ခံချက် တစ်ပါတည်းယူဆောင်လာရမည်။

ဆေးကောင်စီဝင်အဖြစ် ရွေးချယ်ခံလိုသူသည် ၈–၆–၂၀၂၀ ရက်မှစ၍ မြန်မာနိုင်ငံဆရာဝန်အသင်းတွင် အမည်စာရင်း တင်သွင်းလွှာပုံစံထုတ် ယူပြီး ၁၆–၆–၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၄: ၀၀ နာရီနောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

၁၈–၆–၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီမှ ၁၄:၀၀ နာရီအတွင်း မဲပေး ရွေးချယ်မည်ဖြစ်ပါ၍ ကြွရောက်မဲပေးကြပါရန် တစ်ပါးတည်း နှိုးဆော် အပ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ မရှင်းလင်းသော အချက်များရှိပါက ၈–၆–၂၀၂၀ ရက်မှ ၁၆–၆–၂၀၂၀ ရက်အထိ မွန်းလွဲ ၁:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့ရုံးခန်းတွင် လာရောက်တွေ့ဆုံမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရွေးချယ်တင်မြှောက်ရေးအဖွဲ့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)**

**အုတ်တွင်းမြို့နယ် တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် –၂၁**

| | | |
|---|---|---|
| မနီအေး | နှင့် | ဒေါ်ခင်ရွှေ ပါ–၆ |
| **တရားလို** | | **တရားပြိုင်များ** |

အုတ်တွင်းမြို့၊ ကန်ကလေးကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာနေ ကိုဇော် လွင်ဦး(ဘ) ဦးကျင်ဆိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို မနီအေးက အမွေပုံစံ စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင် သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၆ ရက် (၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆို ခဲ့သော ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက် ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(သိဂ်ီဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
အုတ်တွင်းမြို့နယ်တရားရုံး


## ပုလဲမြို့သစ် မြေကွက်ရောင်းမည်

အမှတ် ၃ လမ်း နှင့် ပြည်လမ်းတို့မှ ဝင်နိုင်။ ဗိုလ်ခြုံလမ်းမကြီးမှ ဝင်လျှင် ဒုတိယလမ်း၊ အေးသာယာ ၃ လမ်း၊ ထောင့်ကွက်။ ၆၀ပေ × ၅၀ပေ၊ ပါမစ်မြေ။ အရှေ့လှည့်။ ကွန်ကရစ်လမ်းခင်းပြီး။ (၅၂၀)သိန်း ညှိနှိုင်း :09-43021002


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ အထက်ပိုင်းရပ်ကွက်၊ အနော်ရထာ လမ်း၊ ကွင်းအမှတ်–၁၀(ဘောလုံးကွင်းတောင်)ဦးပိုင်အမှတ်–၁၂၊ ကွင်းအမှတ်(၁၂)၊ ဧရိယာ ၀ဒသမ၀၈၆ဧကရှိ ဦးချန်အာလီအမည်ပေါက် ဂရန်မြေကို ၂၀၁၃ ခုနှစ်တွင် ဦးစိုးညွန့်ထံမှ ကျွန်ုပ်အမှုသည် ဦးထွန်းထွန်းဦး (ဘ)ဦးကက်ဟုတ်မှ အိမ်နှင့်မြေကို ဝယ်ယူနေထိုင်လာခဲ့ပြီး တရားဝင်စာချုပ်အား စာချုပ်အမှတ်–၁၀/၂၀၂၀ဖြင့် ၂၃–၄–၂၀၂၀ရက်တွင်နှစ်ဦးသဘောတူမြေနှင့် အဆောက်အအုံအရောင်းအဝယ်ကတိစာချုပ်အားချုပ်ဆိုထားရှိပြီးဖြစ်ပါသည်။ ဖော်ပြပါ ဂရန် မြေကို ဦးထွန်းထွန်းဦး ၁၄/အမန(နိုင်)၀၁၁၂၉၀ မှ ၎င်းအမည်ဖြင့် ဂရန်သက်တမ်းတိုးအမည် ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြေညာသည့်ရက်မှစ၍ ၁၅ရက် အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးယဉ်ထွေး(LL.B)
အထက်တန်းရှေ့နေ၊ အမှတ်စဉ်–၁၈၅၁၉
အမှတ်(၂၀၃)ကျွန်းစု၊
စာချွန်ခံရပ်ကွက်၊ အိမ်မဲမြို့


FAME ဆေးဝါးအားလုံးနှင့် ကျန်းမာသုတစာအုပ်များကို ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ။




FAME 01-3681908 09-752721908 09-954271908

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

### မန္တလေး

### အသက်(၈၈)နှစ်

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း–ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယ အမှုဆောင်အရာရှိချုပ်–KBZ Bank )၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်–KBZ Bank) နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ –KBZ Bank) တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမော်–ဒေါ်ခင်ခင်လေး**
**သား– Dr.ဟိန်းထက်အေး**
**သမီး– Dr. ခင်လင်းမော်**
**Forever Group မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

### မန္တလေး

### အသက်(၈၈)နှစ်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏နာယက၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက–KBZ Bank/KBZ Group)– ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

## ဒေါက်တာခင်မောင်ဆွေ

### မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ
### အငြိမ်းစား သင်္ချာပါမောက္ခ
### အမျိုးသားစာပေဆုရှင်
### အသက်(၈၄)နှစ်

တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ(ဦးဘအောင်–ဒေါ်တင်မြ)တို့၏သား၊ အာဇာနည်ခေါင်းဆောင်ကြီး(ဝန်ကြီးမန်းဘခိုင်–ဒေါ်ခင်နီ)တို့၏သားသမက်၊ အငြိမ်းစား သင်္ချာပါမောက္ခ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်း၊ ကိုဆွေခိုင်(TOTAL E&P MYANMAR)– မတိုးတိုးငယ်၊ ကိုညီညီဆွေခိုင်(THANLWIN DRAGON Company)–မခိုင်သဇင်၊ ကိုပြည်စိုးဆွေခိုင်(ACUTE BUSINESS SERVICES)–မခိုင်သဇင်ထွန်းတို့၏ဖခင်၊ နေထက်ဟိန်း၊ မိုးထက်ဟိန်း၊ မြမှူးခိုင်၊ ဆွေသဇင်ခိုင်တို့၏အဘိုးသည် ၇–၆–၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

### မန္တလေး

### အသက်(၈၈)နှစ်

COVID–19 Pandemic အတွက် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/KBZ Group)– အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**COVID–19 စားနပ်ရိက္ခာထောက်ပံ့ရေး**
**ကော်မတီဝင်များနှင့် ပရဟိတအဖွဲ့ဝင်များ**
**တောင်ကြီးမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၁၉–၂၀၂၀) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဖြည့်စွက် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ရေးစီမံကိန်း၏ ကမ်းနားလမ်းတစ်လျှောက်ရှိ ဆင်ခြေလျှောတံတား (Ramp Bridge)နှင့် မလွတ်ကင်းသည့် 66KVA မဟာဓာတ်အားလိုင်းကြိုးရွှေ့ပြောင်းထည့်သွင်း တည်ဆောက်ရန်အတွက် 1.8 Kilometer ခန့်အရှည်တွင် (1.75 meterx1.75 meterx1.5 meter) Precast Box Culvert များ နေရာချထားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန် ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** – ၈–၆–၂၀၂၀ရက် နံနက် ၁၀နာရီ
(ခ) **တင်ဒါအရောင်းပိတ်မည့်ရက်/အချိန်** – ၇–၇–၂၀၂၀ရက် မွန်းတည့် ၁၂နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** – ၈–၇–၂၀၂၀ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** – မြန်မာ–ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းကွပ်ကဲရေးရုံး၊ ရှင်းလင်းဆောင်၊ ဘုန်းကြီးလမ်းထိပ်ကမ်းနားလမ်းသစ်

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများအား ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၁)၊ သာကေတမြို့နယ်နှင့် လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းထိပ်၊ ကမ်းနားလမ်းသစ်ပေါ်တွင်ရှိသော ဒလတံတားစီမံကိန်းရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း–၀၉–၄၃၁၃၁၄၅၁ နှင့် ၀၉–၄၂၀၁၆၉၅၉၅ တို့ကို ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank Ltd.) ၏ မိခင်ကြီး ဒေါ်သိန်းတင် (၈၈) နှစ်သည် ၇–၆–၂၀၂၀ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်၊ ဇနီး ဒေါ်ဌေးဌေးခိုင်နှင့် မိသားစု**
**ဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်**
**မြန်မာနေရှင်နယ် လိဂ်ကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း(နာယက၊ KBZ Bank Ltd.) ၏ မိခင်ကြီး ဒေါ်သိန်းတင် (၈၈) နှစ်သည် ၇–၆–၂၀၂၀ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊**
**MNL ကလပ်အသင်းပိုင်ရှင်များ၊**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာခင်မောင်ဆွေ
### မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ
### အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင်
### အသက်(၈၄)နှစ်

မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင် ဒေါက်တာခင်မောင်ဆွေသည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**
**ဦးသိန်းထွန်း–ဒေါ်အေးအေးခိုင်**
**ဦးဌေးမြင့်–ဒေါ်ယဉ်အေးမင်း**
**ဦးမျိုးတင့်–ဒေါ်ချိုချိုလှ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ သော်ကမြိုင်(၃)လမ်းနှင့် နှင်းဆီလမ်းထောင့်၊ အမှတ်(၁၀၇၂)နေ ဦးနိုင်မင်း ၁၂/ဒဂဆ(နိုင်)၀၀၉၁၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ ဦးနိုင်မင်း ၁၂/ဒဂဆ(နိုင်)၀၀၉၁၂၂ ၏ ဇနီးဖြစ်သူ ဒေါ်စုစုလင်း ၁၄/ညတန(နိုင်)၁၇၅၇၈၃သည် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စများကို ပြုလုပ်ကျူးလွန်ပြီး နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ဒေါ်စုစုလင်းအား ဇနီးမယားအဖြစ်မှ စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မျိုးမျိုးသိန်း (စဥ–၄၀၈၄၇)**
**အထက်တန်းရှေ့နေ**
**အမှတ်–၃၈၇(က)၊ ဒေါနလမ်း၊ (၈၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

## ဖြည့်စွက်ဖတ်ရှုပါရန်

၄–၆–၂၀၂၀ရက်ထုတ် ဤသတင်းစာ (စာ–၂၇)ပါ ကန့်ကွက်နိုင်ကြောင်း ဒေါ်ဆန်သီးကြော်ငြာတွင် အဆောက်အအုံ ဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေးဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းမူမြို့၊ အထက(၁)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မအေးမိစံ(ခ)မစိန်မြင့် ၁၄/မမက(နိုင်)၀၀၅၄၈၈ နှင့် အခြေခံပညာ အထက်တန်းအောင်လက်မှတ်ပါ မအေးမိစံတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးမိစံ(ခ)မစိန်မြင့်

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

### မန္တလေး

### အသက်(၈၈)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(SSSCCI)၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/KBZ Group)– အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ် တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသား စုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(SSSCCI)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

### အသက်(၈၈)နှစ်

KBZ Group နာယကကြီး ဦးအောင်ကိုဝင်း–ဒေါ်နန်းသန်းထွေးတို့၏ မိခင် ဒေါ်သိန်းတင်သည် ၇–၆–၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမိုးဆန်းအောင်၊ ဒေါ်ခင်မျိုးဆွေ**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းတင်(မန္တလေး)
### အသက်(၈၈)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ (ဦးစံဘ-ဒေါ်အေးကြည်) တို့၏သမီး၊(ဦးစိန်-ဒေါ်သိန်း)တို့၏ချွေးမ၊ ဦးတင်ယု၏ဇနီး၊ သားသမီး ခုနစ်ယောက်တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မြေး ၁၂ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ၅:၄၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းတင်
### အသက်(၈၈)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂ နေ ဦးတင်ယု ၏ ဇနီး၊ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ချစ်လှစွာသော မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းတင်
### မန္တလေး
### အသက်(၈၈)နှစ်

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank) နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ -KBZ Bank) တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းတင်
### မန္တလေး
### အသက်(၈၈)နှစ်

COVID-19 Pandemic အတွက် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက - KBZ Bank/KBZ Group)-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Excellent Myanmar Co.,Ltd**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းတင်
### မန္တလေး
### အသက်(၈၈)နှစ်

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank) နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ -KBZ Bank) တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့**
**KBZ Group of Companies**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းတင်
### မန္တလေး
### အသက်(၈၈)နှစ်

COVID-19 Pandemic အတွက် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက - KBZ Bank/KBZ Group)-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ် တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Excellent Myanmar**
**Development Group**

---

# ဒေါ်စိန်ဝင်း(ကန်တော်ကလေး)
### အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် ၃၃နေ (ဦးဖိုးအောင်-ဒေါ်ခင်စိန်) တို့၏သမီး၊ (ဦးဖိုးထောင်)၏ညီမ၊ (ဦးမြင့်စိုး)၊(ဒေါ်စိန်ရင်)၊(ဦးခင်မြင့်)၊(ဒေါ်လှကြည်)တို့၏အစ်မ၊ ဦးထွန်းမြင့်(မြေတိုင်းဦးစီးဌာန)၏အစ်မ၊ တူ/တူမ ခုနစ်ယောက်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၆-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
## ပစ္စည်းလေးပါး သာသနာ့ ဒါယကာကြီး
# ဦးသောင်းညွန့်
### အသက်(၆၀)

ရန်ကုန်မြို့၊ အင်းလျားလမ်းနေ (ဦးဘိုရီ-ဒေါ်အုန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းနေ (သခင်သာခင်)-ဒေါ်မြသန်းတင် တို့၏ သားသမက်၊ မန္တလေးမြို့နေ (ဒေါ်တင်အိ)၊ ဦးကြီးမောင်တို့၏တူ၊ ဦးဘောဂ၏ညီ၊ ဦးမိုးကြွယ်-ဒေါ်ကျော့ကျော့စိန်၊ ဒေါက်တာမျိုးလွင်-ဒေါ်လှထွေးဥ၊ ဦးနန္ဒသာခင်-ဒေါ်သက်သက်စိုးတို့၏အစ်ကို၊ သံလွင်လမ်းနေ ကိုပြည့်စုံ-မလင်းဝတ်မှုံ၊ ကိုမင်းလှိုင်ဖြိုး-မသုန္ဒရီတို့၏ချစ်လှစွာသောဖခင်၊ မောင်သူရိယပြည့်စုံ၏အဘိုး၊ ဒေါ်ဥမ္မာသာခင်၏ချစ်လှစွာသော ခင်ပွန်းသည် ၆-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်အေး အသက်(၉၅)နှစ်
### Modern House Furniture

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၇၂)နေ (ဦးလှရွှေ)၏ ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း-ဦးရန်အောင်၊ ဦးသိန်းမြင့်-ဒေါ်ခင်အေးရီ၊ ဦးထွန်းအောင်-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ မြေး လေးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၆-၆-၂၀၂၀ရက် (စနေနေ့) ညနေ ၃:၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေး အအေးတိုက်မှ တရုတ်ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကျော်သာ [နော်မံ/အထက (၂)စစ်တွေ]
### အသက်(၈၀)

အပူဇော်ခံဆရာဦးအောင်ကျော်သာသည် ၆-၆-၂၀၂၀ရက် ညနေ ၅နာရီတွင် စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ ချောင်းနားလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် အထက(၂) ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

အထက(၂)ကျောင်းတော်ကြီး စည်းကမ်းစနစ်ကျနစွာ၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်း၊ အာစရိယပူဇော်ပွဲစတင်ကျင်းပနိုင်အောင် နှိုးဆော်တိုက်တွန်းခြင်းတို့အတွက် အထက(၂)စစ်တွေတွင် ဆရာ့ပုံရိပ်ထင်ကျန်သတိတရရှိနေကြပါလိမ့်မည်။ ဆရာကောင်းရာဘုံဘဝမှာ စံပျော်နိုင်ပါစေ။

**[နော်မံ/အထက(၂) စစ်တွေ ကျောင်းသား/ကျောင်းသူဟောင်းများ]**

---

# ဝမ်းနည်းကြေကွဲခြင်း

၁၉၈၄၊ ပျဉ်းမနား(ရေဆင်း)လူငယ်အခြေစိုက်လုပ်အားပေးစခန်းမှာ ချွေးနဲ့ရင်းပြီး အတူတူလုပ်အားပေးဆုံစည်းခင် မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ ပြန်လည်ဆုံစည်းကြတာ တစ်နှစ်မပြည့်သေးချိန်ပါ။ သူငယ်ချင်း ကသ-၁၇ ဦးဦးမောင်သန်း (၅၇)နှစ်၊ စစ်တွေ၊ ၂၆-၅-၂၀၂၀ရက်မှာ ကွယ်လွန်ပြီးလို့မှ မကြာသေးခင် သူငယ်ချင်း၊ ကသ-၃၇၊ ကျော်လွင်ဆန်း (၆၀)၊ ဟသ်ာတ၊ ၄-၆-၂၀၂၀ရက် ကွယ်လွန်ပြီး တို့ကိုရုတ်တရက် နှုတ်မဆက်ဘဲခွဲခွာသွားတာကြောင့် မင်းတို့မိသားစုတွေနဲ့အတူ ဝမ်းနည်းကြေကွဲရပါတယ်။ ချွေးချင်းဆုံသလို ရင်ဘတ်ချင်းလည်း ထပ်တူကျခဲ့ကြတဲ့ သူငယ်ချင်းတို့ ကောင်းရာသုဂတိ ရောက်ရှိကြပါစေလို့ ၈၄ (ရေဆင်း) ညီအစ်ကို မောင်နှမတွေက ဆုတောင်းပေးလိုက်ပါတယ်။ တို့အတူတူပြုခဲ့တဲ့ ကုသိုလ်အပါအဝင် ကုသိုလ်အဖို့အားလုံး မင်းတို့အတွက် အမျှပေးဝေလိုက်ပါတယ်။

**၁၉၈၄ ရေဆင်းလုပ်အားပေး ညီအစ်ကိုမောင်နှမများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မြလွင်(ညောင်တုန်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ(၃)လမ်း၊ အမှတ်(၁၀)နေ (ဦးမှန်-ဒေါ်အေးတင်) တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ (ဒေါ်မြမေ)၊ (ဒေါ်မြရွှေ)၊ (ဒေါ်မြကြည်)တို့၏ညီမ၊ (ဦးတင်အုန်း)၏အစ်မ၊ (ဒေါ်ပြုံးပြုံးရီ)၊ ဦးချိုမြင့်-ဒေါ်စန်းမာ၊ ဦးချိုဝင်း -ဒေါ်ခင်မျိုးဝင်း၊ (ဦးချိုအေး)၊ ဦးတင်ဝင်း-ဒေါ်မိုးမိုးအေး(Asia Gold)၊ ဒေါ်သင်းသင်းအေး၊ ဦးအောင်မြတ်စိုး(သက်ခိုင်)(Managing Director-မုခ်ဦးပညာရေး) တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၃:၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန် လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်း ထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူ ချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပြင်သစ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် ဇွန် ၇**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြင်သစ်၊ အီတလီနှင့် နယ်သာလန်နိုင်ငံတို့သို့ ရောက်ရှိနေသည့် ရှန်ဟိုင်းအခြေစိုက် Norwegian Cruise Line Holding Ltd. ကုမ္ပဏီ၏ ကမ္ဘာလှည့်သင်္ဘောများပေါ်မှ မြန်မာသင်္ဘောသား စုစုပေါင်း ၈၃ ဦးတို့အား ပါရီမြို့အခြေစိုက် Amelia Airlines မှ စီစဉ်ပေးသည့် အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဓာတ်ပုံ)

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်

*စာမျက်နှာ ၉ ကော်လံ ၃* ❑

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စ၁ ၁၅

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၇**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇွန် ၆ ရက် ညနေ ၆ နာရီတွင် ၅၁ ဦးနှင့် ဇွန်လ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ၅၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၂ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၀၂ ဦးမှာ အမျိုးသား ၆၀၊ အမျိုးသမီး ၄၂ ဦး ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ သုံးဦး၊ ရှမ်းပြည်နယ်မှ ၅၁ ဦးနှင့် ရခိုင်ပြည်နယ်မှ ငါးဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် ဧပြီ ၃၀ ရက်မှ ဇွန် ၇ ရက်အထိ အမျိုးသား ၅၇၀၃ ဦးနှင့် အမျိုးသမီး ၄၂၆၁ ဦးတို့ ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၉၉၆၄ ဦးကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင် (ပြန်/ဆက်)

## ခံစစ်ကစားသမား ရူဂါနီကို အပြိုင်ခေါ်ယူမည့် အာဆင်နယ်နှင့် ဝုဖ်

ဂျူဗင်တပ်စ်ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ရူဂါနီသည် လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိနေပြီး အဆိုပါ အီတလီခံစစ်ကစားသမားကို အာဆင်နယ်နှင့် ဝုဖ်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၅ နှစ် အရွယ်ရှိ အဆိုပါ ခံစစ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီ နည်းပြသစ်ဆာရီ၏ လက်အောက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသူဖြစ်ပြီး စီးရီးအေ၌ ပွဲအနည်းငယ်သာ ကစားခွင့် ရထားသေးကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❊



ဂျူဗင်တပ်စ် နောက်ခံလူ ရူဂါနီ



## နိုင်ငံတော်မှ ငွေကျပ် သုံးဘီလီယံအကုန်အကျခံတည်ဆောက်ပေးသော ညောင်တုန်းမြို့ မြစ်ကမ်းထိန်းလုပ်ငန်း ပြီးစီးတော့မည်

**ညောင်တုန်း ဇွန် ၇**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလဆန်းပိုင်းက ပေ ၆၅၀ ခန့်ကွဲအက် ကျိုးပြတ်ပျက်စီးသွားခဲ့သော ညောင်တုန်းမြို့ ၂၁ လမ်း၊ ၂၂ လမ်း ပန်းလှိုင်မြစ်ကမ်းရေကာတာကို အရှေ့ဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တင်ဒါခွင့်ပြုငွေကျပ်သန်း ၂၉၆၄ ဒသမ ၀၀ (၃ ဘီလီယံနီးပါး) တင်ဒါ အောင်မြင်ခဲ့သဖြင့် ညောင်တုန်းမြစ်ကမ်းထိန်းလုပ်ငန်းကြီး အချိန်မီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ အပြီးသတ် အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)

ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နိုင်ငံတော်အစိုးရ) နှင့် နယ်သာလန်နိုင်ငံမှ ရေကြောင်းဆိုင်ရာ ပညာရှင်များ ညှိနှိုင်းဆောင်ရွက်ထားသော ဒီဇိုင်းပုံစံအတိုင်း

*စာမျက်နှာ ၉ ကော်လံ ၃* ◆